
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၁၂၅/၂၀၀၂ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ၁၀၄၇/၂၀၀၂ (၁၂)

❐

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီ
အုပ်ရေ ၅၀၀

❐

**အဖုံးပန်းချီ**
Sun

❐

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

❐

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**တန်ဖိုး ၁၀၀ ကျပ်**

❐

**ကွန်ပျူတာ**
**Dream City**

BURMESE CLASSIC .com

## မိုးဇာလျှန်းဝေ

# ပန်းသခင်

အမှားအယွင်းနှင့် တိုက်ဆိုက်မှုရှိလျှင် ခွင့်လွှတ်ပါရန်

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အခန်း (၁)

"ပန်းပွင့်၊ သမီး ပန်းပွင့်ရေ"

ပန်းပွင့်ဝေက သူ့အခန်းတံခါးကို အပြင်က ခပ်ပြင်းပြင်းပုတ်ပြီးခေါ်နေသော ဒေါ်စိန်ကြီးရဲ့ အသံကိုကြားပြီး မျက်နှာလေးရှုံ့သွားသည်။

ပြန်မထူးဘဲ မှန်တင်ခုံရှေ့ ထိုင်နေရင်း ကြေးမုံပြင်မှာ ထင်ဟပ်နေသော သူ့ပုံရိပ်ကို အသေးစိတ် လေ့လာနေပါသည်။

"ဩော် .. ပန်းပွင့်၊ တံခါးဖွင့်စမ်းပါဦး"

ပန်းပွင့်ဝေရဲ့ မျက်နှာလေးက ပို၍ရှုံ့တွသွားသည်။ ဒေါ်စိန်ကြီးကို အသံခပ်စွာစွာဖြင့် ပြန်မေးသည်။

"စိန်စိန်ကလဲ ဒီမှာ အလှပြင်နေတာ၊ ဘာလို့ ဒီလောက်အော်ခေါ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလှပွဲပြင်တာလဲ မပြီးသေးဘူးလား၊ ခြံထဲမှာ ဒေသီ့သည်တော်တော်များများ ရောက်နေပြီ၊ အစ်ကိုကြီးက မြန်မြန်ဆင်းခဲ့တဲ့"

"ဆင်းခဲ့မယ်လို့ ပြောလိုက်"

"အခုပဲဆင်းတော့လေ"

"ဟုတ်ပါပြီ ခုပဲဆင်းမှာပါ"

ဒေါ်စိန်ကြီးကို စိတ်မရှည်သောလေသံနှင့် ပန်းပွင့်ဝေကဖြေပြီး မှန်တင်ခုံရှေ့က ထလိုက်သည်။ မှန်သုံးချပ်မှာ ထင်ဟပ်နေသော သူ့ကိုယ်ကို လှည့်ပတ်ကြည့်ပြီး စိတ်ကျေနပ်မှ အခန်းတံခါးဆီသို့ ဦးတည်လိုက်သည်။

အခန်းတံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။ အောက်ထပ်သို့ ခပ်ဖြည်းဖြည်းပင် ဆင်းလာခဲ့သည်။ ခြံထဲသို့ ဆင်းအလိုက် ဖခင် ဦးသာမြတ်နှင့် ဆုံသည်။

"သမီးကလဲ ကြာလိုက်တာကွယ်၊ ဧည့်သည်တော်တော်များများ ရောက်နေပြီ"

"အလှပြင်နေလို့ ဖေဖေရဲ့"

"သမီးက လှပြီးသားပါကွယ်၊ ကဲ သွားသွား မောင်ကျော်ဇေယျနဲ့အတူ ဧည့်သည်တွေကို သွားဧည့်ခံဦး"

"ဟုတ်ကဲ့ ဖေဖေ"

မိဘနှစ်ပါး၏ နှစ်ဆယ့်ငါးနှစ်မြောက် မင်္ဂလာအဖြစ် ငွေရတုသဘင်ပွဲကို ခြံထဲမှာ မိတ်ကောင်းဆွေကောင်းတွေဖိတ်ပြီး ဧည့်ခံကျွေးမွေးခြင်းဖြစ်သည်။ ဖခင်၏ အလွန်ယုံကြည်အားကိုးရသော မန်နေ့ကျ





ကျော်ဇေယျ ဧည့်သည်တွေကြား ဧည့်ခံနေသည်ကို တွေ့လိုက်ရသည်။

ခြံထဲကို ဝေ့ဝဲကြည့်အလိုက် မိခင် ဒေါ်မေရီက သူ့ကို လက်ယပ်ပြီး လှမ်းခေါ်နေသဖြင့် မိခင်အနားသို့ လျှောက်ခဲ့သည်။

"သမီးရယ် ဒီမှာ မမာမာတို့က သမီးကို မတွေ့လို့ မေးနေကြတာ"

"ဟုတ်တယ် ပန်းပွင့်လေးရဲ့"

"ပန်းပွင့် အလှပြင်နေလို့ ကြာသွားတာပါ"

ပန်းပွင့်ဝေက မျက်နှာလေးကို ရှက်ပြုံးလေးနှင့်လုပ်ပြီး ပြောလိုက်တော့ လွန်စွာချစ်စရာကောင်းသွားပါသည်။

"ပန်းပွင့်လေးက မပြင်ဘဲ လှပြီးသားပါကွယ်"

ပန်းပွင့်ဝေက သဘောကျစွာ ရယ်လိုက်သည်။ ဒေါ်မာမတို့အုပ်စုနှင့် ခေတ္တစကားပြောပြီး အခြားဝိုင်းဆီသို့မသွားမီ ကျော်ဇေယျထံသို့ လျှောက်လာခဲ့သည်။

အနောက်တိုင်းဝတ်စုံနှင့် သားသားနားနား ခန့်ခန့်ညားကြီးဖြစ်နေသော ကျော်ဇေယျက သူ့ကို ချီးအိနေအောင် ပြုံးပြသည်။

"လှလိုက်တာ ပန်းပွင့်ရယ်"

ပန်းပွင့်ဝေကို ရွှန်းလတ်သောအကြည့်များနှင့် ကြည့်နေပြီး အနားရောက်လာသည်နှင့် ထိုသို့ပြောလိုက်သည်။

"ကိုဇေယျလဲ သိပ်ကိုကြည့်လို့ကောင်းနေပါတယ်"

"ပန်းပွင့်ရဲ့ဘေးမှ ယှဉ်လိုက်ရင် အဲဒီအလှတွေက မှေးမှိန်သွားပါတယ်ကွာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပန်းပွင့်က သိပ်လှတယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒီအခန်းထဲမှာတင် မကဘူး တစ်ကမ္ဘာလုံးနဲ့ ယှဉ်လိုက်ရင် ပန်းပွင့်က အလှဆုံး"

"ဟား... ဟ... သိပ်ကိုပိုကဲသွားပြီး ကိုဇေယျရေ"

ပန်းပွင့်ဝေက ရယ်မောရင်း ပြောလိုက်သည်။ မျက်နှာလေးကို မော့ပြီး အားပါးတရ ရယ်နေသော ပန်းပွင့်ဝေရဲ့အလှက ပို၍ပီပြင်သွားသဖြင့် ကျော်ဇေယျက ခပ်ငေးငေးလေး ကြည့်လိုက်မိသည်။

"ဧည့်သည်တွေတောင် အတော်စုံနေပြီနော်"

"ဟုတ်တယ်၊ ပန်းပွင့် နောက်ကျနေလို့ ကိုယ် ဧည့်ခံပေးထားတယ်"

"အဲ့လိုအားကိုးရလို့ ပန်းပွင့်က ကိုဇေယျကို ခင်တာပေါ့"

"ကိုယ်လိုချင်တာ ဒါမဟုတ်ဘူးလေ"

"ဟိုထား၊ ဟောမှာ ဧည့်သည်တွေအများကြီးနော်"

ပန်းပွင့်က ရွှတ်နောက်နောက်ပုံစံလေးနှင့်ပြောပြီး ကျော်ဇေယျ အနားမှနေ ထွက်လာခဲ့သည်။

ဧည့်သည်များ စုံလင်သည့်အခါ ကျော်ဇေယျကပဲ ပွဲလုပ်ရသည့်ပွဲအကြောင်းကို ပြောပြီး ဦးသာမြတ်နှင့် ဒေါ်မေရီတို့ နောက်ထပ်နှစ်ပေါင်းများစွာ ကျန်းမာချမ်းသာစွာ ပေါင်းသင်းနိုင်ပါစေလို့ ဝိုင်းဝန်းဆုတောင်းမေတ္တာပို့ကြသည်။

ကိုယ်တိုင်ယူစားစနစ်၊ ဘူဖေး ညစာစာကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုက်သည်။





တီးကြမှုတ်ကြဆိုဖြင့် အလွန်ရင်းနှီးသော မိတ်ဆွေများက ညဉ့်နက်မှ ပြန်ကြလေသည်။ ကျော်ဇေယျက ပွဲပြီးမပြန်နိုင်သေးဘဲ ကူလုပ်ပေးနေသည်။ ပန်းပွင့်ဝေက တာဝန်ကို လေးလေးနက်နက် မယူတတ်သူပီပီ အိပ်ချင်သည်ဆို၍ သူ့အခန်း သူပြန်ခဲ့သည်။

* * *

BURMESE CLASSIC .com

ညက ညဉ့်နက်မှအိပ်သဖြင့် ပန်းပွင့်ဝေက အိပ်ရာကနောက်ကျမှနိုးသည်။ မျက်နှာသစ်ပြီး နာရီကြည့်လိုက်တော့ ဆယ်နာရီပင်ထိုးနေသည်။

"ဟာ... တော်တော်နေမြင့်နေပြီပဲ"

ဖခင်နှင့် မိခင်တို့ရော၊ နောက်ကျမှ နိုးမည်ထင်ပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ ထမင်းစားခန်းတွင် ဒေါ်စိန်ကြီးကို တွေ့သည်။

"ဪ... ကာလနဂါး အခုမှနိုးတာလား"

"ညက မိုးချုပ်မှအိပ်တာကိုး"

"ဟုတ်ပါ့တော်"

ဒေါ်စိန်ကြီးက ခပ်ရွှဲ့ရွှဲ့လေး ပြောလိုက်သည်။

"ဖေဖေနဲ့ မေမေရော"

"နံနက်စာ စားသောက်ပြီးလို့ အစ်ကိုကြီးက အလုပ်တောင်သွားပြီ"

"ဟင်... ဟုတ်လား"

"ဟုတ်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



“[illegible]”

“[illegible]အတိုင်း သူ့နှင်းဆီပန်းခင်းထဲမှာပေါ့”

“မေမေ့ဆီ သွားလိုက်ဦးမယ်”

ဒေါ်စိန်ကြီးကျွေးသော မုန့်နှင့် ကော်ဖီကို ခပ်လော်လောလေး စားပြီး ဝန်းခြံထဲသို့ ဆင်းလိုက်သည်။ နေရိပ်မှာ ပန်းပင်တွေကို ခြွဆွနေသော မိခင်ကို တွေ့ရသည်။

“မေမေ”

“သြော် သမီး နိုးပြီလား”

“ဟုတ်ကဲ့ မေမေ”

“ကော်ဖီသောက်ပြီးပြီလား”

“သောက်ပြီးပါပြီ၊ ဖေဖေ အလုပ်သွားပြီလား”

“သွားပြီ၊ ကုမ္ပဏီကိစ္စတွေ အရေးကြီးလို့တဲ့”

“ညက ပင်ပန်းထားတာ၊ ဖေဖေက နားတာမဟုတ်ဘူး”

“သမီး အဖေက အလုပ်ကိုမက်တာ သိတယ်မဟုတ်လား”

“ဖေဖေက စီးပွားရှာတဲ့နေရာမှာ သိပ်လောဘရှိတယ်လို့ ပန်းပွင့်ထင်တယ်”

“ဟဲ့ သမီး၊ အဖေကို အဲလိုမပြောရဘူးလေ”

“မဟုတ်ဘူးလား၊ ဖေဖေ့ခေါင်းထဲမှာ အမြဲ အမြတ်အစွန်း ရဖို့ပဲ တွက်နေတာပဲ”

“အဲလိုရှာတာ ဘယ်သူ့အတွက်လဲ၊ သမီးအတွက်ပဲ မဟုတ်လား၊ သမီးကို ဖေဖေ သိပ်ချစ်တာသိရက်သားနဲ့ အဲ့လိုမမြင်ပါနဲ့





ကွယ်”

ဒေါ်မေရီက ပန်းပွင့်ဝေ ဖခင်အပေါ် ပြစ်မှားမိမှာ စိုးရိမ်၍ ပန်းပွင့်ဝေကို ဆုံးမသည်။

“ဖေဖေ သမီးကိုသိပ်ချစ်လို့ ဒီလိုပင်ပန်းခံနေတာ သိပါတယ်၊ ပန်းပွင့်ကလဲ ဖေဖေ့ကို သိပ်ချစ်တယ်လေ၊ ဒါကြောင့် ဖေဖေ ပင်ပန်းလွန်ပြီး ကျန်းမာရေးထိခိုက်မှာ စိုးရိမ်တယ်”

“အင်း သမီးပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ဖေဖေက သိပ်ပြီး တစ်ယူသန်လေ”

“ဟုတ်တယ်နော်”

“ထောက်ခံမနေနဲ့၊ သမီးမှာလဲ အဲဒီသွေးကပါတယ်”

ဒေါ်မေရီက ချစ်စနိုးကြည့်ပြီး ပြောလိုက်သဖြင့် ပန်းပွင့်ဝေက ရယ်လိုက်သည်။

“ပန်းပွင့်က သမီးမိန်းကလေးဖြစ်ပြီး မေမေ့လို သိပ်မွေ့အေးဆေးမှုမရှိတာတော့ အမှန်ပဲ မေမေ”

“အဲဒါလဲ သမီးဖေဖေရဲ့ ပုံသွင်းမှုကြောင့်ပေါ့”

“ဟုတ်တယ်နော်၊ ဖေဖေက သားယောက်ျားလေးမရှိတော့ ပန်းပွင့်ကို ယောက်ျားလေး ဖြစ်စေချင်ဇောနဲ့ သူ့ပုံစံသွင်းနေတာနေမှာပေါ့နော်၊ ဖေဖေ သင်ခိုင်းတာနဲ့ သမီးတောင် ဂျူဒိုသင်တန်း တက်ရသေးတယ်လေ”

“ဖြစ်နိုင်ပါတယ် သမီးရယ်၊ သားသိပ်လိုချင်တဲ့ သမီးဖေဖေကို မေမေ သားမမွေးပေးနိုင်တဲ့အတွက် တွေးလိုက်တိုင်း စိတ်မကောင်း

www.burmeseclassic.com



ဘူး"

"မဖြစ်လာတာကြီးကိုတွေးပြီး စိတ်ညစ်မနေပါနဲ့ မမေရာ"

"အင်းပါ သမီးရယ်"

"မေမေ ပန်းပွင့် အပြင်သွားလိုက်ဦးမယ်"

"ဘယ်ကိုလဲ"

"သရဖီတို့ဆီပါ"

"ဘယ်အချိန် ပြန်လာမှာလဲ"

"ညနေ ပြန်လာမယ်"

"ထမင်းစားချိန် အမီပြန်နော်၊ တော်ကြာ မေမေ စိတ်ဆိုးလိမ့်မယ်"

"ဟုတ်ကဲ့ မေမေ"

ပန်းပွင့်ဝေက ရေမိုးချိုး ပြင်ဆင်ပြီး သူ့ကားလေးကို ကိုယ်တိုင်မောင်းကာ အိမ်မှထွက်လာသည်။ သရဖီကို အိမ်မှာ အခန့်သင့်စွာ တွေ့လိုက်သည်။

"တော်ပါသေးရဲ့၊ နင်ရှိလို့၊ ဖုန်းမဆက်ထားပဲ လာခဲ့တာ နင်မှ ရှိပါ့မလားလို့"

"ညက နင်တို့အိမ်က မိုးချုပ်မှပြန်လာပြီး အိပ်တာနောက်ကျတော့ နောက်ကျနိုးတာယ်၊ ဒါကြောင့် နင် ငါ့ကိုမိတာ"

"နင်က ဘယ်သွားမယ်စိတ်ကူးထားလို့လဲ"

"မော်ဒယ်လ်သင်တန်းလေ"

"ဟဲ့ အဲဒီသင်တန်းက ဆင်းပြီးသားလေ"





"ဆင်းပြီးလဲ ဘာဖြစ်လဲ ဒီလိုပဲ ခဏခဏ သွားနေကျပဲ"

"ကဲ နင့်အစီအစဉ်ကို ဖျက်လိုက်၊ ငါနဲ့ ဈေးကိုလိုက်ခဲ့"

"ဘယ်ဈေးလဲ"

"ဗိုလ်ချုပ်ဈေးပေါ့"

"ဘာလုပ်မလို့လဲ"

"ဈေးသွားတာ ဈေးဝယ်ဖို့ပေါ့"

"ဝယ်တာထက် ဈေးကိုပတ်ဦးမလို့ မဟုတ်လား"

"သိပြီးသားများ မေးနေရသလား၊ ကြာတယ် သွားကြမယ်ဟာ"

"နေပါဦး၊ ရေမိုးချိုး ပြင်ဆင်ပါရစေ"

"လုပ် မကြာစေနဲ့"

"အသားလွတ်လောပြီ"

သရဖီက သူ့ကို မကျေမနပ် မျက်စောင်းထိုးပြီး အခန်းထဲဝင်သွားသည်။ သရဖီ ရေချိုးနေသည်ကို သရဖီရဲ့ အခန်းထဲမှာ မဂ္ဂဇင်းဖတ်ရင်း ထိုင်စောင့်နေသည်။

ရေမိုးချိုးပြီး ပြင်ဆင်နေသော သရဖီကို စောင့်နေသည်။ သရဖီက ပြင်ဆင်ရင်း သူ့ကိုမေးသည်။

"သရဖီ နင့်အဖေက ကိုကျော်ဇေယျကို သိပ်မျက်နှာပေးတယ်နော်"

"အားကိုးရတာကိုး ပေးမှာပေါ့"

"သူက တော်သလို ရုပ်ကလဲ မဆိုးဘူး"

www.burmeseclassic.com



"ဘာလဲ နင်က ကြွေနေပြီလား"

"ကြွေလဲ ငါ့အတွက် မဟုတ်နိုင်ပါဘူး"

"ဘာဖြစ်လို့"

"ကြည့်ရတာ နင့်အဖေက သူ့ကို သမက်တော်ချင်နေလား မသိဘူး"

"ပေါက်ပေါက်ရှာရှာ"

"ငါ့စိတ်မှာထင်နေတာ မဟုတ်မှလွဲရော နင့်အဖေက သူ့နဲ့ နင့်ကို သဘောတူလိမ့်မယ်ထင်တယ်"

"တော်စမ်းပါ၊ ဒါတွေ ငါ စိတ်မဝင်စားဘူး၊ မြန်မြန်လုပ်၊ သွားမယ်"

"သိပ်ပြီးပူမနေနဲ့နော်၊ နင် မလိုချင်ရင် ငါက ယူလိုက်မှာ"

"ဘာလဲ ငါက အောင်သွယ်ပေးရမှာလား"

"မလိုဘူး၊ ကိုယ့်ဘာသာကိုယ် ကြိုးစားယူမယ်"

သရဖီက ရယ်မောနောက်ပြောင်ရင်း အဝတ်အစားကို ဝတ်လိုက်သည်။

ပန်းပွင့်ဝေက သရဖီရဲ့ ကြော့ရှင်းနေသော ပုံစံလေးကို သေသေချာချာ လှမ်းကြည့်ပြီး ပြောသည်။

"နင်နဲ့ ကိုကျော်ဇေယျနဲ့ဆိုရင် သိပ်ပြီး ရှေ့သွားနောက်လိုက် ညီမှာသိလား"

"တော်စမ်းပါဟယ်၊ တကယ်လဲ မဟုတ်ဘဲနဲ့၊ မစားရ ဝခမန်းပြေ မနေပါနဲ့"





"နင်ပဲ ကြိုးစားမယ်ဆို"

"မလွယ်ပါဘူး၊ ငါ့လိုလူမျိုးကို သူ စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့"

"နင်နဲ့ယှဉ်ရင် ငါက ဖွတ်ကျားလေ"

"ဟုတ်လား၊ ဖွတ်ဖြစ်တဲ့အပြင် ကျားတောင်နေသေးလား"

"အေး ဟုတ်တယ်"

"ဘယ်နားကျားနေလဲ ပြစမ်းပါဦး"

"ပေါက်ကရတွေ မပြောနေနဲ့၊ သွားမယ်"

နှစ်ယောက်သား ရယ်မောပြီး အိမ်ထဲမှ ထွက်ခဲ့ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ပန်းပွင့်ဝေနှင့် သရဖီ ဈေးထဲတွင် လျှောက်ပတ်ပြီး ပန်းပွင့်ဝေက စပို့ရှပ်နှစ်ထည်ဝယ်သည်။ သရဖီက လက်သည်းဆိုးဆေးဝယ်သည်။

အထည်တွေ အဆင်အဆန်းပေါ်သည်ကို တွေ့သဖြင့် ဈေးပတ်ပြီး မြို့ထဲမှာ လျှောက်စားကာ သရဖီရဲ့အိမ်ကို ပြန်ခဲ့ကြသည်။

အထည်ဆန်းဆိုလျှင် ပေါ်သည်နှင့် ဝယ်ပြီး ခါးဝေါ်တင်တတ်သော ပန်းပွင့်ဝေက ငွေကို ရေလိုဖြုန်းနိုင်သူပီပီ စည်းလွတ်ကမ်းလွတ် သုံးတတ်သည်။

ဘွဲ့ရပြီး ဖခင်ရဲ့အလုပ်ကိုလည်း စိတ်မဝင်စား၊ မိဘတွေပေါ်နဲ့ဆိုးဆိုးပြီး ထင်ရာလုပ်နေပါတော့သည်။ သရဖီရဲ့အိမ်တွင် ညနေစောင်းအထိနေပြီးမှ အိမ်ကိုပြန်လာခဲ့သည်။

"ပန်းပွင့် ဘယ်တွေလျှောက်သွားနေတာလဲ"





အိမ်ထဲကို ဝင်လိုက်သည်နှင့် ဆီးပြီး မျက်နှာထားတင်းတင်းနှင့် မေးလိုက်သူက မိခင် ဒေါ်မေရီ မဟုတ်ဘဲ ဒေါ်စိန်ကြီးပါ။

ပန်းပွင့်ဝေသည် ဒေါ်စိန်ကြီးရဲ့ လက်ပေါ်တွင် ကြီးပြင်းလာသူဖြစ်သည်။ ဒေါ်စိန်ကြီးရဲ့စကားကို နားထောင်သလို ဒေါ်စိန်ကြီးကို ရိုသေချစ်ခင်သည်။ အပြစ်မဲ့စွာ နွဲ့ဆိုးဆိုးတတ်သော်လည်း ချော့မော့ပြောဆိုလျှင် ဒေါ်စိန်ကြီးရဲ့စကားကို နာခံသည်။

"သရဖီတို့ဆီ သွားလည်တာ"

"စောစောပြန်ရောပေါ့ကွယ်၊ ထမင်းစားချိန်ပဲ နီးနေပြီ"

"ထမင်းစားချိန် အမှီပြန်လာတာပါ စိန်စိန်ရယ်"

"ကဲ မြန်မြန်သွား၊ ရေချိုးပြီးလာခဲ့၊ စိန်စိန် ထမင်းခူးတော့မလို့"

"ဟုတ်"

ဒေါ်စိန်စိန်ကြီးကို စပ်ဖြီးဖြီးမျက်နှာလေးနှင့်ပြောပြီး ပန်းပွင့်ဝေက လှေကားကို ပြေးပြီးတက်သွားသည်။ ရေမိုးချိုး သနပ်ခါးရေကျဲလေးလူးပြီး ထမင်းစားခန်းဆီသို့ ဦးသာမြတ်တို့ထက်ဦးစွာ ရောက်လာသည်။

"တွေ့လား စိန်စိန် ထမင်းချူးနေတုန်းပဲရှိသေးတယ်၊ ပန်းပွင့်က ရေချိုးပြင်ဆင်ပြီးပြီ"

"တော်သေးတာပေါ့၊ ထမင်းစားဝိုင်းမှာ ပန်းပွင့်ကိုမတွေ့ရင် အစ်ကိုကြီး ဆူဦးမှာ"

"ဖေဖေဆူတာများ ပန်းပွင့်က မကြောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်နော်၊ အဖေက ချစ်လို့ အလိုလိုက်တာကို အခွင့်အရေးမယူနဲ့"

"အခွင့်အရေးမယူပါဘူး၊ နွဲ့ဆိုးဆိုးတာပါ"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ ကဲ စားပွဲမှာထိုင်ပြီး အေးအေးဆေးဆေးနေ"

"စိန်စိန့်ကို ကူလုပ်မယ်လေ"

"မလုပ်နဲ့ရတယ်၊ ပြီးခါနီးပြီ"

"စိန်စိန်"

"ဘာလဲ"

"နေ့တိုင်း ထမင်းချက်လိုက်၊ ဒီလိုအလုပ်တွေ လုပ်လိုက်နဲ့ မငြီးငွေ့ဘူးလား"

"အောင်မယ်၊ ညည်းလေးက ကျုပ်ကို ငြီးငွေ့စေချင်လို့လား"

"မဟုတ်ဘူး၊ မေးကြည့်တာ"

"ကျုပ်က ငြီးငွေ့ပြီးမလုပ်တော့ ညည်းလေးတို့ ထမင်းငတ်မှာကို မတွေးမိဘူးလား"

"ဟင်း… ဟင်း… ဟုတ်သားပဲနော်"

ပန်းပွင့်ဝေက စပ်ဖြီးဖြီး မျက်နှာလေးနှင့် ဒေါ်စိန်ကြီးကို ပြောလိုက်သည်။ ဒေါ်စိန်ကြီးက ဒေါသမပါသော မျက်စောင်းလေးနှင့် သူ့ကိုကြည့်လိုက်သည်။

ထိုသို့ ဒေါ်စိန်ကြီးကို ပန်းပွင့်ဝေသာ အမြဲလိုလို တစ်မျိုးမဟုတ်တစ်မျိုး နှောက်ပြောင်ကျီစယ်တတ်သည်။ ဒေါ်စိန်ကြီးကလည်း





ပန်းပွင့်ဝေကို သမီးလေးလို ချစ်ခင်၍ ပန်းပွင့်ဝေ ဆိုးသမျှ နွဲ့သမျှကို ကြည်နူးစွာလက်ခံခဲ့သည်။

ထိုသို့ပြောနေစဉ် ထမင်းစားခန်းထဲသို့ ဦးသာမြတ်နှင့် ဒေါ်မေရီက ဝင်လာသည်။

"ဘယ်တုန်းက ပြန်ရောက်လာတာလဲ သမီး"

"ကြာပြီ ဖေဖေရဲ့"

"လျှောက်ပြောမနေနဲ့၊ ဖေဖေပြန်လာတုန်းက သမီး အိမ်မှာရှိမနေဘူး"

"ဖေဖေရောက်ပြီး ပန်းပွင့်နောက်ကပါ ရှေ့ဆင့်နောက်ဆင့်ပါ"

"တစ်နေ့တစ်နေ့ လျှောက်လည်ရတာ မပင်ပန်းဘူးလား၊ လည်စရာနေရာ ကျန်သေးလွှား"

"ပန်းပွင့် မလည်ပါဘူး ဖေဖေရယ်၊ ဗိုလ်ချုပ်ဈေးသွားပြီး သရဖီတို့အိမ်မှာ နေတာပါ"

ထမင်းဝိုင်းမှာ လူစုံပြီမို့ ဒေါ်စိန်ကြီးက ခူးကပ်ပြင်ဆင်ကျွေးသည်။ ထမင်းစားသောက်ရင်း ဦးသာမြတ်က စကားပြောနည်းသည်မို့ ထမင်းဝိုင်းက တိတ်ဆိတ်နေသည်။

ပန်းပွင့်ဝေက ထမင်းကို ခပ်သွက်သွက်စားပြီး ထမင်းဝိုင်းမှ ဦးစွာရှောင်ထွက်ရန် စိတ်ကူးသည်။ ဦးသာမြတ်က သမီးအကြောင်းကို နားကြေအောင် သိသူပီပီ ကြိုတင်ထိန်းချုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးပန်းပွင့် ထမင်းစားပြီးရင် စာကြည့်ခန်းကိုလာခဲ့၊ ဖေဖေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ဖေဖေ"

"မေရီရော လိုက်ခဲ့နော်"

"ဟုတ်ကဲ့"

ထမင်းစားခန်းမှ ဦးစွာလစ်ထွက်သွားမည်စိုးသော ပန်းပွင့်ဝေရဲ့ အကြံအစည်က ပျက်ပြားသွားသည်။ ထမင်းစားသောက်ပြီး ဦးသာမြတ်က အချိုပင်မစားတော့ဘဲ စာကြည့်ခန်းသို့ ထွက်သွားသည်။ ထမင်းစားခန်းတွင် မိခင်နှင့်အတူ ပန်းပွင့်ဝေက ကျန်ရစ်ခဲ့သည်။

"မေမေ၊ ဖေဖေက ဘာပြောမလို့လဲဟင်"

"ဘယ်လိုမှာလဲ သမီးရယ်"

"ဖေဖေ့ကိုကြည့်ရတာ တစ်ခုခု လေးလေးနက်နက် ပြောမယ့်ပုံစံနော်"

"မသိပါဘူးကွယ်"

"မေမေကလဲ ကိုယ့်ယောက်ျား ဘာအပြောမယ်ဆိုတာတောင် ကြိုတင်မသိဘူးလား"

"သမီး အဖေကရော မေမေ့ကို ဘယ်တုန်းက ကြိုတင်ပြောခဲ့လို့လဲ"

"ဘာလို့ ဒါလောက်တောင် မေမေက အေးစက်စက်ကြီး ဖြစ်နေရတာလဲ၊ ကိုယ့်ယောက်ျား ဘာလုပ်မယ် ဘာကိုင်မယ်ဆိုလေး လောက်တော့ သိထားသင့်တာပေါ့"





အေးစက်စက်နိုင်လွန်းသော မိခင်ကို နောက်ပြောင်ပြီး ပန်းပွင့်ဝေက ပြောကာ ထမင်းစားခန်းမှ ထလိုက်သည်။ ဦးသာမြတ် ပန်းပွင့်ဝေကို ပြောမည့်စကားကို ဒေါ်မေရီက ဦးသာမြတ် ပြောဆိုတိုင်ပင်ထား၍ သိသော်လည်း ကြိုတင်မပြောချင်၍ လျှို့ထားလိုက်သည်။

"လာလေ မေမေ၊ ဟိုမှာ ဖေဖေ စောင့်နေရလို့ စိတ်ဆိုးနေဦးမယ်"

"လာပါပြီကွယ်"

သားအမိနှစ်ယောက်က စာကြည့်ခန်းဆီသို့ ဦးတည်လိုက်သည်။ စာကြည့်ခန်းထဲတွင် ဦးသာမြတ်က စီးကရက်တစ်လိပ်ကို ဖွာရင်း လေးလေးနက်နက် တွေးနေသည်။

"ဖေဖေ ပန်းပွင့်တို့ လာပါပြီ"

"အော်... ထိုင်ကြ"

"ဖေဖေ ဘာပြောမလို့လဲဟင်"

"သမီးအတွက် ဖေဖေ စီစဉ်ထားတာ ပြောမလို့"

"ဘာလဲဟင်"

"သမီးကို ဖေဖေ အိမ်ထောင်ချပေးမလို့"

"ဟာ... ဖေဖေကလဲ မနောက်နဲ့လေ၊ ပန်းပွင့်က ခုမှ သယ်ငယ်လေးရှိသေးတာ"

ပန်းပွင့်ဝေက ဖခင်ကို နောက်ပြောင်သည့် မျက်နှာလေးနှင့် ပြောသော်လည်း ဖခင်ရဲ့မျက်နှာက တည်နေသည်မို့ လေးလေးနက်နက် ပြောနေသည်ဆိုတာကို သဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဖေဖေပြောတာ သေသေချာချာနားထောင်၊ သမီးက ကလေးမဟုတ်တော့ဘူး၊ ဘွဲ့တောင်ရပြီးပြီ"

"ဒါပေမဲ့ ပန်းပွင့်က အသက်နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်လေ"

"ပန်းပွင့် လျှာမရှည်နဲ့ ဖေဖေပြောတာနားထောင်"

"ဟုတ်သားပဲ သမီးရယ်၊ ဖေဖေ့ရဲ့စကားကို ဆုံးအောင်နားထောင်ဦးမှပေါ့"

ပန်းပွင့်ဝေက ခေါင်းကလေးပုပြီး ငြိမ်သက်စွာ နားထောင်နေသည်။ စိတ်ထဲမှာတော့ အိမ်ထောင်ချပေးမည်ဆို၍ တုန်လှုပ်နေသည်က အမှန်ပါ။

"သမီးကို မောင်ကျော်ဇေယျနဲ့ ဖေဖေ အိမ်ထောင်ချပေးမလို့"

"ဟင်... ကိုဇေယျနဲ့ ဟုတ်လား"

"ဟုတ်တယ်၊ ကျော်ဇေယျက လူတော်လူကောင်းတစ်ယောက် ဖေဖေ့အလုပ်မှာလဲ အားကိုးလို့ရတယ်၊ ဖေဖေတို့ကို ကြောက်ချစ် ရှိသေသလို သမီးကိုလဲ မေတ္တာရှိပုံရတယ်၊ သမီးရဲ့ အန္တအတာကို ခံတယ်၊ ဒါကြောင့် ဘက်စုံအရည်အချင်းပြည့်ဝနေတဲ့ ကျော်ဇေယျက သမီးနဲ့ အသင့်တော်ဆုံးပဲ"

ဦးသာမြတ်က ရှည်လျားသောစကားကို ပြောပြီး နားလိုက် စဉ်မှာ ပန်းပွင့်ဝေက ခပ်လောလော အသံစာစာနှင့် ဝင်ပြောသည်။

"ဟာ ဖေဖေကလဲဘာတွေလျှောက်တွေးနေတာလဲ၊ အစ်ကို ကျော်ဇေယျက အရည်အချင်းတွေ ပြည့်စုံနေပေမဲ့ ပန်းပွင့် လက်မထပ် နိုင်ဘူး"





"ဘာဖြစ်လို့လဲ"

ဦးသာမြတ်ရဲ့အသံက အနည်းငယ် တင်းမာနေသည်။

"သူ့ကို အစ်ကိုတစ်ယောက်၊ မိတ်ဆွေတစ်ယောက်လိုပဲ ခင်တယ်၊ ပန်းပွင့် မချစ်ဘူး"

"စိတ်ကူးယဉ်စကားတွေနဲ့ လျှောက်ပြောမနေစမ်းနဲ့ ပန်းပွင့်"

"ပန်းပွင့် ကိုကျော်ဇေယျကို လုံးဝလက်မထပ်နိုင်ဘူး"

"မိဘက ကောင်းစေချင်လို့စီမံတာ နားထောင်ရမယ်"

"ဖေဖေရယ် ပန်းပွင့်က သက်ရှိလူသားပါ၊ ပန်းပွင့်မှာ ခံစား တတ်တဲ့ နှလုံးသားရှိတယ်၊ ပန်းပွင့် နှလုံးသားက လက်မခံနိုင်တဲ့ သူကို ပန်းပွင့် လက်မထပ်နိုင်ပါဘူး"

"အဘက်ဘက်က ပြည့်စုံနေတဲ့ မောင်ကျော်ဇေယျကိုငြင်းတာ ...င် ရှူးလို့ပဲ"

"ဟုတ်တယ် ဖေဖေ၊ မချစ်မနှစ်သက်တဲ့သူကို လက်မထပ်နိုင် ...ဲ့ ရူးသွပ်ခြင်းမျိုးပါ"

"သွားစမ်း စိတ်ကူးယဉ်ပြီး ပေါက်ကရတွေ လာပြောမနေနဲ့၊ ...ာင်ကျော်ဇေယျကိုပဲ လက်ထပ်ဖို့ စဉ်းစားထား"

ပန်းပွင့်ဝေက ဖခင်ရဲ့ အပေါက်အဟိန်းကို ခံရ၍ အခန်းထဲမှ ...ုးထွက်လာသည်။

"တောက်... အလိုလိုက်လို့ အမိုက်ဇော်ကားချင်တဲ့ ကလေး"

ဒေါ်မေရီက မပြေမလည်ဖြစ်နေသော သားအဖနှစ်ယောက်ကို ...မချမ်းသာသော အကြည့်ဖြင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေရီ မင်းသမီးကို မင်းကြည့်ပြော၊ ငါ ဒေါသထွက်ရင် မလွယ်ဘူးနော်"

"ရှင့်သမီးက ရှင့်လိုပဲ ခေါင်းမာတော့ ပြောရခက်မှာပဲ"

"ငါက ငါဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တယ်"

"သမီးလေးကလဲ ရှင် အလိုလိုက်ခဲ့လို့ သူ လုပ်ချင်တာကိုပဲ လုပ်တတ်တာလေ"

"ဆင်ခြေတွေ ပေးမနေနဲ့၊ သွား မင်းသမီးကို နားလည်လက်ခံအောင် သိမ်းသွင်း"

ဦးသာမြတ်က ခပ်တင်းတင်းပင် ဒေါ်မေရီအား တာဝန်ပေးလိုက်သည်။ ဒေါ်မေရီကလည်း ခင်ပွန်းသည်နှင့် စကားအတိုက်အခံ မပြောချင်၍ ထထွက်လာသည်။

ပန်းပွင့်ဝေက ဝမ်းနည်းဒေါသဖြင့် အခန်းထဲပြေးဝင်သွားပြီး ခုတင်ပေါ် မှောက်ငိုနေသည်။ အခန်းတံခါးကို မပိတ်ထား၍ ဒေါ်မေရီက အခန်းထဲဝင်ခဲ့သည်။

ခုတင်ပေါ်တွင် တသိမ့်သိမ့်တုန်အောင် ငိုနေသော သမီးကို ကြည့်ပြီး စိတ်မချမ်းသာပါ။ ကျော်ဇေယျလိုလူမျိုးနှင့် ပန်းပွင့်ကို သဘောတူသော်လည်း ပန်းပွင့်က လက်မခံလျှင် ဇွတ်မလုပ်ချင်ပါ။

ပန်းပွင့်ဝေသည် ဖခင်နှင့်တူပြီး စိတ်ကြီးသည်မို့ သူ အရှိန်တက်နေစဉ် ဘယ်လိုမှ သူ့စကားကို တိုးမပေါက်မှာသိ၍ ပြန်လှည့်ထွက်ခဲ့သည်။

* * *





## အခန်း (၃)

ဒေါ်စိန်ကြီးက အိမ်အလုပ်တွေလုပ်ပြီး မီးဖိုဆောင်မှထွက်ပြီး သူ့အခန်းသို့ ပြန်နားသည်။ အခန်းထဲသို့ ဒေါ်မေရီ ဝင်လာ၍ အလျှင်စလို မေးလိုက်သည်။

"မမ ဘာခိုင်းမလို့လဲဟင်"

"မခိုင်းပါဘူး စိန်ကြီးရယ်၊ သမီးလေး စိတ်ဆင်းရဲသွားတယ်၊ သွားချော့လိုက်ပါဦး"

"ဘာဖြစ်လို့လဲဟင်"

"သူ့အဖေက သူ့ကို မောင်ကျော်ဇေယျနဲ့ ပေးစားမယ်ပြောလို့"

"မောင်ကျော်ဇေယျက လူတော်လူကောင်းလေးပဲ၊ ပန်းပွင့်က သဘောမကျဘူးလား"

"ဟင့်အင်း မချစ်လို့ဆိုပြီး ငြင်းတယ်၊ အဲ့ဒါ သွားကြည့်လိုက်ပါဦး"

"ကောင်းပါပြီ၊ အခုပဲ ကျွန်မ သွားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ကြီးက ပန်းပွင့်ဝေရဲ့ အခန်းသို့ ခပ်သွက်သွက်လေး တက်လာခဲ့သည်။ ခုတင်ပေါ်မှာ ငိုရှိုက်နေသော ပန်းပွင့်ဝေကိုကြည့်ပြီး စိတ်မကောင်းပါ။ ပန်းပွင့်ဝေရဲ့အနားသို့ တိုးကပ်သွားပြီး ပခုံးပေါ် လက်ကိုဖွဖွတင်ကာ ခေါ်လိုက်သည်။

"ပန်းပွင့် သမီးလေး၊ ဘာဖြစ်လို့ ငိုနေတာလဲကွယ်"

ဒေါ်စိန်ကြီးရဲ့အသံကို ကြားတော့မှ ပန်းပွင့်ဝေက ပိုပြီးဝမ်းနည်းလာသည်။ ဒေါ်စိန်ကြီးကိုဖက်ပြီး ရှိုက်ငိုလိုက်သည်။

"တိတ်ပါဦးကွယ်၊ စိန်စိန့်ကို နားလည်အောင် ရှင်းပြပါဦး"

ပန်းပွင့်ဝေရဲ့ ကျောလေးကိုသပ်ပြီး ချော့မော့ကာ ဒေါ်စိန်ကြီးက မေးသည်။

"ဖေဖေပေါ့၊ ပန်းပွင့်ကို ကိုကျော်ဇေယျနဲ့ ပေးစားမလို့တဲ့"

"ဟုတ်လား၊ သမီးက သူ့ကို သဘောမကျဘူးလား"

"ကိုကျော်ဇေယျက ငြင်းစရာမရှိအောင် တော်ပါတယ်၊ ဒါပေမဲ့ ပန်းပွင့် သူ့ကိုမှမချစ်တာ၊ လက်မထပ်နိုင်ဘူး စိန်စိန်ရဲ့"

"လက်ထပ်ပြီးရင် ချစ်လာမှာပေါ့"

"စိန်စိန်နော် ပန်းပွင့် လက်မခံနိုင်တဲ့စကားကို မပြောနဲ့"

"စိန်စိန်က ဖြစ်တတ်တဲ့သဘာဝကို ပြောပြတာပါ"

"မပြောနဲ့ ကိုကျော်ဇေယျကို အိမ်ထောင်ဖက်လို့ ပန်းပွင့် ဘယ်လိုမှ စဉ်းစားလို့မရဘူး"

"တဖြည်းဖြည်း စဉ်းစားပေါ့ကွယ်၊ အခုချက်ချင်းကြီးလဲ ပန်းပွင့်ကို လက်ထပ်ပေးမှာမှ မဟုတ်တာပဲ"





"တော်တော့၊ အဲဒီအကြောင်းတွေ မပြောနဲ့၊ ပန်းပွင့် မကြားချင်ဘူး"

"ဒါဆို ငိုမနေနဲ့၊ အိပ်တော့လေ"

"ဖေဖေ ဘယ်လိုပဲ သဘောတူတူ ပန်းပွင့် ဘယ်တော့မှ ကိုကျော်ဇေယျကို လက်မထပ်ဘူးသိလား"

"ဟုတ်ပါပြီကွယ်၊ အိပ်လိုက်တော့နော်"

ဒေါ်စိန်ကြီးက ပန်းပွင့်ဝေကို ချော့မော့ပြီး အိပ်စေလိုက်သည်။ ပန်းပွင့်ဝေက ကျော်ဇေယျကို ဘယ်တော့မှ လက်မထပ်နိုင်ဘူးဆိုပြီး ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး အိပ်ပျော်သွားသည်။

* * *

ပန်းပွင့်ဝေက စိတ်ညစ်ညစ်နှင့် နောက်တစ်နေ့ အိမ်မှာမနေဘဲ တစ်နေ့ကုန် သရဖီရဲ့အိမ်တွင် သွားနေသည်။ သူ့ရဲ့ခံစားချက်ကို သရဖီအား ရင်ဖွင့်သည်။

"သရဖီရယ် ဖေဖေက ဘယ်လိုမှန်းမသိဘူးလ၊ ငါ ကိုကျော်ဇေယျကို လက်မထပ်နိုင်ဘူးဆိုတာကို လက်မခံဘူး"

"နင်ကလဲ ဒါလောက် အဘက်ဘက်က ပြည့်စုံနေတဲ့ ကျော်ဇေယျကို ဘာလို့ လက်မထပ်နိုင်ရတာလဲ"

"မချစ်လို့ပေါ့ဟဲ့"

"နင့်မှာ ချစ်ရမယ့်သူရော ရှိနေပြီလား"

"မရှိသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရှိသေးရင် ဘာဖြစ်လဲဟယ်၊ ကိုကျော်ဇေယျကို လက်ထပ်လိုက်ပါလား"

"လာပြန်ပြီတစ်ယောက်၊ အဲဒီစကားတွေ နားကြားပြင်းကပ်လို့ နင့်ဆီထွက်လာတာနော်၊ နင်ကပါ နားငြီးအောင်ပြောရင် ငါ တစ်နေရာကို ထွက်သွားမှာ"

"တစ်နေရာကိုတော့ ထွက်မသွားပါနဲ့ဟာ၊ နင် မကြားချင်ရင် ငါ မပြောတော့ဘူး"

သရဖီက ထိုသို့ပြောလိုက်မှ မကြည်မလင် မှိုင်သွားသော ပန်းပွင့်ရဲ့ မျက်နှာလေး ကြည်လင်လာသည်။

"နေဦး၊ နင် ဒီမှာ ထမင်းစားမှာဆိုတော့ ငါ သွားစီစဉ်လိုက်ဦးမယ်"

"အထူးမလုပ်နဲ့၊ အိမ်မှာချက်တဲ့ဟင်းပဲ စားမှာ"

"ဒါဆိုအိုကေ၊ ဘာချက်လဲ သွားကြည့်လိုက်ဦးမယ်"

"ရတယ်ဆိုမှ ကြည့်မနေပါနဲ့တော့"

အနားက ထထွက်သွားရန်ပြင်သော သရဖီရဲ့ လက်ကို ဖမ်းဆွဲထားလိုက်သည်။ သူငယ်ချင်းနှစ်ယောက် ရောက်တတ်ရာရာစကားများကိုပြောပြီး ရယ်မောနေကြသည်။

တစ်နေ့လုံး သရဖီရဲ့ အိမ်တွင်နေပြီး ညနေစောင်းမှ ပန်းပွင့်ဝေက အိမ်ကိုပြန်လာခဲ့သည်။ အိမ်ပြန်ရောက်ရောက်ချင်း မိခင် ဒေါ်မေရီက မေးသည်။

"သမီး တစ်နေ့လုံး ဘယ်သွားနေတာလဲ"

"သရဖီဆီကိုပါ"





"သရဖီက အလုပ်မသွားဘူးလား"

"သူ ခွင့်ယူထားတယ်"

"သမီးကြောင့် သူ ခွင့်ယူတာလား"

"မဟုတ်ပါဘူး မေမေ၊ သူ့ဘာသာ အစကတည်းက ခွင့်နှစ်ရက်ယူထားတာပါ"

"သရဖီက အစိုးရအလုပ် လုပ်နေတာ၊ သမီးကြောင့် အနှောင့်အယှက် မဖြစ်ပါစေနဲ့ကွယ်"

"မဖြစ်စေရပါဘူး မေမေရယ်"

"နေ့တိုင်းကြီး အိမ်မကပ်ဘဲ လျှောက်လည်နေတာ မလုပ်ပါနဲ့လား သမီးရယ်"

"ပန်းပွင့် စိတ်ညစ်လို့ အိမ်မကပ်ချင်တာပါ မေမေရယ်"

"သမီးက ကြံဖန်စိတ်ညစ်နေတာကိုး"

"မေမေကလဲ ပန်းပွင့်မှ ကိုကျော်ဇေယျကို လက်မထပ်ချင်တာ"

"ဒါဆို သမီး ဖေဖေကိုပြောပေါ့၊ ဖေဖေက သမီးကို အလိုလိုက်တာပဲ"

"ပန်းပွင့်က ဖွင့်ငြင်းမှာပဲ"

"လက်မခံနိုင်လဲ ငြင်းလိုက်ပေါ့၊ စိတ်ညစ်ပြီး လျှောက်ပေါက်ကရတွေ မလုပ်နဲ့နော်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်မေရီက တစ်ဦးတည်းသော သမီးချောလေးကိုကြည့်ပြီး သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ ပန်းပွင့်ဝေသည် သူ့အဖနှင့် စိတ်ဓာတ် လုံးဝတူသည်။ သူ့လို ပျော့ပျောင်းနူးညံ့ခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း သားအဖနှစ်ယောက်စလုံး ခေါင်းမာတာချင်းတူတာ ခက်တယ်"

ကျောခိုင်းထွက်သွားသော သမီးရဲ့ နောက်ကျောကိုကြည့်ပြီး စိတ်ထဲက ပြောလိုက်မိသည်။ ပန်းပွင့်ဝေက သူ့အခန်းကို ပြန်လာခဲ့သည်။ ရေမိုးချိုးပြီး အခန်းထဲမှာပဲ နေနေသည်။ ထိုစဉ် ဒေါ်စိန်ကြီးက လာခေါ်သည်။

"ပန်းပွင့်၊ သမီးလေး အောက်ထပ်မှ အစ်ကိုကြီးခေါ်နေတယ်"

"ဖေဖေ ပြန်လာပြီလား"

"အင်း"

"ပန်းပွင့်ကို ဘာလို့ခေါ်တာလဲ"

"ဘယ်သိမလဲကွယ်၊ သွားတွေ့လိုက်ပေါ့"

ပန်းပွင့်ဝေက ချက်ချင်းပင် အောက်ထပ်ဧည့်ခန်းဆီသို့ ဆင်းလာခဲ့သည်။

"သမီး မောင်ကျော်ဇေယျ ပါလာတယ်၊ စကားပြောလိုက်ဦး၊ သူ ဒီမှာ ထမင်းစားမှာ"

"ဟုတ်ကဲ့"

"ဖေဖေ ရေချိုးပြီးရင် ထမင်းစားကြမယ်"

ဦးသာမြတ်က ပြောဆိုပြီး ဧည့်ခန်းမှ ထွက်သွားသည်။ ပန်းပွင့်ဝေက ကျော်ဇေယျ အနားတွင် သွားထိုင်သည်။

"ပန်းပွင့် မျက်နှာက သုန်သုန်မှုန်မှုန်နဲ့ ဘာဖြစ်နေတာလဲ"

"ပန်းပွင့် ဘာဖြစ်တယ်ဆိုတာ ကိုကျော်ဇေယျ လုံးဝမသိဘူး"





"ဘယ်လိုသိမှာလဲကွာ"

ကျော်ဇေယျက ရယ်မောပြောဆိုလိုက်သည်။ သူ့အပေါ် အနွံ့အတာခံသော ကျော်ဇေယျကို ပန်းပွင့်ဝေက ခင်ပါသည်။ ဖွတ်တရွတ်နိုင်သော ဖခင်ကို ရင်ဆိုင်တိုက်ခိုက်နေမည့်အစား ကျော်ဇေယျကို စည်းရုံးမည်ဟု ပန်းပွင့်ဝေက စိတ်ကူးသည်။

"ကိုဇေယျကို ဖေဖေက ခေါ်လာတာလား"

"ဟုတ်တယ်၊ ထမင်းလိုက်စားဦးလို့ခေါ်တယ်၊ ပြီးတော့ ကိုတ်လဲ ပန်းပွင့်နဲ့ တွေ့ချင်လို့ လိုက်လာတာ"

"ဘာလို့တွေ့ချင်တာ"

"တွေ့ချင်လို့ တွေ့ချင်တာပေါ့ ပန်းပွင့်ရယ်"

ကျော်ဇေယျက ပြုံးစစနှင့်ပြောသည်။ ပန်းပွင့်ဝေက အကြံတစ်ခုရသွားသည်။

"ထမင်းစားပြီးရင် ပန်းပွင့်ရဲ့ အပြင်ခဏသွားကြရအောင်နော်"

"ပန်းပွင့် ဘယ်သွားချင်လို့လဲ"

"ကိုဇေယျနဲ့ အေးအေးဆေးဆေး တိုင်ပင်ချင်လို့၊ ဖေဖေတို့ မသိစေနဲ့နော်"

"ကောင်းပြီလေ"

သူတို့နှစ်ယောက် စကားပြောနေစဉ် ဒေါ်စိန်ကြီးက ထမင်းစားမည်ဟု လာခေါ်သည်။

"လာ ကိုဇေယျ ထမင်းသွားစားကြရအောင်"

"စားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားပြောရင်း ထမင်းစားခန်းဆီသို့ ဝင်ခဲ့သည်။ သူတို့နှစ်ယောက် ပြောပြေလည်လည် ရှိနေသည်လို့ထင်ပြီး ဦးသာမြတ်က သဘောကျနေသည်။

စကားတပြောပြောနှင့် ထမင်းလက်ဆုံစားကြသည်။ ထမင်းဝိုင်းက သာယာစိုပြည်နေသည်။ ထမင်းစားပြီး ပန်းပွင့်ဝေက ကျော်ဓေယျကို လှမ်းကြည့်ပြီး မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။

"အန်ကယ်၊ ကျွန်တော် ပန်းပွင့်ကို အပြင်ခဏ ခေါ်သွားချင်ပါတယ်"

"သွားလေ ရပါတယ်"

"ပန်းပွင့် လိုက်မယ်မဟုတ်လား"

ကျော်ဓေယျက ယုတ္တိရှိအောင် ထပ်မေးလိုက်သဖြင့် ပန်းပွင့်ဝေက ရယ်ချင်နေသော်လည်း မျက်နှာကို ခပ်သေးသေးလေးထားပြီး ပြေလိုက်သည်။

"ဟုတ်ကဲ့"

"ဒါဆို သွားကြစို့လား"

"ပန်းပွင့် ခဏလိုက်သွားဦးမယ်နော်"

ဖခင်နှင့် မိခင်ကိုကြည့်ပြီး ပန်းပွင့်ဝေက ခွင့်ပန်ကာ ထမင်းစားပွဲမှ ထလိုက်သည်။ ကျော်ဓေယျကားနှင့်ပင် အိမ်မှထွက်ခဲ့ကြသည်။ လမ်းရောက်သည်နှင့် ကျော်ဓေယျက မေးသည်။

"ဘယ်ကိုသွားချင်လဲ ပန်းပွင့်"

"ဗိုလ်တထောင်ကမ်းနားကို သွားရအောင်"





"ဘာလဲ ဘုရားဖူးမလို့လား"

"ဘုရားဖူးပြီး ကမ်းနားဘက် လျှောက်ရင်း စကားပြောကြရအောင်လေ"

"ကောင်းသားပဲ၊ လေကောင်လေသန့်ရတာပေါ့"

ကျော်ဓေယျက ဗိုလ်တစ်ထောင်ဆိပ်ကမ်းသို့ ကားကိုမောင်းလိုက်သည်။ ဘုရားရှေ့တွင် ကားကို ပက်ကင်ထိုးပြီး ဘုရားပေါ် တက်သည်။ ဘုရားတစ်ပတ်ပတ်ပြီး ပန်းပွင့်ဝေက သူ့မွေးနာမ်ထောင့်မှာ ဘုရားဝတ်ပြုသည်။ ကျော်ဓေယျက စိတ်ပါလက်ပါ ဘုရားဝတ်ပြုနေသော ပန်းပွင့်ဝေရဲ့ နုနုဖတ်ဖတ် မျက်နှာလေးကို တရှိုက်မက်မက် ငေးကြည့်နေမိသည်။

ဘုရားဝတ်ပြုပြီး ဖျတ်ခနဲ မျက်လုံးဖွင့်အကြည့် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသော ကျော်ဓေယျကို တွေ့သည်။

"ကိုဓေယျ ဘုရားမရှိခိုးဘူးလား"

"ရှိခိုးပြီးပြီ"

ပန်းပွင့်ဝေက ထရပ်လိုက်သည်။ နှစ်ယောက်သား ဘုရားရဲ့ ရင်ပြင်မှ ဆင်းခဲ့ကြသည်။

"ကားထဲကဖိနပ် ကိုယ် ထုတ်ယူခဲ့မယ်နော်"

"မဟုတ်တာ ကိုဓေယျရယ်၊ ပန်းပွင့်ဘာသာ ထုတ်မှာပေါ့"

ပန်းပွင့်ဝေက ကားဆီသို့ ခပ်သွက်သွက်လေး လျှောက်လိုက်လာသည်။ ကားထဲကဖိနပ်ကို ကိုယ်စီထုတ်ယူပြီး စီးလိုက်ကြသည်။

"ကမ်းနားဘက် လျှောက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လျှောက်ရင်းနှင့် ပန်းပွင့်ဝေက စကားစရှမှာ ခက်နေသည်။ ပန်းပွင့်ဝေက မပြောလာသေး၍ ကျော်ဇေယျကပဲ စ၍မေးမြန်းလိုက်သည်။

"ကိုယ့်ကို ပြောစရာရှိတယ်ဆို ပြောလေ"

"ဟုတ်တယ်၊ ပြောစရာရှိတယ်၊ ပန်းပွင့်ကို စိတ်မဆိုးပါနဲ့လို့ ကြိုပြောပါရစေ"

"ပြောပါ ပန်းပွင့်ရယ်၊ ကိုယ် ပန်းပွင့်အပေါ် ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကိုဇေယျနဲ့ တိုင်ပင်ညှိနှိုင်းချင်တာပေါ့"

"ဟာ...ပန်းပွင့် စကားတွေက မြင့်လှချည်လား၊ ဘာလဲပြောပါဦး"

"ဖေဖေ ပန်းပွင့်နဲ့ ကိုဇေယျကို သဘောတူနေတယ်"

"ဟုတ်လား၊ ဝမ်းသာစရာပေါ့"

"ဟင် ဝမ်းသာတယ် ဟုတ်လား"

ပန်းပွင့်ဝေက မကျေနပ်သည့် မျက်နှာလေးနှင့် ကျော်ဇေယျကို လှမ်းကြည့်လိုက်သည်။ ကျော်ဇေယျက ဝမ်းပန်းတသာ ဖြစ်သွားပြီးမှ မျက်နှာကို ပိုးသပ်လိုက်သည်။

"ပြောပါဦး ကိုဇေယျရယ်၊ ဘာလို့ ဝမ်းသာတာလဲ"

"ပန်းပွင့်ကို ကိုယ်က သိပ်ချစ်နေတဲ့သူပဲကွယ်"





"ဟင်... ဟုတ်လား"

"ဟုတ်တယ်၊ ပန်းပွင့်ကို ကိုယ် သိပ်ချစ်နေတာကြာပြီ၊ အန်ကယ်တို့ရော ပန်းပွင့်ပါ သိမှာစိုးလို့ ကိုယ့်ခံစားချက်ကို မနည်းကြီး ဖုံးဖိထားရတာပါ"

"ဟင်... ဟုတ်လား"

ကျော်ဇေယျကို စည်းရုံးမည်ဟု စိတ်ကူးထားသော ပန်းပွင့်ဝေက ကျော်ဇေယျရဲ့စကားကို ကြားပြီး အလွန်စိတ်ပျက်သွားသည်။

"ဒီလိုဆို ပန်းပွင့် ပြောရမယ့်စကားတောင် မထွက်ရဲတော့ဘူး"

"ဘာလို့မပြောရဲရမှာလဲ၊ ပွင့်ပွင့်လင်းလင်းပေါ့ ပန်းပွင့်ရယ်"

"ဟုတ်ပါပြီ၊ ဒါဆို ပန်းပွင့် ပြောမယ်၊ ကိုဇေယျကို ပန်းပွင့် လက်မထပ်နိုင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ ပန်းပွင့်ရယ်"

"ကိုဇေယျကို ပန်းပွင့် ခင်ပဲခင်တယ်၊ မချစ်ဘူး၊ မချစ်နှစ်သက်တဲ့သူကို ပန်းပွင့် လက်မထပ်နိုင်ဘူး"

"ကိုယ့်ကို ပြတ်ပြတ်သားသား ငြင်းလိုက်တာလား ပန်းပွင့်ရယ်"

ကျော်ဇေယျက အလွန်စိတ်မကောင်းသော မျက်နှာနှင့် ပန်းပွင့်ဝေကို ကြည့်နေသည်။

"ကိုဇေယျကို ပန်းပွင့် အစ်ကိုတစ်ယောက်၊ မိတ်ဆွေတစ်ယောက်လို ခင်လဲခင်တယ်၊ အားလဲကိုးပါတယ်၊ ဒါပေမဲ့ ချစ်သူတစ်ယောက်လို ဘယ်လိုမှ ခံစားကြည့်လို့မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ ပန်းပွင့်ရယ် ကိုယ်ချစ်မရှာဘဲ သူချစ်ကိုပဲ အေးအေးဆေးဆေး လက်ခံလိုက်ပါလားကွယ်"

"မဖြစ်နိုင်ပါဘူး ကိုဇေယျရယ်၊ မချစ်ဘဲနဲ့ ပန်းပွင့် လက်မထပ်နိုင်ဘူး၊ အချစ်ပါတဲ့ အိမ်ထောင်ရေးကိုပဲ လိုချင်တယ်"

"အဲဒါ ပန်းပွင့်ရဲ့ ခံယူချက်လားဟင်"

"ဟုတ်တယ်"

"အဲ့ဒီခံယူချက်ကို နည်းနည်းပြင်ပြီး ကိုယ့်အချစ်တစ်ခုတည်းနဲ့ အိမ်ထောင်ရေးကို ထူထောင်ပါလားကွယ်"

"မဖြစ်နိုင်ပါဘူး ကိုဇေယျရယ်၊ ပန်းပွင့် အားနာပြီး အနေရခက်လို့ အဲ့ဒီစကားမျိုး နောက်ထပ်မပြောပါနဲ့လားဟင်"

"ကိုယ်က ပန်းပွင့်ကို ချစ်နေတာကိုး"

"အဲ့ဒီအချစ်ကိုလဲ ကြိုးစားပြီး ဖြေဖျက်၊ ဖျောက်ဖျက်ပစ်လိုက်ပါလားဟင်"

"နှလုံးသားထဲက အလိုလိုဖြစ်လာတဲ့ အချစ်ဆိုတာကို ပန်းပွင့်ပြောသလို ခြေဖျက်ပစ်လို့ရရင် ကောင်းတာပေါ့"

"ကိုဇေယျရယ်၊ ပန်းပွင့်ကို နားလည်ပေးပါ၊ ဖေဖေက ဖွင့်ပြီးပြောလာရင် ကိုဇေယျဘက်က ငြင်းပေးပါနော်"

"ကိုယ်က ငြင်းပေးရမယ် ဟုတ်လား"

အလွန်နာကျင်သွားသော အကြည့်နှင့် ကျော်ဇေယျက ပန်းပွင့်ဝေကို ကြည့်ပြီးမေးသည်။

"ပန်းပွင့် သိပ်ကိုမတရားဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ဖေဖေ ဓွတ်စီမံမှာ ပန်းပွင့် မလိုလားလို့ပါ"





"အင်းလေ၊ ပန်းပွင့် စိတ်ချမ်းသာဖို့အတွက်ဆိုရင် ကိုယ်ဘာမဆို လုပ်ပေးနိုင်ပါတယ်"

ပန်းပွင့်ဝေက မျက်ဝန်းတောက်တောက်လေးဖြင့် ကျေးဇူးတင်သောအကြည့်နှင့် ကျော်ဇေယျကို ကြည့်လိုက်သည်။

"ပန်းပွင့် သိပ်ကိုကျေးဇူးတင်ပါတယ် ကိုဇေယျရယ်၊ ကိုဇေယျစိတ်ထား သိပ်ပြီးမွန်မြတ် ကောင်းမွန်တယ်ဆိုတာသိလို့ ပန်းပွင့်ခုလို အကူအညီတောင်းတာပါ၊ ပန်းပွင့်ကို ခွင့်လွှတ်ပါနော်"

"သူတစ်ပါး လိုလိုချင်ချင် မပေးတဲ့ပစ္စည်းကို မယူတတ်တာကိုယ်ရဲ့ မွေးရာပါဗီဇပါ ပန်းပွင့်"

ကျော်ဇေယျက တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။

"ပန်းပွင့် ကိုယ့်ကို သိပ်ပြီး ခါးခါးသီးသီး ဖြစ်နေတာသိရင် ကိုယ့်အချစ်ကို ဖွင့်ပြောမှာ မဟုတ်ပါဘူး"

"ကိုဇေယျကို ငြင်းရတာ ပန်းပွင့်ရင်ထဲမှာ တကယ့်ကို မကောင်းပါဘူး"

"ပန်းပွင့် ပြောချင်တာ ဒါပဲလား"

"ဟုတ်ကဲ့"

"ဒါဆို ပြန်ကြရအောင်"

"ဟုတ်ကဲ့"

နှစ်ယောက်သား ကားဆီသို့ ပြန်လာသည်။ အပြန်လမ်းမှာ အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြသည်။ ပန်းပွင့်ဝေကို ဂိတ်[illegible] ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သွားတော့မယ်"

"အိမ်ထဲဝင်ပါဦးလား"

"မဝင်တော့ဘူး"

"ကိုဖေယျကို သိပ်ပြီး ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

ကျော်ဖေယျက ကားကို မောင်းထွက်သွားသည်။ စိတ်မကောင်းစွာ၊ လေးဖင့်သော ခြေလှမ်းတွေနှင့် အိမ်ထဲသို့ ပန်းပွင့်ဝေ ဝင်ခဲ့သည်။

အိမ်ထဲတွင် ဒေါ်စိန်ကြီးကို တွေ့ရသည်။ ဖခင်နှင့် မိခင်ကို မတွေ့ရ၍ ပန်းပွင့် စိတ်သက်သာရာ ရသွားသည်။

"မောင်ကျော်ဖေယျ ပြန်သွားပြီလား"

"ဟုတ်ကဲ့"

"အပြင်မှာ ဘာတွေပြောခဲ့ကြသေးလဲ"

"သူ့ကို လက်မထပ်နိုင်ဘူးလို့ ပန်းပွင့် ပြောလိုက်တယ်"

"ဟင်... တကယ်ပြောလိုက်တာလား"

"ဟုတ်တယ် စိန်စိန်ရယ်၊ ပန်းပွင့်မှ သူ့ကို လက်မထပ်နိုင်တာ၊ ခုကတည်းက ပြတ်ပြတ်သားသား ပြောထားတာ ကောင်းပါတယ်"

"ပန်းပွင့်ရယ် ဖွတ်ကြီးပါလား"

"အဲ့ဒီအကြောင်း ဖေဖေနဲ့မေမေကို မပြောနဲ့နော်"

"အင်းပါ"





"သူ့ကို တအံ့တသြကြည့်နေသော ဒေါ်စိန်ကြီးကို ကျော်ခိုင်းပြီး အပေါ်သို့ တက်လိုက်သည်။ အခန်းထဲရောက်ပြီး ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

"ဟူး... စိတ်မောလိုက်တာ"

"ကိုဖေယျ စိတ်ဆိုးပြီး ငါ့အပေါ်ဆက်ဆံတာ မပြောင်းလဲပါစေနဲ့လို့ မျှော်လင့်ရမှာပဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ပန်းပွင့်ဝေက နောက်တစ်နေ့နံနက် အိပ်ရာက တမင်ပင် နောက်ကျထလိုက်သည်။ နံနက်စာ ကော်ဖီဝိုင်းတွင် ဖခင်နှင့် မဆုံချင်၍ တမင်ရှောင်ရှားလိုက်ခြင်းပါ။

ဦးသာမြတ် ရုံးသွားပြီးတော့မှ ပန်းပွင့်ဝေက အိပ်ခန်းထဲက ထွက်၍ ထမင်းစားခန်းဆီသို့ ဆင်းလာသည်။

"ဒီနေ့ အိပ်ရာထ နောက်ကျပါလား"

ဒေါ်စိန်ကြီးက ထမင်းစားခန်းထဲက စားပွဲကို ရှင်းနေရာမှ လှမ်းမေးသည်။

"ဟုတ်တယ် စိန်စိန်ရယ်၊ ဖေဖေနဲ့ မျက်နှာချင်းဆိုင်ရမှာ ပန်းပွင့် စိတ်ညစ်လို့"

"ညက မောင်ကျော်ဇေယျနဲ့ ညိုပြီးသားမဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ဖေဖေနဲ့ ကိုဇေယျ မတွေ့သေးဘူး မဟုတ်လား"

"ဘာသောက်မလဲ"





"ကော်ဖီပဲ စိန်စိန်"

"ဘာစားဦးမလဲ"

"ဘာရှိလဲ"

"အဲဒီမှာ မုန့်တွေရှိတယ်၊ ကြိုက်ရင်စား၊ မကြိုက်ရင် ဘာလုပ်ပေးရမလဲ"

မုန့်တွေကို ငေးကြည့်ပြီး ပန်းပွင့်ဝေက ပြောလိုက်သည်။

"ရတယ်၊ ဒီမုန့်တွေပဲ စားတော့မယ်"

ပန်းပွင့်ဝေက စားပွဲပေါ်တွင်ရှိနေသော မုန့်ပန်းကန်က မုန့်တွေကို ယူစားနေသည်။

"မေမေရော"

"သူ့ပန်းခြံထဲမှာနေမှာပေါ့"

"မေမေ့ဘဝက တကယ်အေးချမ်းတယ်"

"သူက သူ့ကိုသူ အေးချမ်းအောင်နေတာကိုး၊ ပန်းပင်တွေနဲ့ ဘုရားတရားအလုပ်ပဲ ရှိတာပဲ"

"ဖေဖေ့မှာတော့ ချမ်းသာပြီးရင်း ချမ်းသာအောင် လုံးပမ်းနေရတာ ဘေးကကြည့်ရင် မောတယ်"

"သူ့ရှာနေလို့ ပန်းပွင့် အခုလို သုံးနိုင်ဖြုန်းနိုင်တာပေါ့"

"ပန်းပွင့်သုံးတာ နည်းနည်းလေးပါ၊ ဖေဖေက ဒီလောက် အပင်ပန်းမခံလဲ တော်တော် ငွေဝင်နေတာပဲဟာ"

"အင်း ပန်းပွင့်တစ်ယောက်ကလေး အခုထိ ကလေးတွေး တွေးနေတုန်းပဲ၊ ဘယ်တော့ လူကြီးဆန်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှည်းစားရတော့မှပဲ လူကြီးဆန်လိုက်မယ်"

"လျှောက်ပြောမနေနဲ့၊ အစ်ကိုကြီးကြားရင် ယမ်းပုံမီးကျဦးမယ်"

"ယမ်းပုံမီးကျတော့ ကောင်းတာပေါ့၊ မီးပန်းမလိုတော့ဘူးပေါ့၊ သတင်းကျွယ်ကလဲ နီးနေပြီလေ"

"ပေါက်ကရတွေပြောပြန်ပြီ"

"အင်း ဒီသတင်းကျွတ်လဲ စိန်စိန်က စွံမယ့်ပုံ မပေါ်ဘူးနော်"

"ကောင်မလေးနော်၊ လူကြီးကို လလေးကလား လာပြောမနေနဲ့"

အပျိုကြီး ဒေါ်စိန်ကြီးကို ပန်းပွင့်ဝေ သည်လိုပင် စ၍နောက်ပြောင်တတ်သည်။

"ယောက်ျားမယူချင်နေပါ စိန်စိန်ရယ်၊ ရည်းစားလေးတော့ ထားကြည့်ပါလား"

"ဒီကောင်မလေး ပြောလေကဲလေ စားပြီးရင်သွားတော့၊ မရှုပ်နဲ့၊ ဒီမှာ အလုပ်တွေ လုပ်စရာရှိတယ်"

ပန်းပွင့်ဝေ အနားရှိနေလျှင် အလုပ်ကောင်းကောင်း လုပ်မရ၍ ပန်းပွင့်ဝေကို အနားက မောင်းထုတ်လိုက်သည်။ ပန်းပွင့်ဝေက ဒေါ်စိန်ကြီးအနားမှ ခွာထွက်ခဲ့သည်။

ဒေါ်မေရီ ရှိနေမည့် ပန်းခြံသို့ ထွက်လာခဲ့သည်။ ထင်သည့်အတိုင်း ဒေါ်မေရီက အရိပ်ကျသောနေရာမှာ ရှိနေသော နှင်းဆီအိုးများကို မြေဆွနေသည်။





"မေမေ"

"ဟော… သမီးလေး နိုးလာပြီကိုး"

"နိုးပြီ၊ ကော်ဖီနဲ့မုန့်တောင် စားပြီးပြီ"

ရွှင်လန်းမှုရှိနေသော သမီးရဲ့မျက်နှာကိုကြည့်ပြီး ဒေါ်မေရီက ပြုံးလိုက်သည်။

"ညက သမီးနဲ့ မောင်ကျော်ဇေယျတို့ အပြင်ထွက်ပြီး ဘာတွေတိုင်ပင်ကြတာလဲ၊ သမီး ဖေဖေကတော့ သမီးတို့ချင်း အဆင်ပြေတယ်ထင်ပြီး ပျော်နေတယ်"

"ပန်းပွင့် ကိုဇေယျကို ပြောလိုက်တဲ့စကားတွေကိုသာ ဖေဖေသိရင် မပျော်တဲ့အပြင် ပန်းပွင့်ကို သတ်မလားပဲ"

"ဟင်… သမီးက ဘာတွေပြောလိုက်လို့လဲ"

ဒေါ်မေရီက အထိတ်တလန့်နှင့် ပန်းပွင့်ဝေကိုကြည့်ပြီး မေးသည်။

"ကိုဇေယျကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တယ်"

"ဟင်… ဟုတ်လား၊ ဘာတွေပွင့်ပွင့်လင်းလင်း ပြောလိုက်တာလဲ"

"ဖေဖေတို့ ဘယ်လောက်သဘောတူတူ ပန်းပွင့် သူ့ကို လက်မထပ်နိုင်ဘူးလို့ ပြောလိုက်တယ်"

"အဲဒီတော့ သူက ဘာပြောလဲ"

"စိတ်မကောင်းဖြစ်သွားတယ်၊ ဖေဖေက သူ့ကိုပြောလာရင် သူ ငြင်းလိုက်မယ်လို့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာ သမီးရယ်၊ ဘာလို့ အဲလိုကြီး သွားပြောရ တာလဲ"

"အစကတည်းက ပြတ်ပြတ်သားသားမှ ဖြစ်မှာပေါ့ မေမေရယ်၊ တော်ကြာ သူက မေမေ့စကားကို လက်ခံလိုက်ရင် ဘယ်လိုလုပ်မလဲ"

"အင်း သမီးနဲ့ သမီး ဖေဖေကြားမှာ မေမေတော့ အတော် စိတ်ညစ်ရဦးမယ်ထင်တယ်"

"မေမေ့ကို စိတ်မညစ်စေချင်ပါဘူး၊ ပန်းပွင့်လဲ စိတ်မညစ် ချင်ဘူး မေမေ၊ ဒါကြောင့် မလုပ်ချင်တဲ့ ကိစ္စတစ်ခုကို မလုပ်ဖို့ ဆုံးဖြတ်ထားတယ်"

အလွန်ခေါင်းမာသော သားအဖနှစ်ယောက် စိတ်ဓာတ်ချင်း တူနေကြ၍ ယခုလို ဆန့်ကျင်ဘက်သဘောထားတွေနှင့် ပြဿနာက မသေးဟု ဒေါ်မေရီက တွေးမိသည်။

"ခက်လိုက်ကြတဲ့ သားအဖကွယ်"

"မေမေ ပန်းပွင့်ကြောင့် စိတ်ညစ်သွားပြီထင်တယ်"

"ဟုတ်တယ်"

"ကဲပါ မေမေရဲ့ ပန်းပင်တွေနဲ့ ပျော်အောင်နေပါ၊ ပန်းပွင့် အကြောင်းကို မတွေးနဲ့နော်"

"မတွေးလို့ရမလားကွယ်"

"မေမေ ကြားထဲက ဝင်မပါနဲ့၊ ပန်းပွင့် ဖေဖေ့ကို ရအောင် ပြောမယ်၊ ပန်းပွင့်ရဲ့ဆန္ဒကို မေမေ သိပ်ပြီး အတိုက်အခံလုပ်မယ် မထင်ပါဘူး"





"အင်းလေ သမီးတို့သားအဖ ပြေလည်ပါစေလို့ မေမေ ဆုတောင်းရမှာပဲ"

"ပြေလည်မှာပါ မေမေရယ်၊ စိတ်မညစ်နဲ့နော်"

ဒေါ်မေရီက ပန်းပွင့်ဝေ ကျေနပ်စေရန် ခေါင်းညိတ်လိုက်သည်။ စိတ်ထဲမှာတော့ မသက်မသာကြီး ဖြစ်နေသည်။

* * *

ဦးသာမြတ်က ရုံးအဆင်းမှာ ကျော်ဇေယျကိုပြောသည်။

"မင်း ပြန်တော့မလို့လား"

"အန်ကယ် ဘာခိုင်းစရာရှိသေးလဲ၊ ပြောပါ"

"ခိုင်းစရာမရှိဘူး၊ မင်းနဲ့ နှစ်ယောက်တည်း စကားပြောချင် တယ်"

"ဟုတ်ကဲ့"

"အားလုံး ပြန်ကုန်ပြီလား"

"ပြန်ကုန်ပါပြီ၊ မောင်ပွေးပဲ ကျန်တော့တယ်"

ရုံးမှာ ရုံးအကူသဘောနှင့်ရော ရုံးစောင့်သဘောနှင့်ပါ ထားသည့် မောင်ပွေးဆိုသော ကောင်လေးတစ်ယောက်ရှိသည်။ မောင်ပွေးက ရုံးမှာပဲ အိပ်သူဖြစ်သည်။

"ဒါဆို အခန်းတံခါး ပိတ်လိုက်ပါဦးကွယ်"

ကျော်ဇေယျက အခန်းတံခါးကို ပိတ်လိုက်သည်။ ဦးသာမြတ် သူ့ကို နှစ်ကိုယ်ကြား အရေးကြီးသောကိစ္စ ပြောမည်ဆိုသော သိနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ထိုင်ဦးကွာ"

"ဟုတ်ကဲ့ အန်ကယ်"

"မောင်ကျော်ဇေယျကို သမီးနဲ့ပတ်သက်ပြီး အန်ကယ် ပြောချင်လို့"

"ဘာများလဲ အန်ကယ်"

"ပန်းပွင့်က အရွယ်ရောက်နေပြီ၊ ဘွဲ့လဲရပြီးပြီ၊ အလုပ်အကိုင်ကိုလည်း မယ်မယ်ရရ မလုပ်ချင်ဘူး၊ တစ်နေ့တစ်နေ့ လျှောက်လည်ဖို့လောက် စိတ်ကူးနေတာ၊ ဒါကြောင့် သူ့ကို ခြေငြိမ်အောင်လုပ်ချင်တယ်"

"ဟုတ်ကဲ့"

"သူ့ကို အိမ်ထောင်ချပေးချင်တယ်၊ နောက်ပြီး ပန်းပွင့်ရဲ့ခင်ပွန်းဟာ အန်ကယ့်ကို လုပ်ငန်းအတွက်ရော၊ သမီးအတွက်ပါ စိတ်ချရတဲ့သူ ဖြစ်ချင်တယ်"

"ဟုတ်ကဲ့"

"အဲလိုစိတ်ချရတဲ့သူက မောင်ကျော်ဇေယျ တစ်ယောက်ပဲ ရှိတယ်"

ပန်းပွင့်ဝေထံမှာ သိပြီးသားစကားမို့ အံ့သြခြင်းမရှိသော်လည်း ဦးသာမြတ်ထံမှ ပြတ်သားစွာ ထွက်ပေါ်လာသော စကားမို့ အားနာမိသည်မှာ အမှန်ပါ။ ဦးသာမြတ်ရဲ့ မျက်နှာကို ကြည့်ရမှာ အားနာသဖြင့် ခေါင်းလေးငုံ့ထားလိုက်သည်။

"မောင်ကျော်ဇေယျရဲ့ သဘောထားကို ပြောပါဦး"





"ကျွန်တော့်ဘက်က ငြင်းစရာမရှိပါဘူး၊ ဒါပေမဲ့ ပန်းပွင့်ဝေ သဘောထားကိုသာ ဦးမေးပါ၊ ပန်းပွင့် ကျွန်တော့်ကို လက်မခံနိုင်ဘူးဆိုရင် သူ စိတ်ဆင်းရဲမှာစိုးလို့ အန်ကယ် ဒီအစီအစဉ်ကို လက်လျှော့ပေးပါ"

"အန်ကယ်ရဲ့ ဖြစ်စေချင်တဲ့ဆန္ဒကို မောင်ဇေယျက မဖြည့်ဆည်းပေးချင်ဘူးလား"

"ကျွန်တော်တစ်ယောက်တည်းနဲ့ သက်ဆိုင်တာဆိုရင် အန်ကယ် ခိုင်းတာ ဘာကိုပဲဖြစ်ဖြစ် ကျွန်တော် လုပ်ပေးမှာပါ"

"အေးလေ အခုကိစ္စကလဲ မင်းတစ်ယောက်တည်းနဲ့ သက်ဆိုင်တာပဲ"

"မဟုတ်ဘူးလေ အန်ကယ်၊ ပန်းပွင့်နဲ့ ကျွန်တော် နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခုကို ထူထောင်မှာမဟုတ်လား၊ ဒါကြောင့် နှစ်ဦးနှစ်ဖက် ကျေနပ်မှ အောင်မြင်စိတ်ချမ်းသာမှာမို့ပါ"

"မင်းရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူးလား"

"ကျေးဇူးပြုပြီး အန်ကယ် နားလည်ပေးပါ၊ ကျွန်တော့်ကို မလိုလားတဲ့ မိန်းကလေးကို ကျွန်တော် လက်မထပ်ပါရစေနဲ့"

"ပန်းပွင့်က မင်းကို မလိုလားဘူးဆိုတာ မင်းက ကြိုသိနေလား"

"ဟုတ်ကဲ့"

"ဟင်... ဘယ်လိုသိတာလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေ ကြိုတင်ညှိနှိုင်းထားသည်ကို ဦးသာမြတ် သိလို့ မဖြစ်၍ ရှိသမျှအပြစ်ကို သူတစ်ယောက်တည်း တာဝန်ယူလိုက်ပါတော့သည်။

"ကျွန်တော် ပြောမယ့်စကားတွေကို အန်ကယ် နားနဲ့မနာ ဖဝါးနဲ့နာပါ ခင်ဗျာ"

"ပြောစရာရှိတာ ရဲရဲသာပြောပါ"

"မနေ့ညက ကျွန်တော် ပန်းပွင့်ကို ဖွင့်ပြီး မေတ္တာစကားပြောခဲ့ပါတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်၊ ပန်းပွင့်က ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်မယ်ဆိုပြီး ငြင်းဆန်လိုက်ပါတယ်"

"ကြည့်စမ်း၊ ဒီကောင်မလေး အဖေရဲ့သဘောထားကို သိရက်နဲ့ ငြင်းတယ်"

"ပန်းပွင့်ကို စိတ်မဆိုးပါနဲ့ အန်ကယ်၊ ဒါ သူ့အခွင့်အရေးပါ၊ မချစ်မနှစ်သက်တဲ့သူကို ဘယ်မိန်းကလေးမှ လက်ထပ်ချင်မှာ မဟုတ်ပါဘူး"

"ဒါဆို အန်ကယ် ဘယ်လောက်ပဲ သဘောတူတူ ပန်းပွင့်ကို မင်း လက်မထပ်နိုင်ဘူးပေါ့"

"ဟုတ်ကဲ့ပါ၊ အန်ကယ် စိတ်ဆိုးလို့ ဘယ်လိုအပြစ်ပေးပေး ကျွန်တော် ခံယူဖို့အသင့်ပါ"

"ဟူး... ခက်လိုက်တဲ့ လူငယ်တွေ"





ဦးသာမြတ်က စိတ်မသက်မသာနှင့် သက်ပြင်းရှိုက်လိုက်သည်။ သူ့ရဲ့ ရည်ရွယ်ချက်တွေအားလုံး ပျက်စီးသွားပြီမို့ အလွန်စိတ်ခကောင်းဖြစ်နေသည်။

"မင်းကမှ လက်မခံရင် အန်ကယ် ဘယ်လိုမှ စီစဉ်လို့ရတော့မှာ မဟုတ်ဘူး"

"အန်ကယ်ရဲ့စကားကို မနာခံတဲ့အတွက် ကျွန်တော့်ကို ကြိုက်တဲ့အပစ်ပေးပါ၊ အလုပ်က ထုတ်ချင်တယ်ဆိုရင်လဲ ထုတ်လိုက်ပါ"

"ဟာ အဲဒီလောက်အထိ မဖြစ်ပါဘူး မောင်ကျော်ဇေယျရယ်၊ သမီးက လက်မခံရင်လဲ အန်ကယ်တို့ ပိုနေမြဲ ကျားနေမြဲပေါ့"

"ကျွန်တော့်ပေါ် ဒီလိုနားလည်ထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်ကယ်"

"အေးပေါ့ကွာ၊ ဖြစ်ချင်တိုင်းမဖြစ်တဲ့ လောကကြီးထဲမှာ ဆန်းပါဘူးကွာ၊ အန်ကယ် စိတ်လျှော့လိုက်ရမှာပေါ့"

ဦးသာမြတ်ကိုကြည့်ပြီး ကျော်ဇေယျလည်း စိတ်မကောင်းပါ၊ ပန်းပွင့်ဝေရဲ့ အချစ်ကို မရနိုင်တော့သဖြင့် သူ့ရင်ထဲမှာလည်း အလွန်ကြေကွဲစွာ ခံစားနေရသည်မှာ သူ့ကိုယ်သူ အသိဆုံးပါ။

"ပန်းပွင့်လေးရယ်၊ မင်းရဲ့ ချစ်တတ်တဲ့ နှလုံးသားက ဘယ်သူပုတ်နိုးမှ နိုးမှာလဲကွယ်"

"မင်း တစ်စုံတစ်ယောက်ကို လက်မထပ်မချင်း ကိုယ်ကတော့ မင်းရဲ့အချစ်ကိုရဖို့ အမြဲကြိုးစားနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေးငေးငေး ဖြစ်နေသော သူ့မျက်နှာကိုကြည့်ပြီး ဦးသာမြတ်က စာနာစွာပြောသည်။

"မင်း ဘယ်လိုခံစားနေရတယ်ဆိုတာ အန်ကယ် နားလည်ပါတယ်၊ မင်းကို ခွဲမလွှော့ဘဲ ဆက်ကြိုးစားဖို့ အန်ကယ် အကြံပေးချင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်ကယ်"

"အန်ကယ် ပြန်မယ်၊ မင်းရော"

"ကျွန်တော်လဲ ပြန်တော့မယ် အန်ကယ်"

ရုံးခန်းကနေ ဦးသာမြတ်နှင့်အတူ ကျော်ဇေယျက ပြန်ထွက်လာသည်။ ပန်းပွင့်ဝေကို သိပ်ပြီး ချစ်ခင်မြတ်နိုးခဲ့သော်လည်း ပန်းပွင့်ဝေက သူ့ကို မနှစ်သက်သဖြင့် ဦးသာမြတ်ကို ရင်နာနာနှင့်ပင် ငြင်းလိုက်ရသည်။

မိဘတွေရဲ့ ဖိအားနှင့် ပန်းပွင့်ဝေကို သူ မပိုင်ဆိုင်ရက်ပါ။ ပန်းပွင့်ဝေကိုယ်တိုင် သူ့ကို လိုလားစွာ လက်ခံမှ သူ ပန်းပွင့်ဝေကို လက်ထပ်မည်ဖြစ်မည်။

"ပန်းပွင့်လေး မင်း ဘာကြောင့် ကိုယ့်ကို မချစ်နိုင်ရတာလဲ"

ရင်နာစွာကြည့်ပြီး ညည်းညူပြီး ကားကို မောင်းထွက်ခဲ့သည်။

* * *





# အခန်း (၅)

ဦးသာမြတ်က ပန်းပွင့်ဝေအား အတော်မကျေမနပ်နှင့် အိမ်ပြန်သွားသည်။ အိမ်ပြန်ရောက်သည်နှင့် ပန်းပွင့်ဝေကို စာကြည့်ခန်းသို့ ခေါ်ခိုင်းသည်။

"မစိန် ပန်းပွင့်နဲ့ သူ့အမေကို စာကြည့်ခန်းလာခဲ့လို့ သွားပြောစမ်း"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဒေါ်စိန်ကြီးက ဝဖိုင့်သော သူ့ကိုယ်ကြဖင်းကို ခပ်သွက်သွက် သယ်သည်။ ပန်းပွင့်ဝေထံသွားသည်။

"ပန်းပွင့်လေးကို အစ်ကိုကြီးက စာကြည့်ခန်းကို အခုလာခဲ့တဲ့"

"ဖေဖေ ခုမှ ရုံးကပြန်လာတာမဟုတ်လား"

"ဟုတ်တယ်"

ဒေါ်စိန်ကြီးက ပြောပြီး ဒေါ်မေရီကိုခေါ်ဖို့ ထွက်သွားသည်။ ပန်းပွင့်ဝေက တွေးလိုက်မိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မှလွဲရော ကိုဇေယျနဲ့ ဖေဖေ စကားပြောခဲ့ကြပြီထင်တယ်"

"ကိုဇေယျကို ငါ စည်းထုံးထားတာ သိသွားပြီထင်တယ်"

"အဲ့ဒါကို ပြဿနာပဲ၊ ဖေဖေနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုတော့ ရင်ဆိုင်ရတော့မယ်"

"ဒီတိုက်ပွဲမှာ အလံမလဲဘဲ တိုက်နိုင်အောင် ငါ သတ္တိမွေးရမယ်"

ပန်းပွင့်ဝေက ရင်ဆိုင်ရမည့်အရေးကို သတ္တိမွေးပြီး ရင်ကော့ကာ စာကြည့်ခန်းဆီသို့ ချီတက်ခဲ့သည်။ အခန်းဝမှာ ဒေါ်မေရီနဲ့ဆုံသည်။

"ဖေဖေက ဘာဖြစ်လို့ခေါ်တာလဲ မေမေရယ်"

"မသိဘူး သမီးရဲ့၊ မေမေ့ကိုပါခေါ်လို့"

"ပြဿနာရှာဦးမယ် ထင်ပါရဲ့"

"လာ လာ ကြာနေလို့ ပြောဦးမယ်"

ဒေါ်မေရီက တုံ့ဆိုင်းဆိုင်းဖြစ်နေသော သမီးကိုခေါ်ပြီး သူက အလျှင် စာကြည့်ခန်းထဲသို့ ဝင်လိုက်သည်။ ပန်းပွင့်ဝေကလည်း ဝင်လိုက်သည်။

မျက်နှာထားတင်းတင်းနှင့် ထိုင်နေသော ဖခင်ကိုတွေ့လိုက်ရသည်။

"ကြွပါ၊ ဆရာမကြီး ပန်းပွင့်ဝေ"





ပန်းပွင့်ဝေအား လှောင်သောအသံဖြင့် ဦးသာမြတ်က ခေါ်လိုက်သည်။ ပန်းပွင့်ဝေနှင့် ဒေါ်မေရီတို့က စားပွဲရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"အစ်ကို ဘာဖြစ်နေတာလဲ"

ဒေါသတွေထန်နေသော ခင်ပွန်းသည်ရဲ့ မျက်နှာကိုကြည့်ပြီး ဒေါ်မေရီက သူ့ဟန်အတိုင်း လေပြည်လေးနှင့် မေးသည်။

"ဘာဖြစ်နေလဲ ဟုတ်လား၊ မင်းသမီးကို သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်နေတယ်"

"ဟင် အစက ရှင်နဲ့ သိပ်ကို အကျင့်စရိုက်ချင်းတူလို့ ရှင့်သမီးဆို၊ အခုမှ ဘယ်လို ကျွန်မသမီး ဖြစ်သွားရတာလဲ"

ဒေါ်မေရီက ဦးသာမြတ်ရဲ့ ဒေါသတွေ လျှော့ပါးသွားအောင် လေပြည်လေးနှင့် ပြောသော်လည်း ဦးသာမြတ်က ရှူးရှူးရှားရှားနှင့် ဒေါသဖြစ်သွားသည်။

"မေရီ ကိုယ် ဒေါသဖြစ်နေတယ်၊ ဒေါသကိုလာပြီး မဆွနဲ့"

"မေမေက အကောင်းပြောတာပါ ဖေဖေရယ်"

သူ့ကြောင့် မိခင် ဟောက်ဟိန်းခံရသဖြင့် သနားစိတ်ဖြင့် မိခင်ဘက်က ဝင်ပြောသည်။

"နင် လျှာမရှည်နဲ့ ပန်းပွင့်"

ပန်းပွင့်ဝေကို ဟောက်ဟိန်းလိုက်သဖြင့် ပန်းပွင့်ဝေက ထပ်ပြီး ...ခဲ့တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် မိဘားစုနဲ့ စကားပြောတာ အဲလောက် မျက်နှာထားကြီး ဒေါသဖြစ်မနေပါနဲ့"

"ဒေါသဖြစ်စရာရှိလို့ပေါ့၊ မင်းသမီး သိပ်ကိုလွန်တယ်"

"ပန်းပွင့် ဘာလွန်တာလဲ ဖေဖေ"

"အခုမှလာပြီး မသိချင်ယောင် ဆောင်မနေနဲ့"

"ဘာဖြစ်လို့လဲ ဖေဖေရယ်"

"နင် မောင်ကျော်ဇေယျကို ဦးအောင်သွားပြီး စည်းရုံးလိုက်တယ်မဟုတ်လား"

"စည်းရုံးတာမဟုတ်ပါဘူး ဖေဖေရယ်၊ ပန်းပွင့်ရင်ထဲက ခံစားချက်ကို ပွင့်ပွင့်လင်းလင်း တင်ပြတာပါ"

"ဘာတင်ပြတာလဲ၊ ငါ့စကားကို မောင်ကျော်ဇေယျကို နင် အငြေအချာ ငြင်းခိုင်လိုက်တာ မဟုတ်လား"

"အဲ့လိုမဟုတ်ပါဘူး၊ ဖေဖေ ဘယ်လောက်ပဲ သဘောတူတူ ကိုဇေယျကို ပန်းပွင့် လက်မထပ်နိုင်ဘူးလို့ ပြောလိုက်တာပါ"

"အေးလေ အဲ့ဒါ စည်းရုံးလိုက်တာပဲပေါ့"

"ဖေဖေရယ် ဒေါသတွေ နည်းနည်းလျှော့ပါ၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ဖေဖေ နေမကောင်းဖြစ်နေပါ့မယ်"

"အပိုတွေမပြောနဲ့ ပန်းပွင့်၊ ငါ့ကျန်းမာရေးကို ဂရုစိုက်ရင် အစတည်းက ငါ့စကားကို နားထောင်ပြီပေါ့"

"မဟုတ်သေးပါဘူး ဖေဖေရယ်၊ ဖေဖေ ဖြစ်ချင်တဲ့ဆန္ဒတစ်ခု ကြောင့် ပန်းပွင့် လက်မခံနိုင်တဲ့ကိစ္စကို ဇွတ်ကြီးလက်ခံရမယ်ဆိုတာ သိပ်ပြီး သဘာဝမကျပါဘူး"





ပန်းပွင့်ဝေက အတတ်နိုင်ဆုံး စကားကို ပျော့ပျော့ပျောင်းပျောင်း ပြောလိုက်သည်။ ဖခင်ကို လေပြည်လေးနှင့် ရအောင်စည်းရုံးမည်ဟု စိတ်ကူးသည်။

"ဘာသဘာဝမကျတာလဲ"

"ပန်းပွင့်က တကယ်ပေါင်းရမယ့်လူလေ၊ မချစ်မနှစ်သက်တဲ့ သူကို လက်ထပ်မိခဲ့ရင် ပန်းပွင့် တစ်သက်လုံး စိတ်ဆင်းရဲမှာကို ဖေဖေ မတွေးမိဘူးလားဟင်"

"အတူနေရင် သံယောဇဉ်ဆိုတာ ဖြစ်သွားတာပဲ"

"မဟုတ်သေးပါဘူး ဖေဖေရယ်၊ ပန်းပွင့်ပြောတာကို နားထောင်ပါဦး၊ ဖေဖေ သိပ်ချစ်တဲ့သမီးက စိတ်ဆင်းရဲနေမှာကို ဖေဖေ မြင်ရက်သလား"

"နင့်ကို စိတ်ဆင်းရဲအောင်လုပ်တာမှ မဟုတ်ဘဲ၊ ကောင်းစေချင်လို့ စီစဉ်တာ"

"ဖေဖေ့စေတနာကို ပန်းပွင့် နားလည်ပါတယ်၊ ပန်းပွင့်ရဲ့ စိတ်ထားကိုလဲ ဖေဖေ နားလည်ပေးပါ"

ပန်းပွင့်ဝေက ဖခင်ကို လေပြည်လေးထိုးပြီးချော့လိုက်သည်။

"ဖေဖေ့စကားကို ပန်းပွင့် အမြဲနားထောင်လာခဲ့တာ၊ ဒီတစ်ခါ နားမထောင်တာကို ခွင့်လွှတ်ပါ ဖေဖေ၊ ကိုကျော်ဇေယျကို ပန်းပွင့် လက်မထပ်ပါရစေနဲ့"

"စကားကို အပြတ်မပြောနဲ့၊ မောင်ကျော်ဇေယျကို ရင်းရင်းနှီးနှီး နေကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ပန်းပွင့်ရဲ့စိတ်ကို ပြောင်းလဲလာမယ်လို့ ထင်နေတာလား"

"ဟုတ်တယ်"

"ကောင်းပါပြီ၊ ကိုကျော်ဇေယျကို ပန်းပွင့် ပိုပြီးခင်လိုက်ပါ့မယ်၊ ဖေဖေကလဲ ပန်းပွင့်ကို ကတိတစ်ခု ပေးရမယ်"

"ဘာလဲပြော"

"ပန်းပွင့် သဘောမတူရင် ဇွတ်မစီစဉ်ရဘူး"

ဦးသာမြတ်က ပန်းပွင့်ဝေကို စူးစိုက်စွာ ကြည့်လိုက်သည်။ သူနှင့် စိတ်ဓာတ်ခြင်း အလွန်တူသော သမီးသည် ခေါင်းမာသည် ဆိုတာကိုလည်း သူသိသည်။ ပန်းပွင့်ဝေကို သိပ်ချစ်သည့်အတွက် ပန်းပွင့်ဝေကို သူ အလျှော့ပေးရတော့မည်ဖြစ်သည်။

"ကောင်းပြီ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဒီကြားထဲမှာ မဟုတ်မဟပ်သူ တစ်ယောက်ယောက်နဲ့ ငြိစွန်းရင် ဖေဖေ ဘယ်တော့မှ ခွင့်မလွှတ်ဘူးနော်"

"ဟုတ်ကဲ့ပါ"

သားအဖနှစ်ယောက် အချီအချ စကားပြောရင်း ပြေပြေလည်လည် ဖြစ်သွားတော့မှ ဒေါ်မေရီက ပင့်သက်တစ်ခုကို ရှိုက်လိုက်သည်။

စိတ်သက်သာရာရသွားပြီး မျက်နှာပင် ကြည်လင်လာသည်။

"ဖေဖေရယ်၊ ပန်းပွင့် သေသေချာချာ စဉ်းစားပြီး ဖေဖေ စိတ်ချမ်းသာမယ့်အဖြေမျိုး ပေးနိုင်အောင် ကြိုးစားပါ့မယ်၊ တကယ်လို့





ကိုကျော်ဇေယျကို ပန်းပွင့်ရဲ့ နှလုံးသားက လက်မခံဘူးဆိုရင် ပန်းပွင့် ပြတ်ပြတ်သားသား ငြင်းမှာကို ဖေဖေ နားလည်ပေးပါနော်"

"ဟုတ်ပြီ နားလည်ပေးမယ်၊ ပြီးတော့ သမီးကို တစ်ခုမှာထားဦးမယ်"

"ဘာများလဲ ဖေဖေ"

"မောင်ကျော်ဇေယျကို လက်မခံဘဲ သမီးစိတ်ကြိုက် ရွေးခြယ်ခဲ့လို့ရှိရင် အဲ့ဒီရွေးချယ်တဲ့သူဟာ ဖေဖေတို့ ရည်မှန်းထားတဲ့ အရည်အချင်းနဲ့ မကိုက်ညီရင် သမီး နောက်ဆုတ်ရမယ်"

"ဆိုလိုတာ ဖေဖေတို့ သဘောမတူတဲ့လူဆိုရင်လား"

"ဟုတ်တယ်"

"ဖေဖေက ကိုဇေယျကလွဲရင် တခြား ဘယ်သူ့ကိုမှ သဘောတူမှာ မဟုတ်ဘူး မဟုတ်လား"

"အဲဒီလောက်အထိ ဖေဖေ စိတ်ဓာတ်မညံ့ဘူး၊ အကယ်၍ သမီး ရွေးချယ်တဲ့သူဟာ ဖေဖေ သဘောတူနိုင်တဲ့လူဆိုရင် တူပေးမယ်၊ မတူနိုင်တဲ့လူဆိုရင် သမီး အဲ့ဒီလူနဲ့ လမ်းခွဲရမယ်"

ပန်းပွင့်ဝေက ဖခင်ကို မျက်နှာတည်တည်လေးနှင့် ကြည့်နေသည်။ တစ်ဦးတစ်ဦး တူညီသော ခပ်တည်တည် မျက်ဝန်းတွေနှင့် ကြည့်နေသည်။

"ဘယ်လိုလဲ၊ သမီးကိုယ်သမီး မဟုတ်တာမလုပ်ဘူးလို့ ယုံကြည်ချက်ရှိရင် ဖေဖေ ပြောတာကို လက်ခံရမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်လေးရှိသော ပန်းပွင့်ဝေက ဖခင်ရဲ့ တောင်းဆိုချက်ကို လက်ခံသဘောတူလိုက်သည်။

"ကဲ ဒါဆို သွားလို့ရပြီ"

"ဟုတ်ကဲ့"

ဒေါ်မေရီက စာကြည့်ခန်းမှာ ကျန်ရစ်ခဲ့သည်။ ပန်းပွင့်ဝေက ဖခင်နှင့် အပေးအယူတစ်ခု ပြေလည်သွားပြီမို့ လွန်စွာ ဝမ်းသာနေသည်။

သူ့အခန်းသို့ ပန်းပွင့်ဝေ ပြန်ခဲ့သည်။ ခုတင်ပေါ် ပစ်လှဲပြီး စိတ်ကူးတွေ စီနေသည်။

"မေမေ ကျေနပ်အောင်သာ ကိုဇေယျကို ရင်းနှီးပြီး ချစ်အောင်ကြိုးစားမယ်လို့ ပြောလိုက်တော..."

"တကယ့်တကယ်တော့ ကိုဇေယျကို ငါ ဘယ်လိုမှ ချစ်လို့မရဘူးဆိုတာ သိနေတယ်..."

"သူတို့ သဘောမတူတဲ့လူနဲ့လဲ ငါ ဘယ်လိုမှ လက်ထပ်နိုင်မှာမဟုတ်ပါဘူး..."

"မေမေက ပြောတဲ့အတိုင်း လုပ်မှာဆိုတော့ ငါလဲ သတိထားရမယ်၊ မေမေတို့ လက်မခံနိုင်တဲ့လူကို ချစ်လို့မဖြစ်ဘူး..."

"ကိုဇေယျနဲ့ ငါ ရင်မခုန်ပေမဲ့ ငါ တကယ်ချစ်တဲ့လူနဲ့တော့ ရင်ခုန်မှာသေချာတယ်..."

သူ လုံးဝလက်မခံနိုင်သော အလုပ်တစ်ခုကို မလုပ်ရတော့သည့်အတွက် ပန်းပွင့်ဝေက စိတ်လက်ပေါ့ပါး ပျော်ရွှင်သွားသည်။





အတွေးတွေစီရင်း ပန်းပွင့်ဝေ အိပ်ပျော်သွားသည်။

* * *

နောက်တစ်နေ့နံနက် သရဖီရဲ့ရုံးသို့ ပန်းပွင့်ဝေ လိုက်သွားသည်။ ထမင်းစားချိန်ကို ချိန်ကိုက်ပြီးသွားသည်။ အလုပ်လုပ်နေသော သရဖီက ပန်းပွင့်ဝေ သူ့အနားသို့ ရောက်လာသည်ကို မသိပါ။

"ဟိတ်"

စားပွဲရှေ့သို့ ဝုန်းခနဲရောက်သွားပြီး ခေါ်လိုက်သဖြင့် သရဖီက လန့်ဖျပ်တုန်လှုပ်သွားသည်။

"အမလေး လန့်လိုက်တာ ပန်းပွင့်ရယ်"

သရဖီ လန့်ဖျပ်သွားသည်ကို ပန်းပွင့်ဝေက သဘောကျစွာရယ်သည်။

"နင် အားတယ်မဟုတ်လား"

"အလုပ်တွေရှိတယ်"

"ခု ထမင်းစားချိန်ပဲ၊ နင် အားပါတယ်ဟယ်"

"ထမင်းစားချိန်တော့ အားတာပေါ့"

"ဟုတ်ပြီ၊ ဒါဆိုလာ အပြင်မှာ ထမင်းသွားစားရင်းနဲ့ နင့်ကို ပြောစရာရှိတယ်"

"ဒါဆို ခဏစောင့်"

သရဖီက လုပ်လက်စအလုပ်ကို သိမ်းလိုက်သည်။ စားပွဲပေါ်က ပိုက်ဆံအိတ်ကို ကောက်၍လွယ်လိုက်သည်။

"သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တစ်ဆိုင်သို့ ထွက်လာသည်။ ပန်းပွင့်ဝေက ဟင်းလျာများကို မှာလိုက်သည်။

"ငါ့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ ပြောလေ"

"ငါ ကိုဇေယျကို သွားပြီး စည်းရုံးခဲ့ပြီးပြီ"

"ဟုတ်လား"

"အင်း သူက ငါ့ကို ချစ်နေတာတဲ့လေ"

"ဆင်သားပဲ၊ ဒါဆို နင့်အဖေ သဘောတူတာကို အားရဝမ်းသာ လက်ခံမှာပေါ့"

"အဲ့လို လက်ခံမှာစိုးလို့ ငါက ကြိုပြီးကာလိုက်တယ်လေ"

"နင် ဘယ်လိုပြောလိုက်လဲ"

"ကိုဇေယျကို မိတ်ဆွေတစ်ယောက်ကိုပဲ ခင်တယ်၊ အိမ်ထောင်ဖက်အဖြစ် လက်မခံနိုင်ဘူးလို့ ပြောလိုက်တယ်"

"အဲ့ဒီတော့ သူက ဘာပြောလဲ"

"ငါ လက်မခံနိုင်ရင် သူ ရှေ့ကို မတိုးဘူးပေါ့ဟယ်"

"နင့်စကားကို သူ လွယ်လွယ်ကူကူပဲ လက်ခံလိုက်တယ်ပေါ့"

"ငါ့ကိုချစ်လို့ ငါ့အလိုကို လိုက်တာတဲ့၊ ငါ စိတ်မချမ်းသာမယ့်ကိစ္စကို ဘာမှမလုပ်ပါဘူးတဲ့"

"ဟုတ်လား"

"ဒါကြောင့် ဖေဖေက သူ့ကို ပွင့်ပွင့်လင်းလင်း ပြောတဲ့အခါ သူ ငြင်းလိုက်တာပေါ့"





"တောက် နေရာချင်းသာ လဲလိုက်ချင်တယ်"

သရဖီက ကြိတ်မနိုင်ခဲမရ ပုံစံနှင့်ပြောသည်။

"အဲ့ဒါ ဘာဖြစ်တာလဲ"

"ကိုဇေယျကို နင် ငြင်းလိုက်လို့ပဲ၊ ငါသာ နင့်နေရာမှာဆိုရင် ဝမ်းသာအားရ လက်ခံလိုက်မှာပဲ"

"အေးလေ ကိုဇေယျနဲ့ နင်နဲ့သာ အကြောင်းပါရင် သိပ်အဆင်ပြေမှာ"

"အကြောင်းပါဖို့ နေနေသာသာ ငါ့ကို သူက လောကကြီးထဲမှာ ရှိတယ်လို့တောင် မထင်ဘူး၊ သူ့မျက်စိထဲမှာ မြင်နေတာ နင် တစ်ယောက်တည်းကိုပဲ"

စိတ်တိုတိုနှင့် လေသံကို ခပ်ဆောင့်ဆောင့်လေး ပြောလိုက်သော သရဖီကိုကြည့်ပြီး ပန်းပွင့်ဝေက သဘောကျစွာ ရယ်လိုက်သည်။

"ကဲ... ဒေါသတွေ သိပ်မဖြစ်နေနဲ့၊ ထမင်းစားဦး"

"အေးပါ၊ ဒါနဲ့ နင့်အကြောင်း ဆက်ပါဦး"

"ဖေဖေက ငါ ကိုဇေယျကို စည်းရုံးတာသိပြီး ငါ့ကို ကောင်းကောင်းကြိမ်းထားတယ်"

"ဟုတ်လား ပြောပါဦး"

"သူ သဘောတူတဲ့ ကိုဇေယျကို ငြင်းပြီး မဟုတ်တဲ့သူကို ငါ ရွေးလိုက်ရင် သူလဲ ကောင်းကောင်းကြီး ငါ့ကို ဆန့်ကျင်မယ်တဲ့"

"အေးလေ ဟုတ်သားပဲ"

"နင်ကလဲ ဖေဖေ့ဘက်ကချည်း လိုက်ပြောနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အဖေက မှန်တာကို"

"ကိုဇေယျကို အမှတ်ပြည့်ပေးပြီး နင်က အကောင်းခယည်း မြင်နေတော့ ငါ ငြင်းတာ ဘယ်လက်ခံနိုင်မလဲ"

"တကယ်တော်လို့ တကယ်ကောင်းလို့ အကောင်းမြင်တာပဲဟာယ်"

"အေးလေ လူတိုင်းက ကိုယ်ချစ်တဲ့သူကို အကောင်းမြင်တတ်တာချည်းပါပဲ"

"ကောင်းလို့ ကောင်းတယ်ပြောတာပါဟာယ်"

"အေးလေ ထားလိုက်ပါတော့"

"ထားလိုက်ပါတော့ မဟုတ်ဘူး၊ တကယ်ကိုကောင်းတာ"

"အမလေးဟဲ့နော်"

ပန်းပွင့်ဝေက သရဖီကိုကြည့်ပြီး မျက်စောင်းမစ်ခတ်ထိုးလိုက်သည်။

"လှပါတယ်ဆိုမှ သနပ်ခါးမလိမ်းရသေးဘူး ဖြစ်ပါပြီ၊ ကိုဇေယျ ကောင်းတာ ငါ လက်ခံပါတယ်၊ ဒါပေမဲ့ ကောင်းတာနဲ့ ခယစ်တာ တခြားစီလေ၊ သူ့ကို ငါ မချစ်ဘူး"

"အေးလေ၊ နင်က အချစ်ကို သိပ်ပြီး ဦးစားပေးနေတော့ ငါ ဘာမှမပြောလိုတော့ပါဘူး"

"မပြောလိုတော့ရင် ဒီဟင်းတွေ ကုန်အောင်စား"

"ကုန်အောင်စားမယ် စိတ်ချ"

နှစ်ယောက်သား ထမင်းကိုစားရင်း စကားပြတ်သွားပြန်သည်။





"ငါ့ရင်ထဲမှာ ဖေဖေ ဖွတ်မစီစဉ်တာကို ပေါ့ပါးပြီး ဝမ်းသာလိုက်တာဟာယ်"

"မလွဲသာလို့သာ နင့်ကို လက်လျှော့လိုက်တာ၊ နင့်အဖေ စိတ်ထဲမှာ အတော်ဘဝင်မကျဖြစ်မှာပဲ"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ ငါက တကယ်ပေါင်းရမယ့်လူလေ၊ မချစ်တဲ့လူရဲ့ ရင်ခွင်ထဲမှာ မနေနိုင်ပါဘူး"

သရဖီက ပန်းပွင့်ဝေကို သေသေချာချာကြီးကြည့်ပြီး ပြောလိုက်သည်။

"ပန်းပွင့်ရယ် နင်က သိပ်ပြီး စိတ်ကူးယဉ်တာပဲ"

"စိတ်ကူးမယဉ်ပါဘူးဟာယ်"

"တကယ်ဆို မိဘက သင့်တော်လို့ စီမံပေးတာ လက်ခံသင့်တယ်၊ မိဘစကား နားထောင်ရင် မမှားဘူးပေါ့နော်"

"သိပ်ပြီး မင်္ဂလာယူမနေနဲ့၊ စားပြီးသားတွေ နင့်ရှင်းခိုင်းလိုက်မှာနော်"

"အမလေး အဲ့လိုတော့ မလုပ်နဲ့၊ အိတ်ထဲမှာ ငါးရာထက် ပိုမပါဘူး"

"ကြွားလှချည်လား"

"ခပ်ကြွားကြွားပဲလေ"

သူငယ်ချင်းနှစ်ယောက် ရယ်မောစားသောက်ပြီး ပြန်ခဲ့ကြသည်။ ပန်းပွင့်ဝေက သူဖြစ်ချင်သည့်အတိုင်း ဖြစ်ရသည်မို့ အလွန်ကျေနပ်နေသည်မှာ အမှန်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ပန်းပွင့်ဝေသည် ကျော်ဇေယျကို မချစ်နိုင်သည်ကလွဲ၍ ခင်မင်ရင်းနှီးစွာ ပေါင်းပါသည်။ ဖခင်က ကျော်ဇေယျကို ရင်းရင်းနှီးနှီး ဆက်ဆံစေချင်၍ ဖခင် စိတ်ချမ်းသာရန် ဆက်ဆံပါသည်။

ကျော်ဇေယျအပေါ် သူ့ရဲ့ခံစားချက်က လုံးဝပြောင်းလဲခြင်း မရှိပါ။ ရက်တွေသာ ကြာလာသည်။ အချိန်တွေသာ ကုန်သွားသည်။ ကျော်ဇေယျကို မိတ်ဆွေအဆင့်ထက် လုံးဝပို၍မရပါ။

တစ်နေ့သောနံနက်မှာ ဦးသာမြတ်က အိပ်ရာကအထ ခေါင်းမူးသွားသည်။

"သမီးရေ၊ ဒေါက်တာဆီ ဆက်ပါဦး၊ သမီးအဖေ မူးလို့"

ဒေါ်မေရီက အလောတကြီး လှမ်းအော်ပြောလိုက်သဖြင့် ပန်းပွင့်ဝေက မိသားစုဆရာဝန်ထံသို့ ချက်ချင်းဖုန်းဆက်လိုက်သည်။

အိမ်နီးသဖြင့် ဆရာဝန်က ငါးမိနစ်အတွင်း ရောက်လာသည်။ ဦးသာမြတ်အား သွေးချိန်စမ်းသပ်ပြီး ဆေးထိုးပေးသည်။

"ဦး အလုပ်ပင်ပန်းလွန်းနေပြီထင်တယ်"





"ဟုတ်တယ် ဒေါက်တာရယ်"

"သွေးတော်တော်တိုးနေတယ်၊ ဒီတစ်ရက်နှစ်ရက် အိပ်ရာထဲမှာ နားစေချင်တယ်၊ အလုပ်တွေကို ခဏနားထားလိုက်ပါ"

"ဆေးထိုး ဆေးသောက်ထားတာပဲ မရဘူးလား ဒေါက်တာ"

"ဦးရယ် တစ်ရက်နှစ်ရက် နားလိုက်ရင် သက်သာသွားမှာပါ၊ ဘာလို့ မနားချင်တာလဲ"

"ဟုတ်သားပဲ ဖေဖေရယ်၊ နားလိုက်တော့ ဘာဖြစ်မှာလဲ၊ ပြီးတော့ အရေးကြီးတဲ့အလုပ်တွေကို ကိုကျော်ဇေယျ လုပ်ပေးနေတာပဲ"

"မနားဘဲ ဇွတ်ပေးလုပ်နေရင် ဦး ဗုန်းဗုန်းလဲသွားလိမ့်မယ်"

ဆရာဝန်က ထိုသို့ပြောလိုက်တော့ ဦးသာမြတ် ငြိမ်သွားသည်။ ဗုန်းဗုန်းလဲသည်အထိ သူ့ ကျန်းမာရေးကို အထိမခံနိုင်ပါ။

"ကောင်းပါပြီ၊ ဆရာ ပြောတဲ့စကားကို နားထောင်ပါ့မယ်"

"ဒီမနေ့တစ်နေ့လုံး ခုတင်ပေါ်မှာပဲနားပါ"

"ကောင်းပါပြီ ဒေါက်တာ"

ဆရာဝန်က သွေးကျဆေးနှင့် ဗေလီယမ်ကိုပါ တွဲတိုက်စေသဖြင့် ဦးသာမြတ်က မကြာခင်မှာ အိပ်ပျော်သွားသည်။ ကျော်ဇေယျက ဦးသာမြတ် ရုံးသို့မလာနိုင်သဖြင့် ဖုန်းဆက်မေးသည်။ ပန်းပွင့်ဝေကပဲ ကျော်ဇေယျကို တာဝန်ပေးလိုက်သည်။

"ကိုဇေယျရေ ဖေဖေတော့ သွေးတွေတအားတိုးနေလို့ ဆရာဝန်က အိပ်ရာထဲမှာပဲ နားခိုင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား နိုးရိမ်ရလား"

"တစ်ရက်နှစ်တက် နားလိုက်ရင် ကောင်းသွားမှာတဲ့"

"ဟုတ်လား"

"မေမေ့အလုပ်တွေ ကိုဇေယျပဲ ကြည့်လုပ်ထားပါနော်"

"ကောင်းပါပြီ၊ ညနေ ကိုယ်လာခဲ့မယ်"

"ဟုတ်ကဲ့ လာခဲ့ပါ"

ကျော်ဇေယျက တယ်လီဖုန်းကို ချလိုက်သည်။ ပန်းပွင့်ဝေ ထိုနေ့က အပြင်မထွက်ဘဲ အိမ်မှာပဲနေလိုက်သည်။ ဖခင်ကို ပြုစုပေးသည့်အတွက် ဦးသာမြတ်က ကျေနပ်နေသည်။

ညနေစောင်း အလုပ်ဆင်းချိန်မှာ ကျော်ဇေယျက အလုပ်ဖိုင်တွဲတစ်ခုပိုက်ပြီး အိမ်သို့ရောက်လာသည်။ ပန်းပွင့်ဝေနှင့် အလျင်ဦးဆုံးဆုံသည်။

"သက်သာပါတယ်"

"အလုပ်ကိစ္စတစ်ခု အနယ်ကယ် ဆုံးဖြတ်ရမှာမို့ အန်ကယ်နဲ့ ခဏတွေ့လို့ရမလား"

"ရပါတယ်၊ မေမေ့အခန်းထဲကို လိုက်ခဲ့နော်"

ပန်းပွင့်ဝေက ကျော်ဇေယျကို ဦးသာမြတ်ရဲ့ အိပ်ခန်းဆီသို့ ခေါ်သွားသည်။

"ဟော မောင်ကျော်ဇေယျ"

ဦးသာမြတ်က ကျော်ဇေယျကို မြင်သည်နှင့် လှမ်း၍နှုတ်ဆက်လိုက်သည်။





"အန်ကယ်၊ သက်သာပါရဲ့လား"

"သက်သာပါတယ်ကွာ၊ ရုံးမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒီကေ့(စ)ကို အန်ကယ် ဘယ်လိုဆုံးဖြတ်မလဲ သိချင်လို့ပါ"

ဦးသာမြတ်က ဖိုင်တွဲကို ဖတ်ကြည့်ပြီး လုပ်ဆောင်ရန် ကျော်ဇေယျကို ညွှန်ကြားသည်။

"အန်ကယ် ဆုံးဖြတ်တဲ့အတိုင်း ကျွန်တော် သေသေချာချာ လုပ်ပါ့မယ်"

"မောင်ကျော်ဇေယျကို ယုံပြီးသားပါကွယ်"

"အိမ်မှာပဲ အန်ကယ် နားနားနေနေနေပါ၊ အရေးကြီးတဲ့ ကိစ္စဆိုရင် ကျွန်တော် အိမ်ကိုလာပို့ပါ့မယ်"

"ကောင်းပါပြီကွယ်၊ တစ်ရက်နှစ်ရက်နားပြီး အန်ကယ် ရုံးပြန်တက်နိုင်မှလား"

"ကောင်းကောင်းနားလိုက်ပါ အန်ကယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ မင်းတစ်ယောက်ရှိနေတာ အန်ကယ် အားလုံးကို မျက်နှာလွှဲလို့ရတယ်"

ကျော်ဇေယျကို စာပည့်သားချင်းထက် သမက်တော်လိုစိတ်တွေ ဦးသာမြတ်ရဲ့ ရင်ထဲမှာ ဆန္ဒပြင်းပြနေသည်။

"ကျွန်တော် ပြန်ပါဦးမယ် အန်ကယ်"

"ထမင်းစားပြီးမှပြန်လေ"

"ရပါတယ်ခင်ဗျာ"

"ကိုဇေယျကလဲ ဖေဖေက စားစေချင်တာ စားပြီးမှပြန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေက ထိုသို့ခေါ်လိုက်သဖြင့် ကျော်ဇေယျကို အရေးတယူ ဆက်ဆံတာကိုမြင်ပြီး ဦးသာမြတ်က ကျေနပ်သွားသည်။

"သမီးရယ် သူ့ကို ထမင်းကျွေးပြီးမှ ပြန်လွှတ်နော်"

"စိတ်ချ ဖေဖေ၊ မစားဘဲပြန်ကြည့်လေ ပန်းပွင့်က တစ်သက်လုံးမခေါ်ဘဲနေလိုက်မှာ"

"မခေါ်ဘဲတော့ မနေပါနဲ့ ပန်းပွင့်ရယ်၊ စားဆိုရင် စားပါ့မယ်"

"ဒါဆိုလာ၊ သွားစားကြမယ်"

ဦးသာမြတ် မပါသော ထမင်းဝိုင်းမှာ ဒေါ်မေရီနှင့်အတူ ပန်းပွင့်ဝေတို့နှစ်ယောက် စားလိုက်ကြသည်။ ဒေါ်မေရီက ရယ်မော ပြောဆို စားသောက်နေသော သူတို့နှစ်ယောက်ကိုကြည့်ပြီး အလွန် လိုက်ဖက်သောစုံတွဲလို့ စိတ်ထဲက သတ်မှတ်နေသည်။

"သမီးလေးက မောင်ကျော်ဇေယျကို လက်ခံလိုက်ရင် အစစ ပြည့်စုံနေပြီ"

"အားလုံး စိတ်ချမ်းသာကြမယ်၊ ခက်တာ သမီးက လက်မခံဘူး၊ သူမလိုလားတဲ့အလုပ်ကို ဇွတ်တိုးပြီး မလုပ်ရက်ပါဘူးလေ"

ဖွင့်မပြောရက်သော ဖြစ်စေချင်သည့်စန္ဒကို ဒေါ်မေရီက အသံတိတ် ရင်ထဲကပဲ ပြောလိုက်သည်။ ကျော်ဇေယျက စားသောက်ပြီး ခဏတစ်ဖြုတ်သာနေပြီး ပြန်သွားသည်။

နောက်တစ်နေ့မှာ ပန်းပွင့်ဝေက ဦးသာမြတ် အိမ်မှာရှိနေ၍ အပြင်မထွက်ပါ။ ဦးသာမြတ်ကို ပြုစုပေးနေသည်။ နံနက် ဆယ့်တစ်နာရီခန့်တွင် ကျော်ဇေယျက အိမ်သို့ရောက်လာသည်။





သူနှင့်အတူ ယောကျ်ားချော့သည်တစ်ဦးကို တွေ့လိုက်သည်။ မျက်ဝန်းတောက်တောက်နှင့် ချောမွေ့နေသာသူ့ကို မြင်တွေ့စဉ်ခိုက်မှာ ပန်းပွင့်ဝေရဲ့ နှလုံးသားလေး တဖျတ်ဖျတ် ခုန်သွားသည်။

တစ်ဦးကိုတစ်ဦး စူးစူးစိုက်စိုက်ကြည့်မိသည်။ ကျော်ဇေယျက သူတို့နှစ်ယောက်ရဲ့ အကြည့်ကိုမြင်ပြီး မျက်နှာတစ်ချက် ပျက်သွားသည်။

"ပန်းပွင့် အန်ကယ်ရော"

"အခန်းထဲမှာ ရှိပါတယ်"

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ်တို့ရုံးက အန်ကယ် အသစ်ခန့်လိုက်တဲ့ မြင့်သူဇော်လေ"

"ဪ ဟုတ်လား"

တစ်ဦးကိုတစ်ဦး ရွှန်းလဲ့သောအကြည့်များနှင့် ကြည့်ရင်း မြင့်သူဇော်က လျှာသွက်အာသွက်နှင့် ပြောသည်။

"အန်ကယ်ရဲ့သမီး မပန်းပွင့်ဝေ ထင်ပါတယ်"

"ဟင်... ပန်းပွင့်နာမည်ကို သိနေတယ် ဟုတ်လား"

ပန်းပွင့်ဝေက တအံ့တသြနှင့် မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ရုံးမှာ ပန်းပွင့်ဝေရဲ့အကြောင်းက သတင်းမွှေးတယ်လေ"

"ကိုယ် အန်ကယ်နဲ့ သွားတွေ့လိုက်ဦးမယ်"

ကျော်ဇေယျက မျက်နှာထားတည်တည်နှင့် ထိုသို့ပြောပြီး သူတို့အပါးမှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်အကြောင်း ရုံးမှာ ပြောကြလို့လား"

ပန်းပွင့်ဝေက မြင့်သူဇော်ကို မျက်နှာထား ချိုချိုလေးနှင့် မေးလိုက်သည်။

"ဟုတ်တယ်၊ အန်ကယ့်မှာ သိပ်ချော၊ သိပ်လှတဲ့ သမီးတစ်ယောက် ရှိတယ်ဆိုတာ ရုံးရောက်ပြီး နောက်တစ်နေ့မှာပဲ ကိုယ်သိလိုက်တာပါ"

မြင့်သူဇော်က ပန်းပွင့်ဝေကို ယခုမှတွေ့သော်လည်း သိပ်ကို ရင်းနှီးသည့်ပုံစံနှင့် ပြောသည်။

ပန်းပွင့်ဝေက သဘောကျစွာ ရယ်လိုက်ပြီး မေးလိုက်ပြန်သည်။

"အဲဒီ တစ်ဦးတည်းသော သမီးလေးက သိပ်ဆိုးတယ်ဆိုတာ ကိုရော မပြောဘူးလား"

"မပြောကြပါဘူး၊ သိပ်ကို သဘောကောင်းတယ်ဆိုတာကိုပဲ ပြောကြတယ်"

"သိပ်ပြီး ယုံစရာစကား မဟုတ်ပေမယ့် ယုံလိုက်ပါ့မယ်"

ထိုစဉ် ဧည့်ခန်းထဲသို့ ဒေါ်မေရီက ရောက်လာသည်။ မြင့်သူဇော်ရင်ထဲ မချဉ့်မရဲ ဖြစ်သွားသည်။ ပန်းပွင့်ဝေကို လွတ်လပ်စွာ ပြောရမည့် အခြေအနေတွေ လက်လွှတ်ဆုံးရှုံးသွားပါတော့သည်။

"မေမေ သူက ဖေဖေ နောက်ထပ် အလုပ်ခန့်လိုက်တဲ့ ကိုမြင့်သူဇော်တဲ့"

"သြော် ဟုတ်လား၊ တစ်ခါမှ မမြင်ဖူးလို့ အန်တီ နှုတ်မဆက်တာပါ"





ဒေါ်မေရီက သူ့ပုံစံအတိုင်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပြောလိုက်သည်။

မြင့်သူဇော်က ဦးသာမြတ်တို့ မိသားစုရဲ့ အကြောင်းလေးတွေ စုံစမ်းတီးခေါက်ပြီးသားမို့ ဒေါ်မေရီရဲ့ စိတ်နေစိတ်ထားကို သိပြီးဖြစ်သည်။

"သူတို့ပြောကြသလို ဒေါ်မေရီက သိပ်ကိုအေးဆေးတည်ငြိမ်ပါလား"

"ရုံးမှာရော အလုပ်တွေ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်အန်တီ"

"မင်းတို့ အန်ကယ်က နေမကောင်းလို့ အိမ်မှာ အတင်းနားခိုင်းထားပေမဲ့ သူ့စိတ်က ရုံးကိုပဲ တစ်ချိန်လုံးရောက်နေတာ"

"ဟုတ်ကဲ့ အန်ကယ်က ကျွန်တော်တို့ လူငယ်တွေထက်ပိုပြီး အလုပ်လုပ်နိုင်နေတယ်"

"သိပ်ပြီး ပင်ပန်းမခံပါနဲ့လို့ပြောလဲ မရပါဘူးကွယ်"

ဒေါ်မေရီက ခပ်ညည်းညည်းလေးပြောသည်။ ထိုစဉ်မှာပဲ ကျော်ဇေယျက ဧည့်ခန်းထဲ ပြန်ရောက်လာသည်။

"ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် အန်တီ"

မထိုင်တော့ဘဲ တစ်ဆက်တည်း ဒေါ်မေရီကို နှုတ်ဆက်လိုက်သည်။ ထိုင်နေသော မြင့်သူဇော်ကပါ ရပ်လိုက်ပြီး ဒေါ်မေရီကို နှုတ်ဆက်သည်။

"အန်တီ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပန်းပွင့်ဇေ ကိုယ်တို့ပြန်ပါဦးမယ်"

မြင့်သူဇော်က ထိုသို့ တရင်းတနှီး နှုတ်ဆက်လိုက်သဖြင့် ကျော်ဇေယျက ဖျတ်ခနဲ ပန်းပွင့်ဝေရဲ့ မျက်နှာကို ကြည့်လိုက်သည်။

ကြည်လင်ရွှင်ပြုံးနေသော ပန်းပွင့်ဝေရဲ့ မျက်နှာလေးကို မြင်လိုက်ပြီး ရင်ထဲမှာ နုံးခွေခွေကြီး ဖြစ်သွားသည်။

ပန်းပွင့်ဝေက သူတို့နှစ်ယောက်ကို အိမ်တံခါးပေါက်ဝအထိ လိုက်ပို့ပေးသည်။ ရွှဲမက်ဖွယ်ကောင်းသော မြင့်သူဇော်ကို မြင်မြင်ချင်း ပန်းပွင့်ဝေက စိတ်ဝင်စားသွားသည်။

"ဖေဖေ့ရုံးက ဝန်ထမ်းဆိုတော့ မဆိုးပါဘူး"

စိတ်ထဲက ထိုသို့မှတ်ချက်ချလိုက်သည်။ မြင့်သူဇော်နှင့် ပတ်သက်ပြီး သူ့ရင်လည်း တအားခုန်နေပါသည်။

"ရင်ခုန်တာ အချစ်ဆိုရင် ငါ သူ့ကို ချစ်သွားမိတာလား"

သူ့ကိုယ်သူ ဆန်းစစ်ကြည့်သည်။ အချစ်ဆိုတာ မသေချာ မရေရာသေးသော်လည်း မြင့်သူဇော်ကို သူ စိတ်ဝင်စားသွားသည်မှာ အမှန်ပါ။

"သူ့ကိုကြည့်ရတာလည်း ငါ့ကို စိတ်ဝင်စားပုံပဲ"

"ငါ့အဖြစ်က မြင်မြင်ချင်း ချစ်မိတယ်ဆိုတာမျိုးများ ဖြစ်လာမလားမသိဘူး"

ထိုသို့တွေးရင်း ဝမ်းသာကြည်နူးစွာဖြင့် သူ့အခန်းဆီသို့ အပြေးလေးတက်လာခဲ့သည်။ ခုတင်ပေါ် ပစ်လှဲပြီး စိတ်ကူးယဉ်ကမ္ဘာကို ဖွင့်လိုက်မိသည်။

* * *





# အခန်း (၇)

မြင့်သူဇော်က အလွန်ချမ်းသာသော ဦးသာမြတ်ကို စိတ်ဝင်စား၍ သူ့ကုမ္ပဏီရုံးခန်းတွင်းသို့ ရအောင်ဝင်သည်။ အလုပ်ရပြီးနောက် ဦးသာမြတ်ရဲ့ တစ်ဦးတည်းသောသမီး ပန်းပွင့်ဝေရဲ့ သတင်းကိုကြားပြီး လွန်စွာစိတ်ဝင်စားခဲ့သည်။

ပန်းပွင့်ဝေ ချောကြောင်းလှကြောင်းကို ကြားခဲ့စဉ်က ပြောသလောက် မဟုတ်နိုင်ဘူးဟု ထင်ခဲ့သော်လည်း တကယ်တမ်းတွေ့မြင်ရသောအခါ အပြောသည် အမြင်ထက်ပင် နည်းနေကြောင်း တွေ့လိုက်ရသည်။

"ပန်းပွင့်ဝေဟာ သိပ်ကိုလှတဲ့ မိန်းကလေးပဲ၊ ငွေကြေးကလဲ သိပ်ချမ်းသာတော့ ပန်းပွင့်ဝေကို မမက်တဲ့ယောက်ျားဟာ ခပ်ရှားရှားပဲ ဖြစ်လိမ့်မယ်"

"ပန်းပွင့်ဝေကို မြင်လိုက်ရတော့ ငါ့ရင်တွေ တအားခုန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်မြင်ချင်းပဲ ပန်းပွင့်ဝေက ငါ့ကို မလှုပ်သာအောင် ဖမ်းစားလိုက်ပြီကိုး"

"ပန်းပွင့်ဝေရဲ့အချစ်ကို ငါ ရချင်တယ်၊ ပိုင်ဆိုင်ရဖို့ ငါနဲ့ သူ့အခြေအနေချင်း သိပ်ကိုကွာခြားနေတယ်"

"ဘက်စုံပြည့်စုံနေတဲ့ ပန်းပွင့်ဝေကိုသာရရင် ငါ့ဘဝအားလုံး ပြီးပြည့်စုံသွားပြီ"

ပန်းပွင့်ဝေနှင့်အတူ ကပ်ပါလာသည့် ချမ်းသာကြွယ်ဝခြင်းကို မြင့်သူဇော်က မက်မောနေသည်။

"ပန်းပွင့်ဝေကလဲ ငါ့ကို စိတ်ဝင်စားပုံပဲ၊ သူနဲ့ မကြာခဏ တွေ့အောင်လုပ်ပြီး ရင်းနှီးဖို့ကြိုးစားရမယ်"

မြင့်သူဇော်က စိတ်ထဲက စီမံကိန်းတွေ အကွက်ဆင်နေသည်။

* * *

ပန်းပွင့်ဝေက နေမကောင်းသော ဖခင်အနားတွင်နေပြီး ပြုစုရင်းနှင့် စကားတွေပြောနေသည်။ မြင့်သူဇော်ရဲ့အကြောင်းကို သိချင်၍ စကားခင်းနေသည်။

ရုံးက အလုပ်သမားတွေအကြောင်းပြောရင်းနှင့် မြင့်သူဇော်ရဲ့ အကြောင်းကို စပ်စုသည်။

"ဖေဖေ့ရုံးမှာ လူတွေ အသစ်ဘယ်နှစ်ယောက် ထပ်ခန့်လိုက်တာလဲ"

"တစ်ယောက်တည်းပါ၊ ဘာဖြစ်လို့လဲ"





"ဘာမှမဖြစ်ပါဘူး၊ ဟိုနေ့က အသစ်တစ်ယောက်ကို အိမ်လာတော့မှ ပန်းပွင့် တွေ့လို့ပါ"

"အင်း သူ့ကို အလုပ်ခန့်လိုက်တာ နှစ်ပတ်သုံးပတ်လောက်ပဲ ရှိဦးမယ်"

"အလုပ်လုပ်တာရော ဘယ်လိုနေလဲ"

"အင်း မဆိုးပါဘူး"

"ကိုကျော်ဇေယျနဲ့သူ ဘယ်သူက ပိုတော်လဲ"

"သူက အခုမှ အလုပ်ဝင်တာ၊ မောင်ကျော်ဇေယျကို ဘယ်မီနိုင်မလဲကွယ်"

ပန်းပွင့်ဝေက မြင့်သူဇော်အကြောင်းကို မေးနေသဖြင့် ဦးသာမြတ်က စိတ်ထဲမှာ အထူးအဆန်းဖြစ်နေသည်။

"နေပါဦး သမီးက သူ့ကို ဘယ်လိုသိတာလဲ"

"ဟိုနေ့မနက်က အိမ်ကိုလာတော့ ပါလာတယ်လေ"

"ဪ"

ပန်းပွင့်ဝေက ရှေ့ဆက်မေးနေလျှင် ဦးသာမြတ် မကြိုက်မှာစိုး၍ မမေးတော့ပါ။

ဦးသာမြတ်က သွေးပေါင်ချိန်အား ပုံမှန်အတိုင်း မဖြစ်သွားဘဲ နည်းနည်းဆိုးနေသဖြင့် ဆရာဝန်က နောက်ထပ် သုံးလေးရက် အိမ်မှာနားခိုင်းသည်။

မြင့်သူဇော်ကို ပထမဦးဆုံးတွေ့ပြီး သုံးရက်နေတော့ မြင့်သူဇော်က အိမ်သို့ တစ်ခေါက်ရောက်လာပြန်သည်။ ဖခင်ထံဝင်တွေ့ပြီး ပြန်အထွက်မှာ ပန်းပွင့်ဝေက အအေးနှင့် ဧည့်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင့်သူဇော်ကို ဒုတိယအကြိမ် ပြန်ဆုံရိုက်မှာ ပထမအကြိမ်ထက် ပန်းပွင့်ဝေ ရင်ခုန်မိသည်။ သူ့အကြည့်တွေကြောင့်လည်း စကားများမတတ် မနေတတ်မထိုင်တတ် ရှက်သွေးပိုနေသည်။

"ပန်းပွင့်ဝေ၊ ဘယ်မှလျှောက်မလည်ဘူးလား"

"ဟင့်အင်း ဖေဖေ နေမကောင်းတော့ အနားမှာနေပေးနေတယ်"

"လိမ္မာတဲ့ သမီးလေးပေါ့"

"အဲဒီလိုပြောလို့ရပါတယ်"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။

"ပန်းပွင့်ဝေက သဘောကောင်းတယ်နော်"

မြင့်သူဇော်က ပန်းပွင့်ဝေရဲ့ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး ပြောသည်။ သူ့အကြည့်တွေက ညှို့ယူဖမ်းစားနေသည်။ ပန်းပွင့်ဝေက ရယ်မောမောနှင့် ပြန်ဖြေသည်။

"ဖေဖေတို့က ပန်းပွင့်ကို ဆိုးတယ်လို့ပြောကြတာပဲ"

"ပန်းပွင့်က နွဲ့ဆိုးဆိုးတာပဲ ဖြစ်ပါလိမ့်မယ်"

မြင့်သူဇော်က တရင်းတနှီးကြီးခေါ်ပြီး ပြောသည်။ ပန်းပွင့်ဝေ သဘောကျမည့်စကားကိုသာရွေးပြီး သူက ပြောလိုက်သည်။

"ပန်းပွင့်က ကိုယ့်အပေါ် ဘယ်လိုနေလဲမသိဘူး၊ ကိုယ်ကတော့ ပန်းပွင့်ကို မြင်မြင်ချင်း သိပ်ခင်သွားပြီ"

"ပန်းပွင့်လဲ ကိုမြင့်သူဇော်ကို မြင်မြင်ချင်း ခင်ပါတယ်"

"ဒါဆို ပန်းပွင့်ဆီ ကိုယ် ဖုန်းဆက်လို့ရမလား"





"ရပါတယ်"

"ကိုယ့်ကို တယ်လီဖုန်းနံပါတ် ပေးဦးလေ"

ပန်းပွင့်ဝေက သူ့ရဲ့ ဆဲလ်လူလာဖုန်းနံပါတ်ကို ပေးလိုက်သည်။

"ဒီမှာ အဲဒါ ပန်းပွင့်ရဲ့ ကိုယ်ပိုင်ဖုန်းပါ"

"ဒါဆို ကိုယ် အချိန်မရွေး ဆက်လို့ရလား"

"ရပါတယ်"

"ကိုယ် သတိရတဲ့အချိန်တိုင်း ဆက်လိုက်မယ်နော်"

"အင်း"

ပန်းပွင့်ဝေက နှုတ်ခမ်းလေးကို စေ့စေ့ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ မြင့်သူဇော်က ကြာကြာနေရန် သိပ်ပြီးမသင့်တော်သဖြင့် ပြန်ရန်ထလိုက်သည်။

"ကိုယ် ပြန်တော့မယ်နော်၊ ရုံးကို ဒီစာတွေ ပြန်ပို့ရမှာမို့ပါ"

"ကောင်းပါပြီ"

ပန်းပွင့်ဝေက မြင့်သူဇော်ကို ရုံးကားရပ်ထားသော အိမ်ဆင်ဝင်အောက်အထိ လိုက်ပို့ပေးသည်။ ပန်းပွင့်ဝေရဲ့အနားမှာ အိမ်သားများ တစ်ယောက်မျှရှိမနေ၍ မြင့်သူဇော်က ပန်းပွင့်ဝေကို လွတ်လွတ်လပ်လပ်ကြီး ကြည့်ခွင့်ရနေသည်။

ဆင်ဝင်အောက်က ကားထွက်သည်အထိ ပန်းပွင့်ဝေအား ဆွဲဆောင်မှုတွေ အပြည့်အဝ ထည့်ထားသောအပြုံးနှင့် ကြည့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ငါ့ကို တကယ်ညှို့ယူဖမ်းစားနိုင်တာပဲ"

ပန်းပွင့်ဝေက ရင်သိပ်ခုန်စွာနှင့် ထိုသို့တွေးလိုက်သည်။

* * *

ညနေ ရုံးဆင်းချိန်မှာ ကျော်ဇေယျက ဦးသာမြတ်ထံသို့ ရောက်လာသည်။ ပန်းပွင့်ဝေက ကျော်ဇေယျနှင့်အတူ မြင့်သူဇော် များ ပါလာလေမလားလို့ ထွက်ကြည့်သော်လည်း မတွေ့ပါ။

"ကိုဇေယျ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းလေ၊ ပန်းပွင့်က ဘယ်သူပါလာမယ် ထင်လို့လဲ"

ပန်းပွင့်ဝေရဲ့ မျက်နှာကို စူးစမ်းသောအကြည့်တွေနှင့် ကြည့်နေသဖြင့် ပန်းပွင့်ဝေက ဣန္ဒြေအမြန်ဆုံး ဆယ်လိုက်သည်။

ပန်းပွင့်ဝေက ကျော်ဇေယျရဲ့ အကြည့်ကို ရှောင်ရှားရင်း စကားလမ်းကြောင်း လွှဲလိုက်သည်။

"ဖေဖေ ရုံးမလာနိုင်တော့ ကိုဇေယျက ပိုပြီးအလုပ်များနေပြီနော်"

"ကိုယ် အလုပ်ပိုလုပ်ရတာ အရေးမကြီးပါဘူး၊ အန်ကယ် နေကောင်းဖို့သာ အဓိကပါ"

"အဲ့ဒလိုစိတ်ဓာတ်ရှိလို့ ဖေဖေက ကိုဇေယျကို အသည်းစွဲနေတာ"

"အန်ကယ်က ဟုတ်ပါတယ်၊ သူ့သမီးကတော့ ကိုယ့်ကို သိပ်ပြီး အမြင်ကတ်နေမှာ သေချာတယ်"





"ဟင်... ကိုဇေယျက ဘာဖြစ်လို့ အဲ့ဒီလိုပြောတာလဲ"

ပန်းပွင့်ဝေက စိတ်ထဲမှာ နင့်ခနဲဖြစ်သွားပြီး စိတ်မကောင်းစွာနှင့် ကျော်ဇေယျကို မေးသည်။

"ပန်းပွင့်က ကိုယ့်ကို အဖက်တောင်မလုပ်ချင်ဘူး မဟုတ်လား"

"အဲ့လိုကြီး အသားလွှတ် ရန်မလုပ်နဲ့နော်၊ ပန်းပွင့် ကိုဇေယျကို သိပ်ခင်တဲ့ သံယောဇဉ်ကို မလျှောင်နဲ့"

ပန်းပွင့်ဝေက မျက်နှာလေး သုန်မှုန်ပြီး အလိုမကျဖြစ်သွားသည့်အခါမှာ ကျော်ဇေယျက ပျာပျာသလဲ ဖြစ်သွားသည်။

"ပန်းပွင့်ရယ် စိတ်မကောင်းဖြစ်သွားပြီလား၊ ကိုယ် အလကားစတာပါ"

ကျော်ဇေယျက ပြုံးပြုံးရယ်ရယ်နှင့် ထိုသို့ပြောလိုက်မှ ပန်းပွင့်ဝေရဲ့ မျက်နှာလေးက ကြည်လာသည်။

"ပန်းပွင့် ကိုဇေယျကို မချစ်နိုင်တာကလွဲလို့ သိပ်ပြီးခင်ပါတယ်၊ ပန်းပွင့်ရဲ့ ခင်မင်မှုကို နားလည်ပါ ကိုဇေယျရယ်"

"ဟုတ်ပါပြီ ပန်းပွင့်ရယ်၊ နောက်ကို ပန်းပွင့် စိတ်မကောင်းစရာစကားတွေနဲ့ မနောက်ပြောင်တော့ပါဘူး"

"ဟုတ်ယ် မနောက်နဲ့ ပန်းပွင့် ခင်သလို တကယ်ခင်ရင် မနောက်နဲ့နော်"

"ကောင်းပါပြီ ပန်းပွင့်"

ကျော်ဇေယျက ဦးသာမြတ် အခန်းဆီသို့ ထွက်လာသည်မို့ ပန်းပွင့်ဝေကပါ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဧယျနှင့် ဦးသာမြတ် အလုပ်အကြောင်း စကားများ ပြောဆိုတိုင်ပင်ကြသည်ကို စိတ်ရှည်ရှည်နဲ့ ဘေးကနားထောင်နေသည်။ ပြောဆိုပြီးတော့ ဦးသာမြတ်က ပန်းပွင့်ဝေကို ပြောသည်။

"သမီး မောင်ကျော်ဧယျကို ထမင်းကျွေးလိုက်ဦး"

"မစားတော့ဘူး အန်ကယ်"

"ကိုဧယျကလဲ မစားလို့ ဘယ်ရမလဲ စားပြီးမှပြန်နော်၊ ပန်းပွင့် စီနံစီနံ့ကို ပြင်ခိုင်းလိုက်တော့မယ်"

ကျော်ဧယျ မတားနိုင်ခင်မှာဘဲ ပန်းပွင့်ဝေက ဦးသာမြတ် အခန်းကနဲ လှစ်ခနဲ ထွက်လာခဲ့သည်။ ဒေါ်စိန်ကြီးအား ထမင်းပွဲ ပြင်ခိုင်းပြီး ကျော်ဧယျအား လာခေါ်သည်။

"ပန်းပွင့်ရယ် အမြဲလိုလိုကြီး ကိုယ် ထမင်းမစားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အားနာလို့၊ ပြီးတော့ မေမေ ချက်တာတွေ အလကားဖြစ်ကုန်မှာစိုးလို့"

"အဲ့ဒီစကားထဲမှာ အားနာလို့ဆိုတာကြီးကို လက်မခံဘူးနော်၊ ပန်းပွင့်နဲ့ ကိုဧယျတို့က တစ်ဦးကိုတစ်ဦး အားနာစရာမလိုဘူးလေ"

"ဟုတ်ပါပြီ ပန်းပွင့်ရယ်၊ ကိုယ် နောက်ကို အားနာတယ်လို့ မပြောတော့ပါဘူး"

"မပြောတော့ရင် ထမင်းစားလိုက်ပါနော်၊ ကိုဧယျရဲ့ မေမေကို ပန်းပွင့် အတင်းကျွေးလို့ စားခဲ့ရတယ်လို့ ပြောလိုက်နော်"

ပန်းပွင့်ဝေကက ချစ်စဖွယ် မျက်နှာပေးနှင့် ပြောနေသဖြင့် ကျော်ဧယျက အလွန်ငြင်းဆန်ရ ခက်နေသည်။ ပန်းပွင့်ဝေကို





သိပ်ချစ်သူပီပီ ပန်းပွင့်ဝေရဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ထမင်းစားရသည်ကိုလည်း အလွန်နှစ်သက်ပါသည်။

ပန်းပွင့်ဝေနှင့် ထမင်းစားရင်း စကားတွေ များများပြောဖြစ်သည်။ ပန်းပွင့်ဝေရဲ့ စကားတွေထဲတွင် မြင့်သူဇော်အကြောင်းတွေ ပါသည့်အခါ သူ့ရင်မှာ ခုတုတုကြီးနှင့် ခံရခက်ခက် ဖြစ်သွားသည်။

မြင့်သူဇော်ကိုများ ပန်းပွင့်ဝေက စိတ်ဝင်စားနေပြီလားဟု အလွန်စိုးရိမ်တကြီးနှင့် တွေးပြီး ပူပန်မိသည်။ ထမင်းစားသောက်ပြီး သူ ပြန်သည့်အခါ ပန်းပွင့်ဝေက သူ့အား ကားအနားထိ လိုက်ပို့ပေးသည်။

"ပန်းပွင့်"

ပန်းပွင့်ဝေက မပြောပါနှင့်လို့ တားထားသောစကားကို ခမျိုသိပ်နိုင်လွန်း၍ သူ ပြောပါတော့မည်။

"ဘာလဲ ကိုဧယျ"

"ပန်းပွင့်ကျွေးတဲ့ ထမင်းစားပြီး ပန်းပွင့် မကြားချင်ဆုံးစကားကို ပြောရမှာ အားနာပါတယ်"

"ဘာလဲ ကိုဧယျရယ်"

"ကိုယ့်ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖြစ်နေတယ်"

"ဘာကို စိုးရိမ်နေတာလဲ ကိုဧယျရယ်"

"ပန်းပွင့်ကို ကိုယ် သိပ်ချစ်တယ်၊ တစ်ယောက်ယောက်နောက်ကို ပန်းပွင့် ပါသွားမှာကို သိပ်ပြီးစိုးရိမ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖေယျရဲ့ ပန်းပွင့် ထပ်တလဲလဲ ပြောပြီးပါပြီ၊ ကိုဖေယျ ကို ခင်တာထက် ပန်းပွင့် မပိုနိုင်တော့ဘူးလေ"

"ပန်းပွင့်က သိပ်ပြတ်သားတာပဲနော်"

"ဖြစ်မလာနိုင်တဲ့ ကိစ္စကို ပန်းပွင့်က မျှော်လင့်ချက်တွေ ပေးမထားချင်ဘူးလေ"

"ကိုယ် ဘယ်လိုလုပ်မှ ပန်းပွင့်က ကိုယ့်ကို လက်ခံမှာလဲ"

ပန်းပွင့်ဝေက အလွန်စိတ်မကောင်းသည့် မျက်နှာညှိုးငယ်ငယ် လေးဖြင့် ကျော်ဖေယျရဲ့ မျက်နှာနွမ်းနွမ်းကို ကြည့်လိုက်သည်။

"ပန်းပွင့် စိတ်မကောင်းဖြစ်ရုံကလွဲပြီး မတတ်နိုင်ပါဘူး ကိုဖေယျရယ်"

"ကိုဖေယျကို လက်မခံနိုင်တဲ့ ပန်းပွင့်ကိုယ် ပန်းပွင့် စိတ်ဆိုးမိပါတယ်"

"ဆောရီးပဲ ပန်းပွင့်ရယ်၊ ပန်းပွင့် မကြားချင်တဲ့စကားတွေ ကိုယ် ပြောမိတယ်"

"ပန်းပွင့်က မကြားချင်တာ မဟုတ်ပါဘူး၊ ကိုဖေယျ လိုချင်တဲ့ အဖြေ မပေးနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်တာပါ"

"ကဲပါ စိတ်မကောင်းမဖြစ်နဲ့တော့၊ ကိုယ် ပြောတာလဲ မေ့လိုက်တော့"

"ကိုဖေယျက ဘက်စုံပြည့်စုံပြီး သဘောထားလဲ ပြည့်ဝတယ် ကိုဖေယျနဲ့ ထိုက်တန်တဲ့ မိန်းကလေးတစ်ယောက် အမြန်တွေ့ စေလို့ ပန်းပွင့် ဆုတောင်းပေးမယ်သိလား"





"ဆုမတောင်းပါနဲ့ကွာ၊ တိုက်တန်တဲ့ မိန်းကလေးက ကိုယ့်ကို မှ ပြန်မချစ်တာ"

"ကြည့် ပြောပြန်ပြီ"

"ပြန်မယ် ပန်းပွင့်ရေ၊ မပြန်သေးရင် စိ... သဲကစကားတွေ လွတ်လွတ်ထွက်ကုန်လို့"

ကျော်ဖေယျက မချိုပြုံးလေးနှင့်ပြောပြီး ကားမောင်းထွက်သွား သည်။ ပန်းပွင့်ဝေက သူ့ကို စိတ်မချမ့်မြေ့သော အကြည့်လေးနှင့် ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

"ကိုဖေယျရယ် ပန်းပွင့် စိတ်မကောင်းလိုက်တာ"

"အချစ်စိုတာ ခွဲခြမ်းစိတ်ဖြာပြီး ဝေပေးလိုက်လို့ရရင်လေ ပန်းပွင့်ရဲ့ အချစ်တွေ ကိုကျော်ဖေယျအပေါ် ပုံအောပြီး ပေးလိုက်ချင် ပါရဲ့"

ပန်းပွင့်ဝေက စိတ်မကောင်းစွာ ရင်ထဲမှာ တွေးရင်းနှင့် အိမ်ထဲပြန်ဝင်ခဲ့သည်။ မထင်မှတ်ဘဲ ရုတ်တရက် သူ့အတွေးထဲသို့ ထိုးဝင်လာသော ပုံရိပ်တစ်ခုကို တွေ့လိုက်သည်။

"ကိုမြင့်သူဇော်ရယ်၊ မဖိတ်ခေါ်ဘဲ ရှင်က ဘာဖြစ်လို့ ပန်းပွင့်ရဲ့ ရင်ထဲကို တိုးဝင်လာရတာလဲ"

မြင့်သူဇော်ရဲ့ ပုံရိပ်ကိုမြင်ပြီး ပန်းပွင့်ဝေရဲ့ နှလုံးသားလေး ခုန်မြည်သွားသည်။

"ကိုမြင့်သူဇော်ရယ် ရှင့်ကြောင့် ပန်းပွင့်ရင်တွေ ခဏခဏ ခုန်နေလို့ ကြာရင် နှလုံးရောဂါ ဖြစ်ရချည်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ စကားအပြောအဆို ကောင်းသလို သိပ်ကို ဆွဲငင်အားရှိတဲ့ယောကျ်ားတစ်ယောက်ပါပဲ"

"ရှင်ရော ပန်းပွင့်လိုပဲ ပန်းပွင့်ကိုမြင်ရင် ရင်ခုန်သလားဆိုတာ သိချင်လိုက်တာ်"

ပန်းပွင့်ဝေက စိတ်ကူးတွေးများနှင့်အတူ အခန်းပြန်၍ အောင်းနေလိုက်သည်။

* * *





## အခန်း (၈)

နောက်တစ်နေ့ အိမ်ကို ရုံးကိစ္စနှင့် မြင့်သူဇော် ရောက်လာလေမလားလို့ မျှော်မိသော်လည်း ဦးသာမြတ်က အလုပ်ပြန်ဆင်းသည့်မို့ မျှော်လင့်ချက်တွေ လွင့်ပြယ်ရပြန်သည်။

အပြင်မထွက်ရတာကြာ၍ သရဖီနှင့် မတွေ့ရသည်မှာ ကြာပြီမို့ သရဖီရဲ့ရုံးသို့ ထမင်းစားချိန်နှင့်ကိုက်ပြီး ထွက်လာခဲ့သည်။ သရဖီက သူ့ကိုမြင့်ပြီး ဝမ်းသာအားရနှင့် နှုတ်ဆက်သည်။

"ဟယ်... ပန်းပွင့် ပျောက်လှချည်လား"

"ဟုတ်တယ် သရဖီရေ၊ ဖေဖေ နေမကောင်းလို့ အိမ်မှာပဲ နေလို့ ဘယ်မှမထွက်ရဘူး"

"လီမွှာတဲ့သမီးလေး လုပ်နေတယ်ပေါ့"

"ဖေဖေက ပန်းပွင့်ကို သိပ်ချစ်တာဆိုတော့ သူ နေမကောင်းတုန်း သူ့အနားမှာ နေပေးရတာပေါ့"

"အဲ့လိုလိမ္မာလို့ သာဓုခေါ်ပေးလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ခေါ်ပေး၊ သုံးကြိမ်မဟုတ်ဘူး၊ အကြိမ်တစ်ရာလောက် ခေါ်"

ပန်းပွင့်ဝေနှင့် သရဖီတို့ ရယ်မောနောက်ပြောင်နေကြသည်။ သရဖီက လက်ပတ်နာရီကို ငုံ့ကြည့်ပြီးပြောသည်။

"ဟယ်... ထမင်းစားချိန်ကျော်နေပြီ၊ ငါ စားတော့မယ်"

"အပြင်မှာ ထွက်စားမယ်လေ"

"ရပါတယ် ငါ့ထမင်းချိုင့်ပဲ ငါ စားမယ်"

"လာပါ ငါလဲ ဗိုက်ဆာတယ်၊ တစ်ခုခုထွက်စားကြမယ်"

ပန်းပွင့်ဝေက သရဖီကိုခေါ်ပြီး စားသောက်ဆိုင်ဆီသို့ သွားသည်။ စားသောကဖွယ်ရာများမှာစားပြီး သရဖီကို ရင်ထဲက သိပ်ပြောချင်သော စကားများကို ပြောလိုက်သည်။

"ဖေဖေရုံးက ကိုမြင့်သူဇော်ကို ငါ တော်တော်စိတ်ဝင်စားနေပြီ သရဖီရယ်"

"လုပ်ပြီ ဘယ်သူဘယ်ဝါမှန်း မသိနဲ့"

"ဖေဖေ့ရုံးမှာ လုပ်တာလေ၊ ဘယ်သူဘယ်ဝါမှန်း သိတာပေါ့"

"ရုံးမှာလုပ်တာလောက်ပဲ နင် သိနိုင်မှာပေါ့၊ သူ့ရဲ့အကြောင်းကို နင် ဘယ်လိုလုပ် ဂဃနဏ သိနိုင်မှာလဲ"

"လူကောင်းသူကောင်းမို့ ဖေဖေက အလုပ်ခန့်ထားတာပေါ့ ဟယ်"

ဖွတ်တရွတ်နိုင်သော ပန်းပွင့်ဝေကိုကြည့်ပြီး သရဖီက ဆန့်ကျင်ဘက်စကားပြောလည်း သဘောပေါက်မည်မဟုတ်သည်ကို နားလည်လိုက်သည်။





"အေးလေ ထားပါတော့၊ နင်က စိတ်ဝင်စားနေတာ ဟုတ်ပြီ၊ သူကရော နင့်ကို စိတ်ဝင်စားလို့လား"

"စိတ်ဝင်စားပါတယ်"

"နင်က ဘယ်လိုသိတာလဲ"

"သူ့အကြည့်တွေထဲမှာ တွေ့လိုက်တယ်လေ"

"ပန်းပွင့်ရယ် နင် သူ့ကို တကယ်ကြိုက်တော့မှာလား"

"ကြိုက်တော့မှာမဟုတ်ဘူး၊ ကြိုက်နေတာ"

"လူတစ်ယောက်ကို မချစ်ခင် အဲဒီလူကို နင့်မိဘတွေ လက်ခံနိုင်မလားဆိုတာကို နင် ကြိုတင်စဉ်းစားသင့်တယ်"

"အင်း နင်ပြောတာ ဟုတ်တယ်၊ ငါလဲ စဉ်းစားမှာပါ"

"အင်ရာလျှောက်မလုပ်နဲ့နော်၊ စိတ်ဆင်းရဲစရာတွေနဲ့ ကြုံနေရဦးမယ်"

"ဟုတ်ကဲ့ပါ အွားဘွားရယ်၊ သိပ်ပြီး လက်ချာပေးမနေနဲ့၊ မှာထားတာတွေ ကုန်အောင်စားဦး"

"နင်နဲ့ ကိုမြင့်သူဇော်ကို ပေးတွေ့ချင်လိုက်တာ၊ သူ့ပုံစံက တကယ်ခန့်တယ်၊ နင်ပါ စွဲသွားမှာစိုးရိမ်ရတယ်"

"အဲဒါတော့ မပူနဲ့၊ သရဖီတို့က ဘဝသမား အခြေမခိုင်တဲ့ လူမျိုးဆိုရင် မစဉ်းစားဘူး"

"ဟယ်... ကိုမြင့်သူဇော်က အခြေမခိုင်ဘူးလို့ ဘာလို့စွပ်စွဲလိုက်တာလဲ"

"နင့်အဖေရဲ့အလုပ်မှာ ဝင်လုပ်ပြီး ရာထူးလဲသိပ်မရှိတော့ အခြေမခိုင်လို့ပေါ့ဟယ်၊ ခိုင်မှတော့ သူဌေးပဲလုပ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်က ငွေကို ရှေ့တန်းသိပ်တင်တာပဲ"

"ရှေ့တန်းတော့ သိပ်မတင်ပါဘူး၊ တင်ရင် ကိုကျော်ဇေယျကို ဘယ်မှန်းမလဲဟာ"

ပန်းပွင့်ဝေက သူရဖိကိုကြည့်ပြီး သဘောကျစွာ ရယ်သည်။

"နှင့်ရောဂါကလဲ မသေးပါလား"

"အေး မသေးဘူး၊ ကိုကျော်ဇေယျကို အရှင်ရရ၊ အသေရရပဲ"

"ဘာလဲ အမြွတ်ထုတ်ဦးမလို့လား"

"အမလေး... မဦးမချွတ် ဘာလို့အဲလိုကြီး ပြောရတာလဲ၊ ဖွဟဲ့... လွဲဖါစေ ဖယ်ပါစေ"

"နှဝ်ပဲ အသေရရ အရှင်ရရဆို"

"စကားအဖြစ် ပြောတာဟဲ့"

သည်းသည်းလှုပ် ဖြစ်သွားသော သူရဖိကိုကြည့်ပြီး ပန်းပွင့်ဝေက သဘောကျစွာရယ်သည်။

"နှင်ကလဲ အဖြစ်သည်းလိုက်တာယ်"

"သည်းတာပေါ့ ချစ်တာကိုး၊ နှင်လဲ ချစ်တတ်လာရင် ငါ့ကို ကိုယ်ချင်းစာတတ်လာလိမ့်မယ်"

"အေး ဟုတ်တယ်နော်၊ သိပ်ချစ်တယ်ဆိုတဲ့ ခံစားမှုကို မကြာခင် ငါ ခံစားလာရလိမ့်မယ်လို့ ထင်တယ်"

"ဘယ်သူ့ကိုလဲ ကိုမြင့်သူဇော်ကိုလား"

"အင်းပေါ့"

"ကိုမြင့်သူဇော်ကို မချစ်ခင် သူ့အကြောင်းကို နှင် စုံစမ်းဦးနော်"





"အေးပါ"

နှစ်ယောက်သား စားသောက်ပြီး ပြန်ခဲ့ကြသည်။ သူရဖိကို ရုံးသို့ပြန်ပို့ပေးပြီး ပြန်ထွက်အလာ ဆယ်လူလာဖုန်းက မြည်လာ၍ ဖွင့်နားထောင်လိုက်သည်။

"ဟဲလို ပန်းပွင့်"

တစ်ဖက်က အသံချိုချိုကို ကြားလိုက်သည်နှင့် အသံရှင်ကို ပန်းပွင့်ဝေက သိသွားသည်။

"ဟင်... ကိုမြင့်သူဇော်၊ ဘယ်ကဆက်တာလဲ"

"ရုံးကမဟုတ်ဘူး၊ အပြင်ကို အလုပ်ကိစ္စနဲ့ထွက်ရင်း ပန်းပွင့်ကို သတိရလို့"

"သတိရလို့ ဟုတ်လား"

"ဟုတ်တယ်၊ ပန်းပွင့်နဲ့တွေ့ပြီး စကားတွေပြောချင်တာ၊ လူကိုယ်တိုင် မတွေ့နိုင်တာနဲ့ ဖုန်းဆက်လိုက်တာ"

"ဘာပြောချင်လို့လဲ"

"ပန်းပွင့်ကို အမြဲသတိရနေတာလို့ ပြောချင်လို့"

ပန်းပွင့်ဝေရဲ့ ရင်ထဲမှာ မြင့်သူဇော်ရဲ့ စကားကြောင့် တလှိုက်လှိုက်ခုန်မြန်သွားသည်။

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"မသိဘူးကွာ၊ ပန်းပွင့်က ကိုယ့်အတွေးထဲမှာ အမြဲရှိနေတယ်"

ရင်ခုန်လွန်း၍ ပန်းပွင့်ဝေက ဘာစကားပြန်ပြောရမှန်းမသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့် အခု ဘယ်မှာလဲ"

"လမ်းမှာ"

"ဟုတ်လား၊ ပန်းပွင့်နဲ့ စကားပြောချင်လိုက်တာ၊ အလုပ်ကလဲ ရှိနေတယ်"

"ဒါဆို အားတဲ့အခါမှပြောပေါ့"

"အင်း ဟုတ်ပြီ၊ ည ရှစ်နာရီ ဖုန်းဆက်မယ်နော်၊ ပန်းပွင့်အခန်းထဲကနေ စောင့်နေနော်"

"ဟုတ်ကဲ့"

"ကိုယ် ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့"

ပန်းပွင့်ဝေက အလွန်ပျော်ရွှင်စွာနှင့် အိမ်ကိုပြန်လာခဲ့သည်။ မြင့်သူဇော် ရင်ထဲသို့ သူတိုးဝင်နေပြီဆိုတာကိုလည်း သိရှိခံစားလိုက်သည်။

အပြန်လမ်းမှာ အပျော်တွေးများ တွေးပြီး ပြန်လာခဲ့သည်။ ရင်တဲမှာ ပျော်လွန်း၍ ကားကိုပင် ဂရုတစိုက် မောင်းလိုက်ရပါတော့သည်။

* * *

တစ်ညနေလုံး ဘာလုပ်လုပ် စိတ်ထဲက ထိထိမိမိ မရှိပါ။ မြင့်သူဇော် ဖုန်းဆက်မည်ဆို၍ ည ရှစ်နာရီကိုသာ မြန်မြန်ရောက်စေချင်နေသည်။





ညစာ ထမင်းကို မိသားစုနှင့်အတူ စားသောက်ပြီး သူ့အခန်းကိုသာပြန်ရန် စိတ်စောနေသည်။ ဦးသာမြတ်က ထမင်းစားပြီး ပန်းပွင့်ဝေကို ခိုင်းသည်။

"ပန်းပွင့် သမီး၊ ဖေဖေ့ကို ဒီစာတွေ ဖတ်ပြပါဦး"

"ဖေဖေကလဲ တစ်နေ့လုံး ရုံးမှာ အလုပ်တွေလုပ်ခဲ့ပြီးပြီ၊ ညအချိန် အနားယူသင့်ပါပြီ"

"ဒါ အရေးကြီးလို့ ဖတ်ပြစမ်းပါ၊ သမီးရယ်"

ပန်းပွင့်ဝေက နံရံကပ်နာရီကို လှမ်းကြည့်ပြီး စိတ်မောစွာ ပင့်သက်ချလိုက်သည်၊ ခုနစ်နာရီ မထိုးသေးပေမဲ့ သူ့စိတ်က ရှစ်နာရီထိုးရန် စိတ်ဆန္ဒစောစွာနှင့် စောင့်မျှော်နေသည်။

ဖခင်က အတင်းခိုင်းနေသဖြင့် ပန်းပွင့်ဝေက ဇွတ်တိုးပြီးငြင်းရန် ခက်ခဲနေသည်။ စိတ်ကိုလျှော့ပြီး ဦးသာမြတ် ခိုင်းသည်ကို ဖတ်ပြရင်း အကြည့်က နာရီဆီသို့ မကြာခဏ ရောက်သွားသည်။

"သမီး ဘာဖြစ်နေတာလဲ"

စိတ်မငြိမ်သလို အကြည့်လည်း မငြိမ်ဖြစ်နေသော ပန်းပွင့်ဝေကို ဦးသာမြတ်က မေးသည်။

"ဘာမှမဖြစ်ပါဘူး"

"ဖြစ်ပါတယ်၊ သမီး နာရီတကြည့်ကြည့်နဲ့ လုပ်နေတာ ဖေဖေ တွေ့တယ်"

ဖခင်ကို ညာလို့မရတော့၍ ပန်းပွင့်ဝေက တစ်ဝက်တစ်ပျက် မှန်သောစကားကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သရုပ် ဖုန်းဆက်မယ်ဆိုလို့ မျှော်နေတာပါ"

"အမြဲတွေ့နေတဲ့ သူငယ်ချင်းပဲ အရေးမကြီးပါဘူး ဖေဖေ့အလုပ်က အရေးကြီးတယ်၊ ပြီးအောင်ဖတ်ဦး"

ဦးသာမြတ်က ထိုသို့ပြောလိုက်တော့ ပန်းပွင့်ဝေက မလှုပ်သာတော့ပါ။ ဦးသာမြတ် ခိုင်းသည်ကိုလုပ်ရင်း ရှစ်နာရီထိုးသွားပါပြီ။ သူ့အခန်းထဲက ဆယ်လူလာဖုန်းလေး မြည်နေတော့မည်ဟု တွေးလိုက်သည်။

ဦးသာမြတ်က ရှစ်နာရီကျော်သည်အထိ ပန်းပွင့်ဝေကို ခိုင်းသည်။ ပန်းပွင့်ဝေရဲ့ အခန်းတွင်းက ဆယ်လူလာဖုန်းလေး ကြိမ်ကြိမ်မြည်ပြီး ရပ်သွားသည်။

ဦးသာမြတ် ခိုင်းပြီးသည်နှင့် ပန်းပွင့်ဝေက သူ့အခန်းဆီသို့ အပြေးအလွှာ ပြန်လာသည်။ ဆယ်လူလာဖုန်းလေးက အိပ်ရာနားက စားပွဲပေါ်မှာ ငြိမ်သက်စွာ ရှိနေသည်။

"ကိုမြင့်သူဇော် ဆက်ပြီးသွားပြီထင်တယ်"

ဆယ်လူလာဖုန်းကိုကြည့်ပြီး စိတ်ပျက်စွာ တစ်ယောက်တည်း ပြောလိုက်သည်။

"ဖေဖေကလဲ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှ စွတ်ခိုင်းနေတော့တာပဲ"

စိတ်ပျက်လက်ပျက်နှင့် ခုတင်ပေါ်သို့ လှဲလိုက်သည်။ မြင့်သူဇော် နောက်တစ်ခေါက် ပြန်ဆက်ပါစေလို့ မျှော်လင့်နေသည်။

ရှစ်နာရီခွဲပြီးသည်အထိ တယ်လီဖုန်းသံ မမြည်သဖြင့် ပန်းပွင့်ဝေ စိတ်ဓာတ်ကျလာသည်။ မြင့်သူဇော် မဆက်တော့ဘူးဟု ထင်သည်။





ထိုစဉ်မှာ တယ်လီဖုန်းသံမြည်၍ ဝမ်းသာအားရနှင့် ကောက်ကိုင်လိုက်သည်။

"သူဆက်ပြီ"

ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည့်အခါ မျှော်လင့်သော မြင့်သူဇော်ရဲ့ တယ်လီဖုန်း မဟုတ်ဘဲ အခြားသူတစ်ယောက်ရဲ့ဖုန်း မှားဝင်လိုက်သည်။

"တောက်... အရေးထဲ ဖုန်းကမှားဝင်သေး"

မကျေမနပ် ဒေါသနှင့် ဖုန်းကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့်လေး ချလိုက်မိသည်။ စိတ်ပျက်ပျက်နှင့် ခုတင်ပေါ်ကို ပစ်လှဲလိုက်သည်။ ငါးမိနစ်ပင် မကြာခင်မှာ နောက်ထပ် ဖုန်းဝင်လာသည်။

"ပန်းပွင့်လား"

"ဟုတ်တယ် ကိုမြင့်သူဇော်"

ပန်းပွင့်ဝေက ဝမ်းသာလွန်းသော မျက်နှာလေးနှင့် ပြန်ဖြေသည်။

"ကိုယ်ဆက်တာ သုံးခေါက်ရှိပြီ၊ ပန်းပွင့် မကိုင်ဘူးနော်၊ ဘာဖြစ်လို့လဲ"

"ပန်းပွင့် ဖေဖေခိုင်းတာတွေ လုပ်ပေးနေလို့ပါ"

"ရုံးအလုပ်တွေလား"

"ဟုတ်ပါတယ်"

"အန်ကယ်က အိမ်ပြန်ရောက်တာတောင် မနားဘူးလား"

"အလုပ်တွေ အရေးကြီးလို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နားချိန်မှာ ပြည့်ပြည့်ဝဝ နားဖို့ကောင်းတယ်၊ ကျန်းမာရေးက ကြာရင် ထိခိုက်နိုင်တယ်"

"မေမေရော ပန်းပွင့်ပါ ပြောတာပဲ၊ ဖေဖေက ပြောလို့မရဘူး၊ အလုပ်ကို သိပ်ပြီး လောဘကြီးတာပဲ"

"ဟုတ်တယ်နော်"

"ကိုမြင့်သူဇော်က ဘာလို့ဆက်တာလဲ"

"ပန်းပွင့်ကို သတိရလို့လေ"

ပန်းပွင့်ဝေရဲ့ ရင်ထဲမှာ ကြည်နူးစိတ်တွေ လက်ဖြာသွားသည်။

"ခု ဘယ်ကနေ ဆက်တာလဲ"

"အိမ်အနားက စတိုးဆိုင်ကနေ၊ အိမ်မှာ ဖုန်းမရှိတော့ ထွက်ဆက်ရတာပေါ့"

"ဒါဆို စောစောက ခဏခဏဆက်လို့ မောသွားပြီလား"

"ဟင့်အင်း ပန်းပွင့်အတွက်ဆိုရင် ဘယ်တော့မှ မမောဘူး"

"ဘာဖြစ်လို့လဲ"

"ပန်းပွင့်ကို ခင်လို့ပေါ့

"တကယ်လား"

"အင်း၊ ပန်းပွင့်ရော ကိုယ့်ကို မခင်ဘူးလား"

"ခင်တာပေါ့"

"ခင်ရင် ညတိုင်းဆက်မယ် ရမလား"

"ရပါတယ်"

"ဒါဆို ကိုယ် ဖုန်းချလိုက်တော့မယ်၊ မနက်ဖြန်ညကျ ဆက်မယ်နော်"





"ဘယ်အချိန်လဲ"

"ညရှစ်နာရီပဲလေ"

"ကောင်းပါပြီ၊ ပန်းပွင့် စောင့်နေမယ်"

"ဒီနေ့လို ဖုန်းကို အခန်းထဲပစ်ထားခဲ့ပြီး လျှောက်မသွားနေနဲ့နော်"

"စိတ်ချ ဖုန်းနားမှာစောင့်နေမယ်၊ ဖေဖေကလဲ နေ့တိုင်း မခိုင်းပါဘူး"

"ကိုယ်က အပြင်ကဆက်ရတာဆိုတော့ ရှေ့မှာ ဆက်တဲ့လူ ရှိရင် စောင့်နေရသေးတယ်၊ အဲဒီအခါ ပန်းပွင့် စောင့်နေရလို့ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"ဒါဆို ဂွတ်နိုက်နော်"

"ဂွတ်နိုက်"

ပန်းပွင့်ဝေက ဖုန်းကို ပိတ်လိုက်ပြီး အိပ်ရာပေါ် လှဲလိုက်သည်။ ရင်သိမ့်တုန်စွာဖြင့် မြင့်သူဇော်ရဲ့ ပုံရိပ်ကို မျက်ဝန်းထဲမှာ ပြန်လည်မြင်ယောင်နေမိသည်။

"ရှင်ရော ပန်းပွင့်လိုပဲ ခံစားနေရပြီလား ကိုမြင့်သူဇော်ရယ်"

ပန်းပွင့်ဝေက စိတ်လှုပ်ရှားစွာ တွေးနေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

နောက်တစ်နေ့နံနက် ဦးသာမြတ်က ရုံးသို့ရောက်ပြီးမှ ပန်းပွင့်ဝေထံသို့ ဖုန်းဆက်သည်။

"သမီးရေ စာကြည့်ခန်းထဲမှာ ဖေဖေ့ ဖိုင်တွဲအပြာလေး ကျန်ရစ်ခဲ့တယ်၊ လာပေးပါလားကွယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ပန်းပွင့် ခုပဲလာပေးမယ်"

ရုံးသို့ လိုက်သွားလျှင် မြင့်သူဇော်နှင့် တွေ့နိုင်သည်မို့ ပန်းပွင့်ဝေက စိတ်အားထက်သန်စွာနှင့် ရုံးသို့ အမြန်မောင်းခဲ့သည်။

ဦးသာမြတ်ရဲ့ ရုံးခန်းဆီသို့ လျှောက်လာခဲ့သော်လည်း မြင့်သူဇော်ကို မတွေ့ပါ။ ကျော်ဇေယျနှင့် ဆုံသည်။

"ဪ... ပန်းပွင့် ဖိုင်လာပို့တာလား"

"ဟုတ်တယ်"

"ကိုယ်လာယူပေးမလို့ပဲ၊ အန်ကယ်က ခိုင်းနေတာနဲ့ မအားလို့"





"ရပါတယ်၊ ပန်းပွင့် အားနေတာပဲ၊ လာပို့ပေးရတာ အပန်းမကြီးပါဘူး"

ပန်းပွင့်ဝေက ဦးသာမြတ်ကို ဖိုင်ဝင်ပေးပြီး ပြန်ထွက်လာသည်။

"ကိုဇေယျ ပန်းပွင့် ပြန်မယ်နော်"

"ကောင်းပါပြီ ပန်းပွင့်"

ပန်းပွင့်ဝေက ကျော်ဇေယျကို နှုတ်ဆက်ပြီး ရုံးခန်းကအထွက် တံခါးပေါက်ဝမှာ ဝင်လာသော မြင့်သူဇော်နှင့် ဆုံသည်။

"ဟာ... ပန်းပွင့်"

မြင့်သူဇော်က အားပါးတရနှင့် နှုတ်ဆက်သည်။ မြင့်သူဇော်ကို မြင်လိုက်ရ၍ ပန်းပွင့်ဝေက ဝမ်းသာသွားသည်။

"ဖေဖေ ဖိုင်ကျန်ခဲ့လို့ လာပို့တာ"

"ဟုတ်လား ပြန်တော့မှာလား"

"ဟုတ်ကဲ့"

"ညကျရင် ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့"

အခြားသူတွေ တွေ့မြင်သွားမှာစိုး၍ မြင့်သူဇော်က စကားကို တိုတိုတုတ်တုတ်ပြောပြီး ပန်းပွင့်ဝေရဲ့ ရှေ့ကနေ လှည့်ထွက်လာသည်။

မြင့်သူဇော်အား တွေ့ရ၍ မျှော်လင့်ချက်နှင့်လာသော ပန်းပွင့်ဆရဲ့ ဆန္ဒက ပြည့်ဝသွားသည်။ ပျော်ရွှင်မြူးထူးစွာဖြင့် အိမ်ကို ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်သူဇော်က တွေ့လိုက်တိုင်း သပ်ရပ်ပြီး သားနားနေတာပဲ၊ တကယ် ဂျင်တဲ(လ်)မင်း ပုံစံပဲ"

မြင့်သူဇော်ကို မိုးကျရွှေကိုယ်အလား သူ့စိတ်ထဲမှာ အထင်တွေကြီးနေသည်။

* * *

ညစာစားသောက်ပြီး ဦးသာမြတ် သူ့ကို မခိုင်းပါစေနှင့်လို့ ဆုတောင်းခြင်းက ပြည့်စုံသွားသည်။ မိဘတွေ ဂြိုဟ်တုကြည့်နေသည့် အနားတွင် ခဏနေပြီး သူ့အခန်းသို့ ပြန်လာခဲ့သည်။

ခုနစ်နာရီခွဲတည်းက အခန်းအောင်းပြီး မြင့်သူဇော်ရဲ့ တယ်လီဖုန်းအလာကို စောင့်မျှော်နေသည်။ မြင့်သူဇော်က ရှစ်နာရီတိတိမှာ ဆက်သည်။

"ပန်းပွင့် ကိုယ့်ဖုန်းကို စောင့်နေတာလား"

"ဟုတ်တယ်"

"ဒါဆို ကိုယ်နဲ့ စကားပြောချင်နေတာပေါ့"

"ဟုတ်တယ်"

"ကိုယ်လဲ ပန်းပွင့်ကို စကားတွေအများကြီး ပြောချင်တယ်၊ တယ်လီဖုန်းထဲကပြောရတာ အားမရဘူး"

"ဘာလဲ ဖုန်းခတွေ အများကြီးကျမှာ စိုးလို့လား"

"ပိုက်ဆံက အကြောင်းမဟုတ်ပါဘူး၊ ပန်းပွင့်ရဲ့ မျက်နှာလေးကိုကြည့်ပြီး အကြာကြီး စကားပြောချင်တာ"





ပန်းပွင့်ဝေရဲ့ နှလုံးသားလေး လှုပ်ခတ်သွားပြန်သည်။

"ပန်းပွင့်ရော ကိုယ်နဲ့ တွေ့ချင်လား"

"မိတ်ဆွေတွေပဲ၊ တွေ့ချင်တာပေါ့"

"ဟုတ်ပြီ၊ ဒါဆို မနက်ဖြန် ရုံးပိတ်တယ်၊ တစ်နေရာမှာ တွေ့ကြမလား"

"ဘယ်မှာတွေ့ချင်တာလဲ"

"အေးအေးဆေးဆေး စကားပြောလို့ရတဲ့ နေရာပေါ့"

"ပြောလေ ဘယ်နေရာလဲ"

"ကန်တော်ကြီးစောင်းကို လာနိုင်မလား"

"လာနိုင်ပါတယ်"

"ဗိုလ်ချုပ်ကြေးရုပ်အနားမှာ မနက်ရှစ်နာရီလောက် ကိုယ်စောင့်နေမယ်"

"ကောင်းပါပြီ၊ ပန်းပွင့် လာခဲ့ပါ့မယ်"

"ပန်းပွင့် ဆက်ဆက်လာခဲ့နော်"

"စိတ်ချပါ လာပါ့မယ်"

"ပန်းပွင့် မလာမချင်း ကိုယ် စောင့်နေမှာနော်"

"ပန်းပွင့် ဆက်ဆက်လာခဲ့ပါ့မယ်"

"ဒါဆို ကိုယ် ဖုန်းချလိုက်မယ်၊ မနက်ဖြန် လူချင်းတွေ့မှ အေးအေးဆေးဆေး စကားပြောတော့မယ်"

"ဟုတ်ကဲ့"

"ဂွတ်နိုက် ပန်းပွင့် အိပ်မက်လှလှလေး မက်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး"

တစ်ဖက်က မြင့်သူဇော် ဖုန်းချသွားပြီးမှ သူ့ဘက်က ဖုန်းကို ပိတ်လိုက်သည်။

နောက်တစ်နေ့ မြင့်သူဇော်နဲ့တွေ့ရန် စိတ်ကူးယဉ်ရင်း ပန်းပွင့်ဝေက အိပ်ပျော်သွားသည်။

* * *

နောက်တစ်နေ့နံနက် ဦးသာမြတ်က ရုံးပိတ်ရက်ဖြစ်သော်လည်း ကိစ္စရှိ၍ဆိုပြီး အိမ်မှ စောစောထွက်သွားသည်။ ဦးသာမြတ် အိမ်မှာ မရှိတော့ ပန်းပွင့်ဝေက လွတ်လွတ်လပ်လပ် အိမ်မှထွက်သည်။

ဒေါ်မေရီက စောစောစီးစီး အိမ်မှထွက်ရန် ဟန်ပြင်သော သမီးကို မေးသည်။ ပန်းပွင့်ဝေက စောစောစီးစီး ညာလုက်ရသည်။

"သမီး ပန်းပွင့် ဘယ်လဲ"

"သူငယ်ချင်းတစ်ယောက်အိမ်က မွေးနေ့ကို သွားမလို့ မေမေ"

"ဟင် လက်ထဲမှာလဲ မွေးနေ့လက်ဆောင် မပါပါလား"

"ဟုတ်တယ် မေမေရဲ့ မဝယ်ရသေးဘူး၊ ခုသွားရင်းနဲ့ လမ်းမှာဝင်ဝယ်မှာ"

"ဩော်"

"ပန်းပွင့် သွားတော့မယ်နော် မေမေ"

"အေးအေး ကားကို ဖြည်းဖြည်းမောင်းသွားဦး"

"ဟုတ်ကဲ့ပါ မေမေ"





ပန်းပွင့်ဝေက ကန်တော်ကြီးသို့ ကားကို အသော့နှင်ခဲ့သည်။ ဖြည်းဖြည်းမောင်းရန် မိခင်က မှာသော်လည်း စိတ်ဆန္ဒစောစွာ မြန်မြန်လေး မောင်းလိုက်မိသည်။

"အမြဲတမ်း မေမေ့စကားကို နားထောင်တဲ့ငါက ကိုမြင့်သူဇော်နဲ့ပတ်သက်ပြီး ဘာလို့ ဖောက်ပြန်သွားရတာလဲ"

"မြင့်သူဇော်ဆိုတဲ့သူဟာ ငါနဲ့ ဘာမှမသက်ဆိုင်သေးပေမဲ့ ငါ့အပေါ် သိမ်ကိုလွှမ်းမိုးနေပြီ"

ကားမောင်းရင်း လက်ကနာရီကို လှမ်းကြည့်လိုက်သည်။ ရှစ်နာရီထိုးရန် ဆယ်မိနစ် လိုပါသေးသည်။

"ငါ လောလောမောင်းမိတာ မမှားပါဘူး၊ ရှစ်နာရီထိုးတော့မှာပဲ"

ကန်တော်ကြီးစောင်းကို ရောက်ပါပြီ၊ ကားကို ရပ်၍ရသော နေရာတွင် ရပ်ထားလိုက်ပြီး စိုလ်ချုပ်ကြေးရုပ် အနားဆီသို့ လျှောက်ခဲ့သည်။

ဝေ့ဝဲပြီး လှမ်းအကြည့် မြင့်သူဇော်ကို တွေ့မြင်လိုက်ရ၍ ခပ်သွက်သွက်ပင် မြင့်သူဇော်ထံသို့ လျှောက်သွားသည်။ မြင့်သူဇော်ကလည်း သူ့ကိုတွေ့ပြီး ချိုအီနေသော အပြုံးနှင့် တူရူလျှောက်လာသည်။

ကိုမြင့်သူဇော် စောင့်နေတာကြာပြီလား"

"ဆယ်မိနစ်လောက်တော့ရှိပြီ"

"ဒါဆို ရှစ်နာရီ မထိုးခင်ကတည်းက လာစောင့်နေတာပေါ့"

"ဟုတ်တယ်၊ ပန်းပွင့်နဲ့တွေ့ဖို့ စိတ်လောနေလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူဇော်ရဲ့ အဖြေက ပန်းပွင့်ဝေရဲ့ နှလုံးသားကို လှုပ်ခတ်လိုက်ပြန်သည်။

"ကိုယ့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် လာပေးတဲ့အတွက် ကျေးဇူးလဲ တင်တယ်၊ ဝမ်းလဲသာတယ်"

မြင့်သူဇော်က သူ့ကိုယ်သူ ဆွဲဆောင်မှုအရှိဆုံးသော ဟန်အမူအရာတွေဖြင့် ပြောလိုက်သည်။

"ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေးရှိမယ့် နေရာမှာ သွားထိုင်မယ်နော်"

ပန်းပွင့်ဝေက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်လိုက်သည်။ သစ်ပင်ဘစ်ပင်အောက်ရှိ ထိုင်ခုံဆီသို့ ပန်းပွင့်ဝေကို မြင့်သူဇော်က ခေါ်သွားသည်။

သစ်ပင်ရိပ်တစ်ခု ရောက်သောအခါ ပန်းပွင့်ဝေက ထိုင်မည်ပြုသည်။

"နေဦး ပန်းပွင့်"

ထိုင်မည်ဟန်ပြင်နေသော ပန်းပွင့်ဝေကို မြင့်သူဇော်က တားလိုက်သည်။

"ဟင်... ဘာဖြစ်လို့လဲ"

"ဖုန်တွေနဲ့"

ထိုင်ခုံလေးပေါ်မှ ဖုန်မှုန့်များကို မြင့်သူဇော်က သူ့ပိုက်ဆံအိတ်ထဲက တစ်ရှူးစနှင့် သုတ်သင်ပေးသည်။ မြင့်သူဇော်ရဲ့ ဂရုစိုက်မှု သိတတ်မှုက ပန်းပွင့်ဝေ နှလုံးသားကို လှုပ်ရှားကြည်နူးစေပြန်ပါသည်။





"ထိုင်လို့ရပြီ ထိုင်တော့နော်"

ပန်းပွင့်ဝေက ပြုံးရယ်ရွှန်းလဲ့သော မျက်ဝန်းတွေနှင့် မြင့်သူဇော်ကို ကြည့်လိုက်သည်။ အသေးအဖွဲကစပြီး မြင့်သူဇော်က သူ့ကို ဂရုစိုက်သည်ဆိုပြီး ကြည်နူးသွားသည်။

ပန်းပွင့်ဝေ ထိုင်သည့်ဘေးမှာ သူက ထိုင်လိုက်သည်။ ပန်းပွင့်ဝေက သူ့ကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"ကိုမြင့်သူဇော် ဘာတွေများ အရေးတကြီး ပြောချင်နေတာလဲ"

"အရေးကြီးတာပေါ့ ပန်းပွင့်ရယ်၊ ဘဝတစ်ခုလုံးနဲ့ယှဉ်ပြီး အရေးကြီးတာ"

ပန်းပွင့်က ငြိမ်သက်စွာ နားထောင်နေ၍ မြင့်သူဇော်က သူ့စကားကိုဆက်သည်။

"ပန်းပွင့်က တစ်ဦးတည်းသော သမီးနော်"

"ဟုတ်တယ်လေ၊ အဲဒါ ကိုမြင့်သူဇော် သိပြီးသားပဲ"

"ဟုတ်ပါတယ်၊ ကိုလဲ တစ်ဦးတည်းသောသားလို့ ပြောချင်လို့ပါ"

"ဟုတ်လား၊ ကိုမြင့်သူဇော်မှာ မောင်နှမသားချင်း မရှိဘူးလား"

"မောင်နှမလဲ မရှိဘူး၊ မိဘတွေလဲ မရှိတော့ဘူး"

"ဟင်... ဆုံးကုန်ကြတာလား"

"ဟုတ်တယ်"

"စိတ်မကောင်းပါဘူး ကိုမြင့်သူဇော်ရယ်"

"ကိုယ် ငယ်ငယ်ကတည်းက ဆုံးသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုမြင့်သူဇော်ကို ဘယ်သူက ကြည့်ရှုစောင့်ရှောက်ခဲ့တာလဲ"

"ဘကြီး လူပျိုကြီးကပေါ့၊ အဲ့ဒီဘကြီးက အခု ဆုံးသွားပြီ"

"အော် စိတ်မကောင်းစရာပဲ"

"ဘကြီးဆုံးသွားလို့ ကိုယ် ရန်ကုန်ကိုလာပြီး အလုပ်လုပ်တာပေါ့"

"ဒါဆို ဘယ်မှာနေလဲဟင်"

"ဝိုင်အမ်စီအေမှာ သူငယ်ချင်းတစ်ယောက်နဲ့ အတူနေတယ်"

"ဟုတ်လား"

"ကိုယ့်ဘဝ မပြည့်စုံတာကိုသိရလို့ ကိုယ့်ကို ခင်ချင်စိတ်ရှိသေးရဲ့လားဟင်"

ပန်းပွင့်ဝေရဲ့ မျက်နှာကို ညှိုးငယ်စွာကြည့်ပြီး မေးလာသည်။

"ဘာဆိုင်လို့လဲ ကိုမြင့်သူဇော်ရယ်"

"ကိုယ့်အကြောင်းတွေ ပန်းပွင့်သိအောင် ဘာအဖြစ်လို့ ပြောပြနေလဲသိလား"

"ဟင့်အင်း"

"ပန်းပွင့်ကို ကိုယ် သိပ်ချစ်နေပြီဆိုတာကို ပြောပြချင်လို့"

"ရှင်..."

ပန်းပွင့်ဝေရဲ့ ရင်ထဲမှာ လှိုင်းလုံးကြီးတစ်လုံးဝင်ပြီး ရိုက်ခတ်သွားသည်။





"မြင်မြင်ချင်းကတည်းက ပန်းပွင့်ကို ကိုယ် သိပ်ချစ်ခဲ့တာပါ၊ ပန်းပွင့် ကိုယ့်ကို စဉ်းစားနိုင်အောင်လို့ ကိုယ့်အကြောင်းတွေကိုလဲ ပြောပြတာပါ"

"ကိုယ့်တစ်သက်မှာ ပန်းပွင့်တစ်ယောက်တည်းကိုပဲ ချစ်မိတာပါ၊ ဘဝအခြေအနေချင်းမတူလို့ မမီတဲ့ပန်းကို တုံးခုပြီး လှမ်းတယ်လို့ အပြစ်တင်ရင်လဲ ခံရမှာပါပဲ"

မြင့်သူဇော်က သူပြောချင်သော စကားမယားကို ဒရစပ်ပြောနေပါတော့သည်။

"ချစ်တဲ့စိတ်တွေ မမျိုသိပ်နိုင်လွန်းလို့ ကိုယ် ပြောမိပါတယ် ပန်းပွင့်ရယ်၊ ပြီးတော့ ပန်းပွင့်ဆီက တုံ့ပြန်အချစ်လဲ ရချင်တယ်"

"ချက်ချင်းကြီးပဲလား၊ မစဉ်းစားရတော့ဘူးလား"

"မစဉ်းစားပါနဲ့ ပန်းပွင့်ရယ်၊ ကိုယ် ချိန်းတဲ့နေရာကို လာကတည်းက ပန်းပွင့်လဲ ကိုယ့်ကို ချစ်နေပြီဆိုတာ သိသာတာပဲ"

"သေချာလှချည်လား"

"ကဲ သေချာ မသေချာသိအောင် ကိုယ့်ကိုကြည့်ပါဦး ပန်းပွင့်ရယ်၊ ကိုယ့်မျက်လုံးထဲကိုကြည့်ပြီး မချစ်ဘူးလို့ဖြေလေ"

ယောကျ်ားတွေနှင့် မပတ်သက်ဘူးသော ပန်းပွင့်ဝေကို မိန်းမများရဲ့အထာကို ကျွမ်းကျွမ်းကျင်ကျင် သိနေသော မြင့်သူဇော်က သေချာပေါက်ကြီး ပိုင်ပိုင်နိုင်နိုင် ပြောလိုက်သည်။

ပန်းပွင့်ဝေက ရှက်ပြုံးလေးနှင့်အတူ ခေါင်းငုံ့နေသည်ကို အတင်းမော့ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်ရယ် မော့ပြီး ကိုယ့်မျက်လုံးကိုကြည့်ပါဦး"

မြင့်သူဇော်က အတင်းပင် သူ့ကိုကြည့်ခိုင်း၍ ပန်းပွင့်ဝေက မော့ကြည့်သည်။ အကြည့်ချင်း ဂဟေဆက်ပြီး ပန်းပွင့်ဝေက သူ့အကြည့်ကို လွှဲဖယ်၍မရအောင် ဖြစ်သွားသည်။ ရင်ထဲမှာလည်း ရင်ခုန်သံများ ဆူညံသွားသည်။

"ဖြေပြီးပါပြီ ပန်းပွင့်ရယ်၊ ကိုယ့်ကိုလဲ ပန်းပွင့် ချစ်တယ်လို့"

ပန်းပွင့်ဝေထံတွင် ငြင်းဆန်နိုင်သော အင်အားများ ခန်းခြောက်သွားသည်။ မြင့်သူဇော် မေးသောအမေးကို ခေါင်းညိတ်ဖြေမိလျက်သား ဖြစ်သွားသည်။

"ဟာ... ဝမ်းသာလိုက်တာဗျာ ပန်းပွင့်လဲ ကိုယ့်ကို ချစ်တယ်နော်"

"ဟုတ်"

"အရမ်းဝမ်းသာပဲ ပန်းပွင့်ရယ်၊ ဒါဆို ကိုယ်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားပြီပေါ့"

ပန်းပွင့်ဝေက အလှအပဆုံး အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ့်လို အညတရကို ပြန်ချစ်တဲ့အတွက် ပန်းပွင့်ကို သိပ်ကျေးဇူးတင်ပါတယ်ကွာ"

"ကိုမြင့်သူက အညတရ မဟုတ်ပါဘူး၊ ဘာလို့ အားငယ်နေတာလဲ"

"ပန်းပွင့်နဲ့ယှဉ်ရင် ကိုယ်က သိပ်ပြီး နိမ့်ကျလွန်းတယ်လေ"





"ပန်းပွင့်ချစ်တာ ကိုသူ့ကိုပါ၊ ကိုသူ့နောက်မှာပါလာမယ့် ဥစ္စာပစ္စည်းကို မမက်မောပါဘူး"

"လိမ္မာလိုက်တာ၊ ကိုသူ သိပ်ကံကောင်းတယ်နော်၊ ပန်းပွင့်လို အဆင်းရော အချင်းရော ပြည့်စုံနေတဲ့ ချစ်သူရတာ သိပ်ပြီး ကံကောင်းတယ်"

မြင့်သူဇော်နှင့် ပန်းပွင့်ဝေတို့ ချစ်စကားတွေ ပြောမကုန်အောင် ရှိနေသည်။ အချိန်တွေ တရွေ့ရွေ့ ကုန်သွားသည်။ ကိုယ် သတိမပြုနိုင်တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

မြင့်သူဇော်နှင့် ချစ်သူတွေဖြစ်သွားပြီး ပန်းပွင့်ဝေက မိုးမမြင်လေမမြင် ပျော်ရွှင်နေသည်။ သရဖီကို ပြောချင်လွန်း၍ ထိုနေ့ညနေပဲ သရဖီထံသို့ ထွက်လာခဲ့သည်။

"ပန်းပွင့် ဈေးသွားမလို့လား၊ ဒီအချိန် ဈေးတွေပိတ်ပြီလေ"

ပန်းပွင့်ဝေကို တွေ့လိုက်သည်နှင့် သရဖီက လှမ်း၍နောက်ပြောင်ကြို့ဆိုသည်။

"ညနေစောင်းကြီး ဘယ်သူက ဈေးသွားမှာလဲဟ"

"မသိဘူးလား၊ ငါ ရုံးပိတ်ရက်ဆို ဈေးသွားဖို့ နင်ပဲလာခေါ်နေကျမဟုတ်မလား"

"လာဟာ ခြံထဲလာခဲ့၊ နင့်ကို အရေးကြီးတဲ့စကား ပြောမလို့"

"နင့်မျက်နှာကိုကြည့်ရတာ ထန်းလျက်အိုင်ပေါ် မှောက်လျက်ကလာသလိုပဲ၊ ဘာတွေပျော်နေတာလဲ"





"ထန်းလျက်အိုးပေါ် မှောက်လျက်လဲတာ မဟုတ်ဘူး၊ သကြားရေထဲ ဆင်းကူးလာတာဟ"

"ဟုတ်လား ကြားချင်လှပြီ၊ မြန်မြန်ပြောစမ်းပါ"

"အေးပါ ပြောချင်လို့လာတာပဲ"

ခြံထဲရောက်သည်နှင့် ပန်းပွင့်ဝေက ဝင့်ကြွားသည့်ပုံစံနှင့် သရဖီကို ပြောလိုက်သည်။

"ငါ ရည်းစားရပြီ သရဖီရဲ့"

"ဟင်... ဟုတ်လား၊ ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ၊ ကိုမြင့်သူဇော်ပေါ့"

"တကယ်"

"တကယ်ပေါ့ဟာ"

"ဘယ်တုန်းက ရည်းစားဖြစ်သွားတာလဲ"

"ဒီနေ့ပဲ"

"နင် သူ့ကို အဖြေပေးလိုက်ပြီပေါ့"

"နင်ကလဲ ပေးလိုက်ပါပြီဆိုမှ"

"ဒါနဲ့ နင် သူ့အကြောင်းကို လေ့လာဦးမယ်ဆို"

"ဟုတ်တယ်၊ အစက လေ့လာဦးမလို့ပဲ၊ ခုတော့ မလေ့လာနိုင်ခင် သူ့ကို ငါ ချစ်မိ၊ အဖြေပေးမိသွားပြီ"

"သူ့အကြောင်း နင် ဘယ်လောက်သိသေးလို့လဲဟယ်"

"သူပြောသလောက် နည်းနည်းပါးပါး သိပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်တို့က မစဉ်းစားဘဲ ဇွတ်ကြီးလုပ်လိုက်ပြန်ပြီ၊ တကယ်လို့ နင့်မိဘက သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"ဖေဖေတို့ သဘောတူအောင်တော့ ငါ ကြိုးစားရမှာပေါ့ဟယ်"

"ခက်တာပဲ ပန်းပွင့်ရယ်၊ ကိုကျော်ဖေယျနဲ့ယှဉ်ရင် သူက သိပ်နိမ့်ကျလွန်းတယ်၊ နင့်မိဘတွေ သူ့ကို လက်ခံနိုင်မယ် မထင်ဘူး"

"အဲဒါတော့ ကြိုးစားယူရမှာပဲ၊ နင်ကလဲဟယ်၊ ငါ သိပ်ပျော်နေတာကို အဲ့လိုစကားမျိုးတွေနဲ့ စိတ်ညစ်အောင် မလုပ်ပါနဲ့ဟယ်"

"နင် သိပ်ပြီး ကလေးဆန်လွန်းတယ် ပန်းပွင့်ရယ်"

"ကလေးမဆန်လို့ ရည်းစားတောင်ထားနေပြီဟာ"

"နင့်အဖေရဲ့စိတ်ကို သိရက်သားနဲ့ နင် သေသေချာချာ စဉ်းစားပြီးမှ သူ့ကို လက်ခံသင့်တယ်"

"ပြောပြီးပြီကော သရဖီရယ်၊ မစဉ်းစားခင်မှာပဲ သူ့ကို ငါ ချစ်လွန်းလို့ အဖြေပေးလိုက်မိပြီလေ"

"သိပ်ကို ဇွတ်တရွတ်နိုင်တဲ့ နင့်ကို ပြောလို့လဲ အပိုပါပဲ"

"ဟုတ်တယ် တားဖို့လုံးဝမစဉ်းစားနဲ့ လွန်သွားပြီ"

"ရောဂါက တော်တော်သည်းနေပြီလား"

"ဟုတ်တယ်၊ သူ့ကို ရူးရူးမူးမူး ချစ်သွားပြီ"

ပန်းပွင့်ဝေကိုကြည့်ပြီး သရဖီက ပြောလို့လည်း မထူးတော့သည်မို့ ပင့်သက်တစ်ခုကိုသာ ရှိုက်လိုက်သည်။

"ငါ ပြန်တော့မယ်"

"အင်း"





"နင့်ကြည့်ရတာ ငါ့ကို အစာမကြေသလိုပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ငါ့ကို နင် ဂရုမစိုက်ပါနဲ့ နင် စိတ်ချမ်းသာသလိုပဲလုပ်ပါ"

"စိတ်မဆိုးပါနဲ့ဟာ၊ နင် ကိုကျော်ဖေယျကို ချစ်တာ ငါ ဘယ်မှာကန့်ကွက်လို့လဲ"

"သူက ကိုကျော်ဖေယျလို အရည်အချင်းရှိလူ ဟုတ်မဟုတ် နင့် စောင့်မကြည့်တော့ဘူးလား"

"မလိုပါဘူးဟာ အချစ်ဆိုတဲ့ တန်ခိုးရှင်က အရာရာကို ဖုံးလွှမ်းအောင်မြင်နိုင်ပါတယ်"

"အေးလေ နင် စိတ်ချမ်းသာပါစေလို့ပဲ ငါ ဆုတောင်းရမှာပဲ"

"စိတ်မပူနဲ့ ငါ သိပ်ပျော်ပြီး စိတ်ချမ်းသာနေတာ"

"အေးလေ၊ ဒါဆိုပြီးရောပေါ့"

"ငါ ပြန်မယ်နော်"

"မြင့်သူဇော်နဲ့ တစ်ချိန်လုံး လျှောက်မသွားနေနဲ့ဦးနော်"

"အေးပါ ငါ သိပါတယ်"

ပန်းပွင့်ဝေက သရဖီကို နှုတ်ဆက်ပြီး ပြန်ထွက်လာသည်။ ပန်းပွင့်ဝေရဲ့ ရှေ့ရေးသည် သိပ်ပြီး လှပလာမည်မဟုတ်သည်ကို တွေးပြီး သရဖီက သက်ပြင်းတစ်ချက် ပြင်းပြင်းချလိုက်သည်။

ထိုနေ့ည ရုစ်နာရီမှာ မြင့်သူဇော်က ဖုန်းဆက်သည်။ ပန်းပွင့်ဝေက မြင့်သူဇော် ဆက်လိမ့်မည်ဟု မထင်ထားပါ။

"ဟင်.... ကိုသူ ဖုန်းဆက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ပန်းပွင့်က ဘာကိုအံ့ဩနေတာလဲ"

"မနက်ကပဲတွေ့ပြီး ည ဖုန်းဆက်တော့ အံ့ဩနေတာပေါ့"

"ပန်းပွင့်လေးကို သိပ်ချစ်လို့ အချိန်တိုင်း သတိရနေလို့၊ ဆက်လိုက်တာလေ"

"ပန်းပွင့်လဲ ကိုသူ့ကို သတိရပါတယ်"

"ပန်းပွင့်လေးရယ် သိပ်ချစ်တယ်ကွာ"

ပန်းပွင့်ဝေကို ချစ်စကားတွေ ထပ်တလဲလဲပြောသည်။ ထိုစကားတွေကို ကြားရသည့်အခါတိုင်း ပန်းပွင့်ဝေက ကြည်နူးပီတိ ဖြာရပါသည်။

* * *

ပန်းပွင့်ဝေက အခန်းထဲမှာ သူ့ကိုယ်ပိုင် ဟန်းဖုန်းနှင့်မို့ စကားကို လွတ်လွတ်လပ်လပ် အချိန်ကြာမြင့်စွာပြော၍ အဆင်ပြေနေသည်။

"ပန်းပွင့်လေးရယ် ကိုသူတို့ ဘယ်တော့တွေ့ကြဦးမလဲဟင်"

"ကိုသူ အားတဲ့နေ့ တွေ့ကြမယ်လေ"

"မနက်ဖြန် ညစာစားပြီးရင် ဆိုင်တစ်ဆိုင်မှာ တွေ့ကြမလား"

"ညဘက်ဆိုရင် ပန်းပွင့်က သိပ်ထွက်လို့မရဘူး"

"နေ့ဘက်ကျ ကိုသူက မအားဘူးလေ"

"ဒါဆို ရုံးပိတ်ရက်မှပဲ တွေ့ကြတာပေါ့နော်"





"အင်းလေ ဘယ်တတ်နိုင်မလဲ၊ စနေတနင်္ဂနွေကျမှပဲ တွေ့ရမှာပေါ့"

"ညတိုင်း ဖုန်းဆက်ပေါ့ ကိုသူရယ်"

"စိတ်ချ ညတိုင်း ရှစ်နာရီဆိုရင် ကိုသူဆက်မယ်"

"ပန်းပွင့် မျှော်နေမယ်"

"ကောင်းပြီ ဖုန်းချလိုက်မယ်နော်"

"အင်း"

"ပန်းပွင့်ကို ကိုသူ သိပ်ချစ်တယ်"

"ပန်းပွင့်လဲ ချစ်ပါတယ် ကိုသူရယ်"

တစ်ယောက်နှင့်တစ်ယောက် မိုးမမြင်လေမမြင် ချစ်စကားတွေပြောပြီး တယ်လီဖုန်းကို ချလိုက်သည်။

* * *

ရုံးပိတ်ရက်တိုင်း ပန်းပွင့်ဝေတို့ ချိန်းတွေ့သည်။ ဦးသာမြတ်အိမ်မှာရှိသည့်အခါ ပန်းပွင့်ဝေက အကြောင်းအမျိုးမျိုး ဆင်ခြေပြပြီး အိမ်မှထွက်သည်။

"အမေကြီးရယ် သမီး ပန်းပွင့် အပြင်ထွက်လှချည်လား၊ ဘယ်တွေလျှောက်သွားနေတာလဲ"

"ရုံးပိတ်ရက်ဆို သရဖီနဲ့လျှောက်လည်တာ အမေကြီးရဲ့"

"သရဖီနဲ့လည်တာဆို အရေးမကြီးဘူး၊ အခြား မဟုတ်မဟပ်ဘာတွေ လျှောက်လုပ်နေဦးမယ်နော်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အရွယ်ရောက်လာပြီ ပညာအသိဉာဏ် ရှိပါတယ်၊ မဟုတ်မဟပ်တာတွေ မလုပ်ပါဘူး"

"သူက ခွတ်တရွတ်လုပ်ကတတ်တယ်၊ ထင်ရာစွတ်လုပ်နေရင် ခက်မယ်နော်"

"သမီးက မိဘအပေါ် နွဲ့ဆိုးဆိုးတာကလွဲရင် လိမ္မာပါတယ် အဖေကြီးရယ်"

"အေးလေ သမီးလေး လိမ္မာရင် တို့မိဘတွေ စိတ်ချမ်းသာရတာပေါ့"

ပန်းပွင့်ဝေရဲ့ အကြောင်းကို မသိရှာသော မိဘနှစ်ပါးက သမီးအကြောင်းပြောပြီး ကျေနပ်နေကြသည်။

ပန်းပွင့်ဝေသည် တစ်ချိန်ချိန်တွင် ကျော်ဇေယျကို လက်ခံလာလိမ့်မည်ဟု ယုံကြည်နေကြသည်။

BURMESE CLASSIC .com

* * *

ပန်းပွင့်ဝေနှင့် မြင့်သူဇော်တို့က အားလျှင်အားသလို နှစ်ဦးသား တွေ့ဆုံနေကြသည်။ တစ်နေ့သော နေ့လယ်ပိုင်းမှာ ဦးသာမြတ်က အပြင်ကပြန်အလာ စားသောက်ဆိုင်တစ်ဆိုင်ထဲကနေ ပန်းပွင့်ဝေနှင့် မြင့်သူဇော် လက်တွဲပြီး ထွက်လာသည်ကို တွေ့ရသည်။

သူ့မျက်စိမှာ မှောက်မှားစွာ မြင်နေပြီလားဆိုပြီး သေသေချာချာ ကြည့်လိုက်သည်။ ပန်းပွင့်ဝေမှမှန်း သေချာသွားသည့်အခါ မယုံနိုင်လောက်အောင် ခံစားလိုက်ရပြီးမျက်လုံးတွေ ပြာဝေမတတ် ဖြစ်သွားသည်။





ပန်းပွင့်ဝေက မိုးမမြင် လေမမြင် ပျော်နေသည်မို့ ဦးသာမြတ် သူ့ကို တွေ့သွားသည်ကိုပင် မသိလိုက်ပါ။ ဦးသာမြတ်က အိမ်သို့ ပြန်သွားပြီး ဒေါ်မေရီကို ဆူပါလေတော့သည်။

"မေရီ မင်းသမီး အပြင်မှာ ဘာတွေလုပ်နေလဲ မင်း မသိဘူးလား"

"ကျွန်မက အပြင်မှမထွက်တာ၊ ဘာတွေလုပ်နေလဲ ဘယ်သိပါမလဲ"

"ရုံးက အရည်အချင်းမရှိတဲ့ မြင့်သူဇော်ဆိုတဲ့ကောင်နဲ့ ကြိုက်နေပြီသိလား"

"ဟင်... သမီးက ရည်းစားထားနေပြီ ဟုတ်လား"

"ဟုတ်တယ်၊ လက်တွဲပြီး ပျော်မြူးသွားလို့ ပတ်ဝန်းကျင်ကိုလဲ ရှိတယ်လို့တောင် ထင်ပုံမရဘူး"

"ရင်ထိတ်လိုက်တာ အဖေကြီးရယ်၊ အဲလိုလူမျိုးကို သူ ရွေးလိုက်တယ်ဟုတ်လား"

"ဟုတ်တယ်၊ အဲ့ဒီကောင်နဲ့ဆိုရင် ငါ လုံးဝသဘောမတူနိုင်ဘူး"

"သမီးလေးကို တအားမဆူဘဲ ချော့ချော့မော့မော့ ပြောပါ အဖေကြီးရယ်"

အလွန်ဒေါသဖြစ်နေသော ဦးသာမြတ်ကို ပန်းပွင့်အမေ ဒေါ်မေရီက ချွေးသိပ်စွာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာမြတ်က အပြင်မသွားဘဲ ပန်းပွင့်ဆေ ပြန်အလာကို စောင့်နေသည်။ ပန်းပွင့်ဆေ ပြန်လာသည်နှည့် ဆီးစောင့်နေသည်။

အိမ်မှာ ဖြတ်ပျက်နေသောအကြောင်းကို မသိသေးသော ပန်းပွင့်ဝေက ပျော်မြူးထူးစွာနှင့် အိမ်ထဲဝင်လာသည်။ ဒေါသဖြစ်နေသော ဦးသာမြတ်ရဲ့ သုန်သုန်မှုန်မှုန် မျက်နှာကိုမြင်ပြီး လှမ်းနေသော ခြေလှမ်းတွေ တုံ့သွားသည်။

"ဘယ်ကပြန်လာတာလဲ ပန်းပွင့်"

"ပန်းပွင့် သူငယ်ချင်းဆီက ပြန်လာတာပါ ဖေဖေ"

"ဘာသူငယ်ချင်းလဲ၊ နင့်အကြောင်းကို မသိသေးဘူးများ ထင်နေလား ပန်းပွင့်"

ဖခင်ထံမှ ထိုစကားကို ကြားလိုက်ရ၍ ပန်းပွင့်ဆေရဲ့ ရင်ထဲမှာ ထိတ်သွားသည်။

"မြင့်သူဇော်ဆိုတဲ့ကောင်နဲ့ နင် ဘယ်တုန်းက ကြိုက်သွားတာလဲ ပန်းပွင့်"

ဦးသာမြတ်ကို မျက်လုံးပြူးဝိုင်းဝိုင်းလေးနှင့် ပန်းပွင့်ဆေ ကြည့်နေသည်။

"ဖေဖေ ဘယ်လိုသိတာလဲ၊ ဘယ်သူတွေ ပြောလို့လဲ"

"ဘယ်သူမှမပြောဘူး၊ နင်နဲ့သူ လက်တွဲသွားသော ငါကိုယ်တိုင် မြင်ခဲ့တာ"

လိမ်ညာဖို့ လုံးဝစိတ်မကူးသော ပန်းပွင့်ဝေက ဦးသာမြတ်ကို အမှန်အတိုင်း ပြောလိုက်သည်။





"ဟုတ်တယ် ဖေဖေ၊ သူနဲ့သမီး ချစ်သူတွေ ဖြစ်နေပြီ"

"ဘာ... ဒီလိုလူမျိုးကိုမှ နင် ရွေးလိုက်တယ် ဟုတ်လား"

"သူ့ကို ပန်းပွင့် ချစ်လို့ လက်ခံလိုက်တာပါ"

"မိုက်လိုက်တဲ့ သမီး၊ သူ့အကြောင်း နင် ဘယ်လောက်သိလို့လဲ၊ မိဘက အရည်အချင်းရှိပြီး ဘက်စုံပြည့်စုံတဲ့ ကျော်ဇေယျနဲ့ သဘောတူတာကိုငြင်းပြီး ဒီလိုလူမျိုးကိုမှ လက်ခံရသလား"

"ကိုကျော်ဇေယျကို ပန်းပွင့်မှ မချစ်တာ ဖေဖေရယ်"

"သွားစမ်းပါ စိတ်ကူးယဉ်ပြီး ရူးပြီး လျှောက်ပြောမနေနဲ့"

"ပန်းပွင့် စိတ်ကူးယဉ်တာ မဟုတ်ဘူး ဖေဖေ၊ ကိုမြင့်သူဇော်ကို ပန်းပွင့် ချစ်တယ်၊ သူ့ကိုပဲ ပန်းပွင့် လက်ထပ်မယ်"

"အလကား အသုံးမကျတဲ့ကောင်ကိုမှ ရွေးရတယ်လို့"

"ကိုမြင့်သူဇော်က အသုံးမကျဘူးဆိုရင် ဖေဖေက သူ့ကို ဘာလို့ အလုပ်ခန့်ထားလဲ"

"အောင်မယ် အဖေကိုများ သူက အာခံပြီး ပြောရတယ်လို့၊ သူ့ကို ရုံးမှာခန့်ထားတာက အရည်အချင်း မပြည့်ဝလို့ စာရေးလို နေရာမျိုးမှာပဲထားတာ၊ မောင်ကျော်ဇေယျလို အရည်အချင်းရှိတဲ့ သူကိုမှ မန်နေဂျာ ထားတာ"

"တဖြည်းဖြည်း သူကြိုးစားပြီး ကိုဇေယျလို လုပ်ငန်းကျွမ်းကျင်အောင် တော်အောင်လုပ်မှာပေါ့ ဖေဖေရယ်"

"တော်စမ်းပါ ပန်းပွင့်ရယ်၊ အရည်အချင်းမရှိဘဲ ကြိုးစားလို့ ဖြစ်လာမှာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေက မြင့်သူဇော်အပေါ် မတရားပြောဆိုနေသည်လို့ ထင်သည်။

"ဒီလိုကောင်မျိုးနဲ့ နင့်ကို လုံးဝသဘောမတူဘူး"

"မေမေရယ် သူ့အကြောင်းကို မေမေ သေသေချာချာ လေ့လာပါဦး၊ အဲဒီလိုကြီး ယတိပြတ် မပြောပါနဲ့"

"ပြောမယ်၊ အဲ့ဒီကောင်ကို နင် အမြန်ဆုံး အဆက်အသွယ် ဖြတ် မဖြတ်ရင် သူ့ကို အလုပ်ထုတ်ပစ်လိုက်မယ်"

"မေမေနော် ပန်းပွင့်ကို အဲ့လို အကျပ်မကိုင်ပါနဲ့၊ မေမေ အဲ့လိုလုပ်ရင် ပန်းပွင့် သူ့နောက်ကို ချက်ချင်းလိုက်သွားလိုက်မယ်"

ဒေါ်မေရီက အခြေအနေ တင်းမာနေသော သားအဖနှစ်ယောက် စလုံးကိုကြည့်ပြီး လွန်စွာစိတ်ညစ်နေသည်။

"ကဲပါ သားအဖနှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေး ကြပါ၊ တစ်ယောက်နဲ့တစ်ယောက် မာနပြိုင်မနေကြစမ်းပါနဲ့၊ ကျွန်မ စိတ်ညစ်တယ်"

အေးအေးဆေးဆေး နေတတ်သော မိခင်ကိုကြည့်ပြီး ပန်းပွင့်ဆေ က သနားသွားသည်။

"မေမေရယ် မေမေရဲ့ တစ်ယူသန်စိတ်ကြီးကို ခဏဘေးဖယ် ထားပြီး ကိုမြင့်သူဇော်ကို အမြင်ကြည်ကြည်လင်လင်နဲ့ လေ့လာ ပေးပါ"

သမီးရဲ့ ဇွတ်တရွတ်လုပ်တတ်သော စိတ်ကိုသိပြီး ပန်းပွင့်ဝေကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်လို့မဖြစ်မှန်း ဦးသာမြတ်က သိသည်။





ထို့ကြောင့် လိမ္မာပါးနပ်စွာနှင့် ပန်းပွင့်ဝေကို သူ ကိုင်တွယ် ရန် ဆုံးဖြတ်သည်။

"ကောင်းပြီ သူနဲ့ သဘောမတူပေမဲ့ မေမေ့ သူ့ကို လေ့လာမယ်၊ သမီးဘက်ကလဲ မေမေ့ကို ကတိတစ်ခုပေးရမယ်"

"ဘာလဲ ပြောပါ မေမေ"

"ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်ဖြစ် သူ့ကို တစ်နှစ်အတွင်း သမီး လက်မထပ်ရဘူး၊ အဲ့ဒီကတိ ပေးနိုင်မလား"

"သူနဲ့ ပန်းပွင့်ကို ကွဲသွားအောင် မေမေ မလုပ်ဘူးဆိုရင် ပန်းပွင့် ကတိပေးတယ်"

"ကောင်းပြီ သမီးတို့ကို မေမေ မနှောင့်ယှက်ဘူး၊ ဒါပေမဲ့ သူ့ကို စည်းကမ်းနဲ့ သိက္ခာရှိရှိပဲ သမီး ဆက်ဆံရမယ်၊ မပေးသင့်တဲ့ အခွင့်အရေးတွေ သူ့ကို မပေးရဘူး"

"စိတ်ချပါ မေမေလဲ သူ့ကို လေ့လာပါ၊ သဘောမတူနိုင် ဘူးဆိုတဲ့ အစွဲနဲ့တော့ မကြည့်ပါနဲ့ မေမေရယ်"

"ကောင်းပြီ သမီး မေမေ့အပေါ် ကတိတည်ရင် မေမေလဲ သမီးအပေါ်မှာ ကတိတည်မယ်"

"စိတ်ချပါ မေမေ"

သားအဖနှစ်ယောက် ပြေပြေလည်လည်ဖြစ်ပြီး အပေးအယူ ညှိသွားတော့မှ ဒေါ်မေရီလည်း စိတ်သက်သာစွာ ရသွားသည်။

ပန်းပွင့်ဝေက သူ့အခန်းကို ပြန်ခဲ့သည်။ အခန်းထဲရောက်ပြီး စိတ်အစားမလဲသေးဘဲ ထိုင်ပြီး စဉ်းစားခန်းဖွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူဇော်ကို ဦးသာမြတ် လက်ခံလာအောင် ရုံးတွင် အလုပ်ကြိုးစားလုပ်ပြီး ဦးသာမြတ်ကို ပို၍ ရိုသေလေးစားရန် သူ သင်ပေးရပေမည်။

"ကိုဇေယျကို ဖေဖေ သိပ်ပြီး အထင်ကြီး ချစ်ခင်သလို ကိုသူ့ကိုလဲ အထင်ကြီး ချစ်ခင်အောင် ကြိုးစားခိုင်းရမယ်"

"တစ်နေ့ကျရင် ဖေဖေ ငါနဲ့ ကိုသူ့ကို သဘောတူကို တူစေ ရမယ်"

* * *





BURMESE CLASSIC .com

## အခန်း (၁၁)

မြင့်သူဇော်နှင့် တွေ့သည့်အခါ ပန်းပွင့်လေက တစ်နှစ်အတွင်း မြင့်သူဇော်ကို လက်မထပ်ပါဘူးဟု ပေးခဲ့သော ကတိကလွဲပြီး ကျန်စကားများ ပြောပြလိုက်သည်။

"ကိုသူရယ် ကိုကျော်ဇေယျလို တော်အောင်ကြိုးစားနော်၊ ဒါမှ ဖေဖေ အထင်ကြီးမှာ"

"စိတ်ချ ကိုသူ သူ့အလုပ်ကို တော်အောင်ကြိုးစားပါ့မယ်"

"ပြီးတော့ ဖေဖေ့ကို အရင်ကထက်ပိုပြီး ရိုသေလေးစားနော်"

"စိတ်ချ ကိုသူ့ကို သဘောကျပြီး လက်ခံအောင် ကိုသူ ကြိုးစားမယ်သိလား"

"ကိုသူ့ကို ပန်းပွင့် ယုံပါတယ်" _

"ပန်းပွင့်အတွက် ကိုယ် ကြိုးစားပါ့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူဇော်တွင် ရည်ရွယ်ချက်ရှိ၏။ ဦးသာမြတ် သူ့ကို ယုံကြည်အားကိုးလာအောင် ကြိုးစားမည်ဖြစ်သည်။

"ပန်းပွင့်လေးရယ် အခုလိုတွေ့ပြီး အိမ်ပြန်သွားရင် ကိုသူ လုံးဝမနေတတ်တော့ဘူး၊ ပန်းပွင့်လေး အနားမှာပဲ ကိုသူ အမြဲနေချင်တယ်သိလား"

"တစ်နေ့တော့ နေရမှာပေါ့ ကိုသူရယ်"

"အဲ့ဒီတစ်နေ့ကို အဝေးကြီး မစောင့်ချင်ဘူး"

"ဒါဆို ဘယ်လောက်ပဲ စောင့်ချင်လဲ"

"အလွန်ဆုံး တစ်လနှစ်လပေါ့"

"ကိုသူက ခုမှ ပန်းပွင့်တို့ ချစ်သူဖြစ်တာ တစ်လပဲရှိသေးတယ်၊ ချက်ချင်းကြီး လက်ထပ်လို့ ဘယ်ဖြစ်ဦးမလဲ"

"ဘာဖြစ်လို့လဲ ပန်းပွင့်ရယ်"

ဖခင်ကိုပေးထားသော ကတိစကားကို မပြောပြချင်၍ ပန်းပွင့်ဝေက လိမ္မာပါးနပ်စွာ ဖြေလိုက်သည်။

"ခုကြိုက် ခုလက်ထပ်တာမျိုး ပန်းပွင့် မကြိုက်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ချစ်သူဘဝနဲ့ နည်းနည်း ပျော်ချင်သေးတယ်လေ"

"အိမ်ထောင်ပြုပြီးလဲ ပျော်လို့ရတာပဲ"

"ရည်းစားဘဝနဲ့ အိမ်ထောင်သည်ဘဝက မတူဘူးလေ၊ ကိုသူရယ် ရည်းစားဘဝနဲ့ လွတ်လွတ်လပ်လပ် ပျော်ချင်သေးတယ်"

"ပန်းပွင့်က ကိုသူ ချစ်သလောက် မချစ်သ--ိုပဲနော်"





"ချစ်တာပေါ့ ကိုသူရယ်၊ သိပ်ချစ်လို့ မိဘတွေကိုဆန့်ကျင်ပြီး ကိုသူ့ကို လက်ခံတာပေါ့"

"ပန်းပွင့်က မိဘတွေကို ဆန့်ကျင်ရတယ် ဟုတ်လား"

"ဟုတ်တယ်လေ သူတို့ သဘောတူထားတာ တစ်ယောက်လေ"

"ဘယ်သူလဲ"

"ကိုကျော်ဇေယျလေ"

မနာလို ဝန်တိုစိတ်တွေနှင့် မြင့်သူဇော်ရဲ့ မျက်ထောက်ကလေးက ကျဉ်းသွားသည်။

"ဟုတ်လား၊ ဒါကြောင့် အဲ့ဒီတစ်ယောက်က ရုံးမှာ ပါဝါတွေ စွတ်ပြနေတာကိုး"

"ဟိုးဆရာ ဟိုး၊ ကိုဇေယျကို အဲ့လိုကြီးမပြောနဲ့၊ ကိုဇေယျက အဲ့လိုလူစား မဟုတ်တာ ပန်းပွင့် သိတယ်"

"ပန်းပွင့်က သူ့ကိုထိလို့ နာသွားတာလား"

"ဟုတ်တယ်"

"ပန်းပွင့်နော်၊ ကိုသူ မနာလိုဖြစ်အောင် မသုပ်နဲ့"

"ကိုသူ မနာလိုစရာ မလိုဘူးလေ၊ ကိုဇေယျက ပန်းပွင့်ရဲ့ အခင်ဆုံး သူငယ်ချင်း၊ သူ့ကို အထင်လွဲပြီး စွပ်စွဲရာ ပန်းပွင့် မကြိုက်ပါဘူး"

"ကိုသူပြောသာကိုလဲ မကြိုက်ဘူး"

"ပိုလို့တောင် မကြိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူက ပန်းပွင့်ရဲ့ ချစ်သူလေ"

"ပန်းပွင့်ရဲ့ ချစ်သူမို့ ပန်းပွင့်က ပိုပြီး ဖြူစင်စေချင်တယ်၊ သူတစ်ပါး ကို မဟုတ်မဟပ် မပြောစေချင်တာပေါ့၊ ကိုသူ အဲ့လိုပြောတာ သူများတစ်ယောက်ယောက် ကြားသွားရင် ကိုသူ့ကိုပဲ အထင်သေးမှာ"

"မဟုတ်တာ ပန်းပွင့်ရယ်"

"ဟုတ်တာမှ သိပ်ဟုတ်တာ၊ ကိုဇေယျက ဖေဖေနဲ့ လက်တွဲခဲ့တဲ့ နှစ်ပေါင်းက မနည်းဘူးလေ၊ သူ့စိတ်ထား ပြည့်ဝလို့ ရုံးက အားလုံး သူ့ကို ချစ်ခင်လေးစားကြတယ်"

"သူ့ကို အဲ့ဒီလောက် အထင်ကြီးပြီး ပန်းပွင့် သူ့ကို ဘာဖြစ်လို့ လက်မခံတာလဲ"

"ရှင်းပါတယ် ကိုသူရယ်၊ မချစ်လို့ပေါ့၊ အချစ်မှာ အထင်ကြီးတာ ချမ်းသာတာ၊ ဆင်းရဲတာ မပါဘူးလေ"

"ဒါဆို သိပ်ချစ်တတ်တဲ့ ပန်းပွင့်ရဲ့အချစ်ကိုရတာ ကိုသူ သိပ်ကံကောင်းတာပေါ့နော်"

"ဟုတ်တယ်"

"သိပ်ချစ်စရာကောင်းတဲ့ ဟောဒီ ပန်းပွင့်လေးကို ကိုသူ တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမယ်နော်"

"ဟုတ်ကဲ့ပါ ကိုသူရယ်၊ ပန်းပွင့် ယုံပါတယ်"

တစ်ဦးကိုတစ်ဦး ရွှန်းလဲ့ပြုံးရီးသော အကြည့်များနှင့် ကြည့်လိုက်သည်။

* * *





မြင့်သူဇော်သည် ဦးသာမြတ် သူ့ကို လက်ခံအောင် အလုပ်များကို ကြိုးစားပြီး အပင်ပန်းခံလုပ်သည်။ လုပ်ရည်ကိုင်ရည် တိုးတက်လာသည်ကို သဘောကျသော်လည်း သမက်တော်ရန်အထိတော့ လက်မခံနိုင်သေးပါ။

"သူ့အခြေအနေကို စောင့်ကြည့်ရမယ်"

မြင့်သူဇော်ရဲ့ နောက်ကြောင်းသမိုင်းကို သူ စုံစမ်းမည်ဟု စိတ်ကူးလိုက်သည်။ ထိုစိတ်ကူးနှင့်အတူ သူ့ရဲ့ လူယုံတစ်ဦးဖြစ်သော ဦးသိန်းကို တာဝန်ပေးရန် စိတ်ကူးသည်။

"ဦးသိန်း ခင်ဗျားက အပေါင်းအသင်းများပြီး နံ့စပ်တယ်၊ မြင့်သူဇော် ဒီမှာ အလုပ်မဝင်ခင် ဘယ်မှာနေတယ်၊ ဘယ်မှာလုပ်တယ်ဆိုတာ ခင်ဗျား စုံစမ်းကြည့်စမ်းပါ"

"ကောင်းပါပြီ ဆရာ"

"ဒီအကြောင်းကို ကျုပ်နဲ့ခင်ဗျားပဲ သိတာနော်"

"စိတ်ချပါ ဆရာ၊ ဘယ်သူ့ကိုမှ ကျွန်တော် မပြောပါဘူး"

"သူ့ရဲ့အကြောင်းတွေ တတ်နိုင်ရင် အသေးစိတ်ဆုံးစမ်းပါ"

"ဟုတ်ကဲ့ စိတ်ချပါဆရာ"

ဦးသိန်းအား တာဝန်ပေးလိုက်ပြီး ဦးသာမြတ် စိတ်ထဲတွင် နည်းနည်းပေါ့သွားသည်။ ဦးသိန်းသည် ပေးလိုက်သောတာဝန်ကို အမြဲတမ်း တိတိကျကျ ဆောင်ရွက်သည်ကို သိပြီးသားပါ။

ဦးသာမြတ်က ကျော်ဇေယျကို အားနာ၍ မြင့်သူဇော်နှင့် ပန်းပွင့်ဝေတို့အကြောင်းကို မပြောပါ။ ပန်းပွင့်ဝေကို အပိုင်ချည်ချင်



www.burmeseclassic.com

www.burmeseclassic.com



သော မြင့်သူဇော်က ထိုသတင်းကို သူကပဲစပြီး ရုံးတွင်းမှာ ဖြန့်လိုက်သည်။

ပန်းပွင့်ဝေရဲ့ သတင်းကိုကြားပြီး ကျော်ဇေယျက မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သေသေချာချာ သိချင်၍ သူကိုယ်တိုင် ပန်းပွင့်ဝေကို လာမေးသည်။

"ဟင်... ကိုဇေယျ ရုံးချိန်အတွင်း ထူးထူးဆန်းဆန်း အမ်လာလို့ပါလား၊ ဖေဖေ ခိုင်းလိုက်လို့လား"

"မဟုတ်ဘူး၊ ပန်းပွင့်နဲ့ တွေ့ချင်လို့"

"ကဲ တွေ့ပြီလေ ဘာပြောမလို့လဲ ပြော"

"ပန်းပွင့် မြင့်သူဇော်နဲ့ ချစ်သူဖြစ်နေပြီဆိုတာ တကယ်ပဲလား"

"အဲ့ဒါ ကိုဇေယျ ဘယ်လိုသိလဲ"

"ဟုတ် မဟုတ်ဘဲပြောပါ"

ကျော်ဇေယျကို ကြည့်ရသည်မှာ လွန်စွာစိတ်ထိခိုက်သည့်ပုံစံပေါက်နေသည်။ ပန်းပွင့်ဝေက စိတ်မကောင်းစွာနှင့်ပင် အမှန်တရားကို ပြောလိုက်သည်။

"ဟုတ်ပါတယ် ကိုကျော်ဇေယျ၊ ပန်းပွင့်ကိုလဲ ပြောပါဦး အဲ့ဒီအကြောင်း ဘယ်လိုသဘောလဲ"

"ရုံးက"

"ဖေဖေ ပြောတာလား"

"မဟုတ်ဘူး၊ မြင့်သူဇော်ကိုယ်တိုင် ပြောတာ ရုံးက အားလုံး သိနေပြီ"





"အင်းလေ တစ်နေ့လဲ သိကြမှာပဲ၊ စောသိသွားတာ မဆန်းပါဘူး"

မြင့်သူဇော်ကို အပြစ်မမြင်ဘဲ အကောင်းမြင်တွေးနှင့် ပန်းပွင့်ဝေ ပြောလိုက်သည်ကို ကြည့်ပြီး ကျော်ဇေယျက စိတ်မကောင်းပါ။

"ပန်းပွင့်ရယ် သူ့ကို ပန်းပွင့် ရွေးချယ်လိုက်တာ မမြန်ဘူးလား"

"မမြန်ပါဘူး ကိုဇေယျရယ်၊ သူ့ကို ပန်းပွင့်က ချစ်တာကိုး"

"မြင့်သူဇော် ကံကောင်းပါတယ်၊ ပန်းပွင့်ရဲ့အချစ်နဲ့ သူ ထိုက်တန်ပါစေလို့ပဲ မျှော်လင့်ရမှာပဲ"

"အဲ့ဒီအတွက် မပူပါနဲ့ ကိုဇေယျရယ်၊ သူက ပန်းပွင့်ကို သိပ်ချစ်တာ"

"ကိုယ်လဲ ပန်းပွင့်ကို သိပ်ချစ်တာပါ"

ကျော်ဇေယျက ထိုသို့ ညှိုးငယ်စွာ ပြောလိုက်တော့ ပန်းပွင့်ဝေက လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။

"ပန်းပွင့်ကို ခွင့်လွှတ်ပါ ကိုဇေယျရယ်၊ အချစ်ဆိုတာ သူ့အလိုလို ဖြစ်သွားတာကို ပန်းပွင့် မတတ်နိုင်လို့ပါ"

"ပန်းပွင့် စိတ်ချမ်းသာတာကိုပဲ ကိုယ် မျှော်လင့်တာပါ"

"ဟုတ်ပါတယ် ကိုဇေယျရယ်၊ ပန်းပွင့်သိပ်ကို စိတ်ချမ်းသာပြီး ပျော်ရွှင်နေပါတယ်၊ အဲ့ဒါကို ကျေနပ်လိုက်ပါနော်"

"စိတ်ချပါ ပန်းပွင့်ရယ် အချစ်ကံမကောင်းတဲ့ ကိုယ် ပန်းပွင့် ပျော်ရွှင်ပြီး အဆင်ပြေနေဖို့ အမြဲဆုတောင်းနေမှာပါ"

"ကျေးဇူးတင်ပါတယ် ကိုဇေယျရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သွားမယ်"

"နေဦး ကိုဇေယျကို ပြောရဦးမယ် သိပ်ပြီး မိန်းမပီသလိမ္မာယဉ်ကျေးတဲ့ မိန်းကလေးတစ်ယောက်က ကိုဇေယျကို သဘောကျနေတယ်၊ သူနဲ့ ကိုဇေယျကို ပန်းပွင့် သဘောတူတယ်"

"နေပါစေတော့ ပန်းပွင့်"

"သရဖီဆိုတဲ့ အဲ့ဒီမိန်းကလေးရဲ့ မေတ္တာကို ဥပေက္ခာမပြုပါနဲ့ ကိုဇေယျရယ်"

"သရဖီ ဟုတ်လား"

ကျော်ဇေယျက အံ့ဩစွာနှင့် မေးသည်။

"ဟုတ်တယ် ကိုဇေယျကို တစ်ဖက်သတ် သိပ်ချစ်နေတဲ့ သရဖီပေါ့"

"တော်ပါပြီ ပန်းပွင့်ရယ်"

ပန်းပွင့်ဝေရဲ့ စကားကို လုံးဝနားမထောင်တော့ဘဲ ကျော်ဇေယျက ပြန်သွားသည်။

"ကိုကျော်ဇေယျ တော်တော်စိတ်ထိခိုက်သွားတာပဲ"

ပန်းပွင့်ဝေက ကျော်ဇေယျအတွက် စိတ်မကောင်းစွာ ကျန်ရစ်ခဲ့သည်။

ပန်းပွင့်ဝေက မြင့်သူဇော်နှင့် တစ်ပတ်တစ်ခါလောက် ချိန်းတွေ့သည်။ ထိုသို့တွေ့ရလေတိုင်း မြင့်သူဇော်က အမြန်ဆုံး လက်ထပ်ရေးကိုသာ ဦးတည်ပြောသည်။





ထိုသို့ နားပူတာကို ကြာလာတော့ ပန်းပွင့်ဝေက ဦးသာမြတ်ကို သတိပေးထားသည့်စကားကို ထုတ်ဖော်ဖြေသည်။

"ပန်းပွင့်ရယ် ပန်းပွင့်က ကိုသူ့ကို ချစ်တယ်လဲပြောသေးတယ်၊ ကိုသူ့ကို ဘာလို့ လက်မထပ်ချင်သေးတာလဲ"

"ကိုသူ့ကို ပန်းပွင့် လက်ထပ်ချင်ပါတယ်၊ ဒါပေမဲ့ ဖေဖေ့ကို ကတိပေးထားလို့"

"ဘာကတိလဲ"

"တစ်နှစ်အတောအတွင်းမှာ ကိုသူ့ကို ပန်းပွင့် လက်မထပ်ဘူးလို့ ကတိပေးထားတယ်"

"အဓိပ္ပာယ်မရှိလိုက်တာ ပန်းပွင့်ရယ်၊ အဲ့ဒီကတိအတိုင်း ပန်းပွင့် လိုက်နာတော့မှာလား"

"ဖေဖေနဲ့ ပန်းပွင့်က တစ်ဦးတစ်ယောက် ပေးပြီးသားကတိကို ဘယ်တော့မှ မဖျက်ကြဘူး"

"ပန်းပွင့်ဖေဖေက ကိုသူနဲ့ ပန်းပွင့် ဝေးကြရအောင် သက်သက်အချိန်ဆွဲထားတာတော့ မဖြစ်နိုင်ဘူးလား"

မြင့်သူဇော်က ရင်ထဲက မခံချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ ပြောသည်။

"ပန်းပွင့်နဲ့ ကိုသူ တစ်ယောက်ကိုတစ်ယောက် ချစ်နေကြရင် ဘလို့ ဝေးရမှာလဲ၊ ဝေးရအောင် ပြဿနာလဲ မဖြစ်နိုင်ဘူး"

"ဒါတော့ ဟုတ်ပါတယ် ပန်းပွင့်ရဲ့ ဖေဖေက ကိုသူနဲ့ သဘောမတူဘူးဆိုတာ ခွဲဖို့နည်းလမ်းတွေ ရှာနေလို့ အချိန်ဆွဲနေတာ ထင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူ့မှာ ဘာအပြစ်မှမရှိရင်၊ ဘာပြဿနာမှလဲ မဖြစ်လာနိုင်ပါဘူး"

"ကိုသူက ဘာအပြစ်ရှိမှာလဲ ပန်းပွင့်ရယ်"

"စကားအဖြစ်ပြောတာပါ ကိုသူ"

"ဒါဆို ပန်းပွင့်က ဒီတစ်နှစ်အတောအတွင်း ကိုသူ့ကို လက်မထပ်ဘူးပေါ့"

"ဟုတ်ပါတယ်၊ ဖေဖေ့အပေါ် ပန်းပွင့် ကတိတည်ရမယ်နော်"

"အင်းလေ ပန်းပွင့်မှ လက်မခံနိုင်တာ ကိုသူက စိတ်မကောင်းဖြစ်ရုံအပြင် ဘာတတ်နိုင်မှာလဲ"

"တစ်နှစ်ဆိုတဲ့အချိန်က မကြာပါဘူး ကိုသူရယ်"

"ကိုယ့်အတွက်တော့ ပန်းပွင့်နဲ့ ဝေးရရင် တစ်မိနစ်ကို တစ်ကမ္ဘာလောက်ထင်နေတာပါ"

"ကဲပါကိုသူရယ် တွေ့ရတုန်း စိတ်ညစ်စရာတွေ မပြောပါနဲ့ ပျော်ပျော်နေကြရအောင်နော်"

အလိုမပြည့် သုန်မှုန်နေသော မြင့်သူဇော်ကို ပန်းပွင့်ဝေက ချော့လိုက်ရပြန်သည်။ ပန်းပွင့်ဝေသည် မြင့်သူဇော်ကို သိပ်ချစ်သည့်အတွက် မြင့်သူဇော်ရဲ့ အလိုကို လိုက်ချင်ပါသည်။

မိဘတွေရဲ့ ကြည်ဖြူမှုကို အတတ်နိုင်ဆုံးရရန်အတွက် ဖခင်ရဲ့ တောင်းဆိုမှုကိုလည်း မျက်ကွယ်မပြုချင်ပါ။

"ကိုသူရယ် နှစ်ရှည်လများ စောင့်ခိုင်းတာမှ မဟုတ်တာ၊ ပန်းပွင့်ကို တကယ်ချစ်ရင် ပန်းပွင့်ရဲ့တောင်းဆိုမှုကို ကိုသူ လိုက်လျောနိုင်ရမယ်နော်"





ပန်းပွင့်ဝေကို သိပ်ပြီး ပိုင်ဆိုင်ချင်သော်လည်း ပန်းပွင့်ဝေသူ့ကို စိတ်ငြိုငြင်သွားကိုတော့ လုံးဝ မလိုလားပါ။

ဒါကြောင့် မြင့်သူဇော်က သူ့သိပ်ပြီး ဖြစ်ချင်သောဆန္ဒကို ရှေ့တန်းမတင်တော့ဘဲ ပန်းပွင့်ဝေ ပြောသည်ကို သဘောတူလက်ခံလိုက်သည်။

"ပန်းပွင့်ကို ကိုသူက သိပ်ချစ်တော့ ပန်းပွင့်နဲ့ဝေးမှာ ကြောက်လို့ စိုးရိမ်စိတ်နဲ့ မြန်မြန်လက်ထပ်လိုက်ချင်တာပါ"

"အဲ့ဒီအတွက် ဘာမှမပူနဲ့ ကိုသူ ပန်းပွင့်အပေါ် ချစ်နေသရွေ့ သစ္စာရှိသရွေ့ ပန်းပွင့် ကိုသူ့ဘက်က ရပ်တည်မယ်၊ ဘယ်သူမှ ပန်းပွင့်တို့နှစ်ယောက်ကို ခွဲလို့မရဘူး"

"အဲလိုကြားရတာ ဝမ်းသာပါတယ် ပန်းပွင့်ရယ်"

ပန်းပွင့်ဝေ သူ့အပေါ် စိတ်မကွက်စေရန် မြင့်သူဇော်က ချော့မွေ့သော စကားသကာရည်များနှင့် ပန်းပွင့်ဝေကို စွတ်စိုစေလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

မြင့်သူဇော်က သူနှင့် ပန်းပွင့်ဝေအကြောင်းကို တစ်ရုံးလုံး သိရှိတင်မက နီးစပ်သော ပတ်ဝန်းကျင်ကိုပါ သတင်းဖြန့်နေသည်။ သည်အကြောင်းများကို ကျော်ဖေယျက သိပြီး လုံးဝမနှစ်သက်သော်လည်း သူ့အနေနှင့်ပြောလျှင် မနာလိုဝန်တို၍ ပြောသည်ထင်မှာ စိုးရိမ်၍ ငြိမ်နေရသည်။

ဦးသာမြတ်ကလည်း ထိုသတင်းတွေကို ကြားသည်။ မြင့်သူဇော်ကို လုံးဝမကျေနပ်ပါ။ ထိုအကြောင်းကို ပန်းပွင့်ဝေအား ထုတ်ဖော်ပြောသည်။

"သမီးရဲ့ကောင်လေးက သိပ်ပြီး မှုမမှန်ဘူး"

"ဘာကိုပြောတာလဲ ဖေဖေ"

"သမီးနဲ့ သူက စေ့စပ်တောင် မစေ့စပ်ရသေးဘူး၊ သမီးနဲ့ သူ့အကြောင်းကို လျှောက်ပြီး သတင်းလွှင့်တယ်"

"ဟုတ်လို့လား ဖေဖေရယ်"





"ဖေဖေက မဟုတ်တာပြောပါ့မလား၊ ပြီးတော့ ဖေဖေက သူ့ကို လေ့လာတုန်းလေ၊ ဒါကို သူက ဖေဖေနဲ့ သမက်တော်မယ့်သူမို့ သူ့ကို မန်နေဂျာအထိ ရာထူးတိုးပေးလိမ့်မယ်ဆိုတာတွေကိုလဲ လျှောက်ပြောနေတယ်"

"သူက အလုပ်ကြိုးစားနေတာပဲ မဟုတ်လား၊ သင့်တော်ရင် ဖေဖေက တိုးမပေးဘူးလား"

"အခုမှ ဖေဖေက သူ့ကို စမ်းသပ်လေ့လာနေတုန်း၊ စိတ်ကြိုက် မဖြစ်သေးဘူး၊ ဒါကြောင့် တိုးပေးဖို့ ရည်ရွယ်ချက်လဲ မရှိသေးဘူး"

"ဖေဖေက ပုဂ္ဂိုလ်စွဲနဲ့ သူ့ကို အမြင်မကြည်လင်တော့ ဘယ်တော့မှ ဖေဖေလိုချင်တဲ့ပုံစံထဲ သူ ဝင်မှာမဟုတ်ဘူး'

ပန်းပွင့်ဝေက မကျေမနပ်နှင့် ပြောသည်။

"ဖေဖေ မျက်စိထဲမှာ ကိုကျော်ဖေယျကလွဲရင် ဘယ်သူ့ကိုမှ သမက်အဖြစ် မမြင်ဘူးမဟုတ်လား"

"သမီး ဘယ်လိုပြောလိုက်တာလဲ၊ ဖေဖေ့ရဲ့စိတ်ဓာတ် အဲ့ဒီလောက်မညံ့ဘူး၊ မောင်မြင့်သူဇော်သာ ဖေဖေလိုချင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံရင် သမီးနဲ့ကြည်ကြည်ဖြူဖြူ ပေးစားမှာ"

"အဲ့ဒါ စကားလှအောင် ဖေဖေပြောတာ"

"သမီးနော်၊ ဖေဖေ့ရဲ့စေတနာကို မစော်ကားနဲ့ ဖေဖေ့စိတ်ထဲမှာ အဲ့ဒီကောင်လေးက သမီးကို ချစ်မေတ္တာရှိတာထက် သမီးနဲ့ အတူပါလာမယ့် စည်းစိမ်ဥစ္စာကို မက်မောတာလို့ ဖေဖေ ထင်တယ်"

"ဖေဖေ၊ သူတစ်ပါးကို အဲ့လိုမထရားမပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ တစ်နှစ်အတွင်း သမီး စောင့်ကြည့်လိုက်ပေါ့၊ သူဘာလဲဆိုတာ သမီး သိလာမယ်"

"တစ်နှစ်အတွင်း ဖေဖေလဲ သူ့ကို ကောင်းကောင်း အပြစ်ရှာချိန်ရတာပေါ့"

"အပြစ်မရှိတဲ့လူကို ဘယ်လောက်ပဲ ကြာကြာ၊ ဘယ်နှစ်နှစ်ပဲ ကြာကြာ အပြစ်ရှာလို့ တွေ့မှာမဟုတ်ဘူး"

"ဒါဆို ဖေဖေက သူ့ကို မယုံတာလား"

"ဟုတ်တယ်"

"အဲ့ဒါ ဖေဖေ မတရားပြောတာပဲ"

"သမီးနော်၊ ငရဲကြီးမယ်၊ မေမေ့ကို တစ်လွဲမထင်နဲ့"

"ဖေဖေ လုပ်နေတာ တစ်လွဲထင်စရာပဲ၊ ပန်းပွင့်နဲ့ ကိုမြင့်သူ့ဖော်ကို ဝေးအောင်လုပ်နေသလိုပဲ"

"သမီးနော်၊ လောကကြီးအကြောင်း၊ လူတွေအကြောင်း ဘာမှမသိဘဲ မိုက်စမ်းပါနဲ့"

"သမီးက ဘွဲ့တောင်ရပြီးပါပြီ၊ ဖေဖေ ထင်သလောက် မညံ့ပါဘူး"

"ဟုတ်တယ်၊ ဘွဲ့ရတာမှန်တယ်၊ ဒါပေမဲ့ သမီး ဘာအလုပ်လုပ်ဖူးလဲ၊ ကျယ်ပြန့်တဲ့ပတ်ဝန်းကျင်ထဲရော ဝင်ဆံ့ရဲ့လား၊ ကိုယ်ပိုင်အရည်အချင်းနဲ့ရော ငွေရှာဖူးလား–

"ကလေးတစ်ယောက်လို မိဘဆီက မုန့်ဖိုးကို လက်ဝါးဖြန့်တောင်းပြီး သုံးချင်တာသုံးတာ မဟုတ်လား"





"ဖေဖေက ပန်းပွင့်အတွက် စီးပွားရှာနေတာဆို၊ ပန်းပွင့် သုံးတာ ဖေဖေ မကျေနပ်ဘူးလား"

"ကျေနပ်တယ်၊ တစ်သက်လုံး ကျေနပ်လို့လဲ သမီးကို လိုလေသေးမရှိအောင် ထားတာပေါ့၊ ဒါပေမဲ့ ဖေဖေရှာတာ သိုက်တူးသမားအတွက် မဟုတ်ဘူး၊ ဖေဖေ ကြိုးစားပြီးရှာခဲ့တာ သမီး ထိုက်ထိုက်တန်တန် ခံစားနိုင်ဖို့ပဲ"

"ဖေဖေက ငွေစကား သိပ်ပြောကိုး"

"ဟုတ်တယ်၊ သမီးကို လာပြီးပတ်သက်တဲ့သူကလဲ ငွေမက်လို့ လာပတ်သက်တာဆိုတော့ သူနဲ့ထိုက်တန်တဲ့စကားကို ဖေဖေ ပြောရမှာပဲ"

"ဖေဖေ ကိုသူ့ကို သိပ်ပြီးအထင်သေးလွန်းတယ်"

"တစ်ချိန်ချိန်မှာ သူ ဘယ်လိုလူစားမျိုးလဲဆိုတာ သမီးကို သက်သေပြမယ်၊ အဲ့ဒီအခါကျရင် သမီး ဖေဖေ ဆုံးဖြတ်တာကို နာခံရမှုယ်"

"ကိုသူ့ကို သမီးယုံတယ်၊ ဖေဖေထင်နေတဲ့ လူစားမျိုး မဟုတ်လို့ ဖေဖေရဲ့ အပေးအယူကို သမီး လက်ခံလိုက်မယ်"

"ကောင်းပြီ"

"တကယ်လို့ ကိုသူဟာ ဖေဖေ အထင်သေးထားသလို၊ ထင်ထားသလို မဟုတ်ဘူးဆိုရင် ပန်းပွင့်တို့ လက်ထပ်တာကို ဖေဖေ သဘောတူရမယ်၊ မေမေ့ဆီကလဲ ဘာအမွေ၊ ဘာပိုက်ဆံမှ ပန်းပွင့် မယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေကမြင့်သူဇော်ကို အထင်ကြီးပြီး အချစ်ကြီးကာ အပြစ်မမြင်သူပီပီ ဖခင်ရဲ့ စွပ်စွဲ့ဖတွေကို ဆတ်ဆတ်ခါနေသည်။

မခံချင်သည့်မာနနှင့် ဖခင်ကို အတိုက်အခံပြုပြီး မြင့်သူဇော် ဘက်က ရပ်တည်လိုက်သည်။

"မောင်မြင့်သူဇော်ဟာ သမီးပြောသလို မေတ္တာစစ်နဲ့ သမီးကို ချဉ်းကပ်တာ သေချာရင် သမီးတို့နှစ်ယောက်ကို ဖေဖေကိုယ်တိုင် လက်ထပ်ပေးစားမယ်"

"ကောင်းပါပြီ၊ ဖေဖေကတိတည်ပါစေလို့ ပန်းပွင့် မျှော်လင့်ပါတယ်"

"သမီးကို သိပ်ချစ်တဲ့ ဖေဖေ သမီး အကျိုးမဲ့အောင် ဘယ်တော့မှ မလုပ်ဘူးဆိုတာကိုလဲ ယုံထားသမီးရဲ့"

"ကောင်းပါပြီ ဖေဖေ"

သားအဖနှစ်ယောက် အပေးအယူ ထပ်လုပ်ပြန်သည်။ မြင့်သူ ဇော်ကို ချစ်၍ ယုံကြည်၍ ထိုအပေးအယူကို ပန်းပွင့်ဝေက ရဲရဲကြီး ပြုလုပ်လိုက်သည်။

ဦးသာမြတ်က ရင်ထဲတွင် ကျိတ်ပြီးပြုံးလိုက်သည်။ ပန်းပွင့်ဝေ သည် ပြိုင်ပွဲတွင် လုံးဝရှုံးလိမ့်မည်ဆိုတာကိုလည်း သူ ကြိုတင်ခန့် မှန်းထားသည်။

ရုံးသို့ရောက်သည့်အခါ လူယုံဦးသိန်းနှင့် ခေါင်းချင်းဆိုင်ပြီး အခန်းတံခါးပိတ်ကာ ဆွေးနွေးကြသည်။ ဦးသိန်း ပြောသည့်စကား





တွေကို သူ ကြားရစဉ် တအံ့တသြဖြစ်နေသည်။ ပြီး သားမြတ်ရဲ့ မျက်နှာပေါ်ဝယ် အေါသရောင်တွေ လွှမ်းသွားသည်။

"ကျေးဇူးပဲ ဦးသိန်း။ ခင်ဗျား စုံစမ်းပေးတဲ့သတင်းက ကျုပ် အတွက် အသက်လောက် တန်ဖိုးရှိတယ်၊ ခင်ဗျားကို ကျေးဇူးသိပ်တင် တယ်ဗျာ"

"ဆရာတို့ ကိုယ်ကျိုးနည်းမယ့်အဖြစ်မျိုးကို ကျွန်တော် လက်ပိုက်ပြီး မကြည့်ရက်ပါဘူး ဆရာရယ်"

"ဟုတ်ပြီ၊ အဲဒီမိန်းကလေးကို ခင်ဗျား တွေ့အောင်ကြံစည်ပါ၊ သူနဲ့တိုင်ပင်ပြီးရင် ကျွန်တော်တို့ လုပ်ငန်းစကြမယ်"

"စိတ်ချပါ ဆရာ၊ အမြန်ဆုံးဖြစ်အောင် ကျွန်တော် ကြိုးစား ပါ့မယ်"

ဦးသိန်း ထွက်သွားသည့်အခါ ဦးသာမြတ်က ကျေနပ်စွာ ပြုံးသည်။ သူတို့ရဲ့ အစီအစဉ် အမြန်ဆုံး အကောင်အထည်ဖော်နိုင် ပါစေလို့ မျှော်လင့်သည်။

ပန်းပွင့်ဝေက သရဖီနှင့် တွေ့သည့်အခါ သူ့အဖေနှင့် ပြောဆိုကတိပြုခဲ့သည့် စကားများကို ပြောပြသည်။

"ဒါဆို တကယ်လို့ဟယ်၊ နင့်ရဲ့ ကိုမြင့်သူဇော်ကြီးက သိုက်တူးသမားဖြစ်နေရင် နင် သူနဲ့ လမ်းခွဲရမှာပေါ့"

"ဟဲ့... ဖွဟဲ့ လွဲပါစေ ဖတ်ပါစေ၊ နင်ဘာတွေလျှောက်ပြော နေတာလဲ သရဖီ"

"နင်ကလဲ အဖြစ်အသည်းလိုက်တာ၊ တကယ်လို့လို့ ငါ စကားခံထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ ကိုသူ ဘယ်တော့မှ လမ်းမခွဲဘူး၊ သူက ငါ့ကို သိုက်တူးတာ မဟုတ်ဘူး၊ တကယ်ချစ်တာ"

"အေးလေ၊ အဲ့လိုဆို စိတ်ပူစရာ မရှိဘူးပေါ့"

"ဟုတ်တယ်၊ ကြည့်နေ တစ်နေ့ကျရင် ဖေဖေ သူ့ကိုကြည်ကြည်ဖြူဖြူ လက်ခံလာလိမ့်မယ်"

"အင်း... အားလုံးအတွက် ပျော်စရာဖြစ်တဲ့အချိန်မှာ ကိုဖေယျကြီး ကျန်ရစ်ဖြစ်မှာနော်"

"အဲ့ဒီတော့ နင်က စုပုံပြီး ရှင်းလိုက်ပေါ့ဟယ်၊ ကိုဖေယျကြီးကို အပိုင်သိမ်းလိုက်ပေါ့"

"အေးလေ့၊ အဲ့လို သိမ်းပိုက်နိုင်ရင် ပျော်စရာကြီးပေါ့၊ ငါက မိန်းကလေးဟဲ့၊ ဘယ်လိုသွားပြီး သိမ်းပိုက်နိုင်မှာလဲ"

"ခုက နှစ်ဆယ့်တစ်ရာစု ရောက်နေပြီ၊ သမိုင်းကို ပြောင်းပြန်လှန်ပြီး ခပ်တည်တည်နဲ့ မိန်းမနောက်ပိုး လုပ်လိုက်ပေါ့"

"သွားစမ်းပါဟယ်၊ ပေါက်ကရတွေ ပြောမနေစမ်းပါနဲ့၊ ကြားသွားလို့ရှိရင် မိန်းမသိက္ခာကျပြီး ရှက်စရာကြီး"

"ငါနဲ့ ကိုသူနဲ့ရရင် နင်နဲ့ ကိုဖေယျနဲ့ရ၊ အဲဒါဆို ပျော်စရာကြီး ဟန်းနီးမွန်းကို အတူတူထွက်လိုက်မယ်"

"နင်တို့နဲ့ အတူတူမထွက်ချင်ပါဘူး၊ ပန်းပွင့်ရယ်"

"ဘာဖြစ်လို့"

"မလွတ်လပ်မှာစိုးလို့"

"ကောင်မစုတ်"





ပန်းပွင့်ဝေက သရဖီကို လှမ်းထုပြီး သူငယ်ချစ်းနှစ်ယောက် သဘောကျစွာ ရယ်သည်။

* * *

မြင့်သူဇော်နှင့် ပန်းပွင့်ဝေတို့ ဆုံကြသည့်အချိန်မှာ မြင့်သူဇော်က တောင်းဆိုမှုတစ်ခု ထပ်မံပြုသည်။

"ပန်းပွင့်ရယ်၊ အခုတလော ကိုသူ့စိတ်တွေ လေးနေတယ်"

"ဘာအတွက်လဲဟင်"

"ပန်းပွင့်နဲ့ ဝေးရမလားဆိုပြီး တွေးလိုက်တိုင်း ရင်ထဲမှာ နင့်နေအောင် ခံစားရတယ်"

"ကိုသူရယ်၊ မဟုတ်တာတွေ လျှောက်တွေးပြီး အဲလိုစိတ်ပူနေတော့ အကျိုးမရှိပါဘူး"

"ကိုသူ့စိတ်ထဲက သူ့ဘာသာသူ ပူပင်နေတာ၊ ဘယ်လိုမှ တားဆီးလို့ရဘူး ပန်းပွင့်ရယ်"

"ခက်လိုက်တာ ကိုသူရယ်"

"အဲ့ဒီသောကမီးတွေကို ပန်းပွင့် ငြိမ်းသတ်ပေးပါလားဟင်"

"ဘယ်လိုငြိမ်းပေးရမှာလဲ"

"ကိုသူ့ကို လက်ထပ်လိုက်လေ"

"ကိုသူရယ်၊ အဲ့ဒီအကြောင်းကို အပ်ကြောင်းထပ်အောင် ပန်းပွင့် ပြောပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်ပွင့်ဖေဖေရဲ့ အလိုကျပေါ့၊ ကိုသူတို့ တစ်နှစ်ပြည့်တိတိလင်းလင်း လက်ထပ်မယ်လေ"

"အင်းလေ အဲ့ဒါဆို ပြီးရောပေါ့"

"ကိုသူ ပြောချင်တာ မပြီးသေးဘူး ပန်းပွင့်ရယ်၊ ကိုသူ့စိတ်ချရအောင် ပန်းပွင့်နဲ့ ကိုသူ နှစ်ယောက်တည်း တိတ်တိတ်လေးရုံးမှာ လက်မှတ်ထိုးထားကြရင် ကောင်းမယ်"

မြင့်သူဇော်ရဲ့ မျက်နှာကို ပန်းပွင့်ဝေက စေ့စေ့ကြည့်လိုက်သည်။

"ကိုသူ ဘာတွေကို စိုးရိမ်ပြီး လောနေတာလဲ"

"ပြောပြီးကော ပန်းပွင့်ရယ်၊ ပန်းပွင့်နဲ့ ဝေးမှာစိုးလို့ဆိုတာ"

"ကိုသူပြောတာကို ပန်းပွင့် သဘောမတူဘူး၊ အဲ့လို တိတ်တိတ်လေး လက်ထပ်တာလဲ လက်ထပ်တာပဲဟာ၊ ဖေဖေ့အပေါ် ပန်းပွင့် ကတိမပျက်ချင်ဘူး"

"ပန်းပွင့်ရယ်၊ အဲ့ဒီကိစ္စ အန်ကယ်တို့ သိစရာမလိုပါဘူး ကိုသူတို့ဘာသာ လက်ထပ်ထားပြီး အခက်အခဲ တစ်ခုခုနဲ့ကြုံမှ အဲ့ဒီစာချုပ်ကို ထုတ်ပြမှာပေါ့"

ပန်းပွင့်ဝေက စိတ်ရှုပ်ထွေးသွားသော မျက်နှာလေးနှင့် မြင့်သူဇော်ကို ကြည့်လိုက်သည်။

"ဘယ်လိုလဲ ပန်းပွင့် သဘောတူမယ်မဟုတ်လား"

"ဟင့်အင်း"

မြင့်သူဇော်ရဲ့ မျက်နှာကြီးက အိုကျသွားသည်။ သူ့အလိုကို မလိုက်သော ပန်းပွင့်ဝေကို ကျိတ်ပြီး ဒေါသဖြစ်သွားသည်။





"ဘာဖြစ်လို့လဲ ပန်းပွင့်ရယ်"

"ဖေဖေတို့ မသိဘဲ ဘာအလုပ်ကိုမှ ပန်းပွင့် မလုပ်ရဲဘူး၊ မလုပ်ချင်ဘူး"

"တစ်နေ့ကျတော့ ကိုသူတို့ လက်ထပ်မှာပဲ ပန်းပွင့်ရယ်၊ ဘာထူးမှာမို့လဲ"

"ထူးတာပေါ့ ကိုသူ၊ ပန်းပွင့်က ငယ်ငယ်လေးတည်းက မိဘမသိအောင် ဘာမှမလုပ်ဘူး"

"ဒါဆို ကိုသူနဲ့စပြီး ရည်းစားထားတုန်းကတော့"

"အဲ့ဒါတော့ ကိုသူ စကားကို ကပ်ပြီးပြောတာပဲ၊ လက်ထပ်တယ်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံးလေ၊ အဲ့ဒါကို ပေါ့ပျက်ပျက်နဲ့ ပန်းပွင့် မလုပ်ချင်ဘူး"

ပန်းပွင့်ဝေကို စည်းရုံး၍မရတော့ မြင့်သူဇော်က လက်လျှော့လိုက်သည်။ ပန်းပွင့်ဝေသည် လိမ္မာရေးခြားရှိသဖြင့် မြင့်သူဇော်ရဲ့ စကားက မအောင်မြင်ဘဲ ဖြစ်သွားသည်။

"ကိုသူ သိပ်ပြီး ဆန္ဒစောနေရင် ဖေဖေ့ကို တစ်နှစ်လို့ ပေးထားတဲ့ကတိ လျှော့ပေးပါလို့ ပန်းပွင့် ပြောပေးမယ်နော်"

"ကောင်းပါပြီး ပန်းပွင့်"

ပန်းပွင့်ဝေ သူ့ရဲ့အတွင်းစိတ်ကို တွေ့မြင်လိုက်မှာစိုးရိမ်၍ မြင့်သူဇော်က မြန်မြန်ပင် ရှင်မြူးဖွယ်ရာ စကားလမ်းကြောင်းသို့ ပြောင်းလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ပန်းပွင့်ဝေက မြင့်သူဇော် လောလိုက်သည့် မင်္ဂလာကိစ္စကို ညစာထမင်းစားသောက်ပြီး ဖခင်ကို တောင်းဆိုကြည့်သည်။

"ဖေဖေ ပန်းပွင့်တို့ကို သဘောတူနိုင်ပြီလားဟင်"

"မောင်မြင့်သူဇော်ကို ဖေဖေ လေ့လာတုန်းလေ၊ ပြီးတော့ သမီး ပေးတားတဲ့ကတိ တစ်နှစ်က မပြည့်သေးဘူးလေ"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမဲ့ ကိုမြင့်သူဇော်အကြောင်းလဲ ဖေဖေ သိသင့်သလောက် သိပြီးပြီမဟုတ်လား"

"အင်း"

"ဒါဆို သမီးတို့ လက်ထပ်ဖို့ သဘောတူလိုက်ပါတော့လား ဖေဖေရယ်"

"မဖြစ်နိုင်သေးပါဘူးကွယ်၊ သမီးက ဘာလို့လောနေတာလဲ"

"မလိုလားအပ်တဲ့ စောင့်ဆိုင်းခြင်းကို မလုပ်ချင်ဘူး ဖေဖေ"





ဦးသာမြတ်က ပန်းပွင့်ဝေကို မကျေနပ်သောအကြည့်နှင့် ကြည့်လိုက်သည်။

"လက်ထပ်တယ်ဆိုတာ ဘဝတစ်ခုလုံးနဲ့ရင်းပြီး ဆုံးဖြတ်ရတာ၊ လွယ်လွယ်လေး တွက်လို့မရဘူးနော်"

"ဖေဖေက ကိုသူ့ကို သဘောမတူတိုင်း လျှောက်ပြောနေတာကိုး"

"ပန်းပွင့်နော်၊ ဖေဖေ ဒေါသဖြစ်အောင် မလုပ်နဲ့"

"ဖေဖေက တင်းလွန်းတာကိုး နည်းနည်းလောက် လျှော့သင့်ပါတယ်"

"ကောင်းပြီ၊ တစ်ပတ်လောက် ထပ်ပြီး ဖေဖေ့ကို အချိန်ပေး၊ သမီးကိစ္စကို ဖေဖေ ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးမယ်"

"ပန်းပွင့် လိုချင်တာ ဆုံးဖြတ်ပေးတာ မဟုတ်ဘူး၊ ဖေဖေ သဘောတူတာကို လိုချင်တာ"

"ကောင်းပြီလေ၊ တစ်ပတ်ပဲ အချိန်ပေး"

"တကယ်နော် ဖေဖေ"

"ဟုတ်တယ် တကယ်"

ပန်းပွင့်ဝေကို ငယ်စဉ်တည်းက လိုတိုင်းရအောင် ပေးဆောင်ခဲ့သော ဦးသာမြတ်က သည်အိမ်ထောင်ရေးကိစ္စနှင့် ပတ်သက်ပြီး ဦးနှောက်ခြောက်နေသည်။

ပန်းပွင့်ဝေကလည်း သူ့အိမ်ထောင်ရေးကိစ္စကို ရဲရဲဝံ့ဝံ့ကြီး ပြောနေသည်။ ဤသည်ကလည်း အလိုလိုက်ထားလွန်း၍ ဖြစ်သည် ဆိုတာကို ဦးသာဖြတ် သဘောပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာမြတ် ရုံးသို့ရောက်သည့်အခါ ဦးသိန်းက သူ့ရဲ့ ရုံးခန်းထဲသို့ ဝင်လာသည်။ ဦးသာမြတ် တစ်ယောက်တည်းရှိတော့မှ တီးတိုးပြောသည်။

"ဆရာ ထွေးထွေးဆိုတဲ့ မိန်းကလေးနဲ့ ကျွန်တော် အဆက်အသွယ်ရပြီ"

"ဟုတ်လား၊ သူ့ကို ဘယ်မှာသွားတွေ့ရင်ရမလဲ"

"ဆရာ တွေ့ချင်တယ်ဆိုရင် ညနေကျ ကျွန်တော် ခေါ်သွားပေးမယ်"

"ဟုတ်ပြီ၊ ကျွန်တော် လိုက်ခဲ့မယ်"

ဦးသာမြတ်က သူ့ရဲ့အကြံအစည် အောင်မြင်တော့မည်မို့ ဝမ်းသာနေသည်။

* * *

ထိုနေ့ည ဦးသာမြတ် မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ ထမင်းစားသောက်ပြီး ပန်းပွင့်ဝေရှိရာ တီဗွီကြည့်သည့်အခန်းသို့ ရောက်လာသည်။

ဒေါ်မေရီက ဦးသာမြတ်ကို ထမင်းကျွေးပြီး သူနှင့်အတူ ပန်းပွင့်ဝေထံသို့ လိုက်ပါလာသည်။

"ဖေဖေ ဒီနေ့ပြန်လာတာ နောက်ကျလိုက်တာ"

"ဟုတ်တယ်၊ အလုပ်ကိစ္စရှိလို့"





ပန်းပွင့်ဝေက အေးအေးဆေးဆေးပင် တီဗွီထိုင်ကြည့်နေသည်။ သမီးရဲ့ ကြည်လင်နေသော မျက်နှာလေးကိုကြည့်ပြီး ဦးသာမြတ်ရဲ့ ရင်ထဲက ခံစားချက်က ဆန့်ကျင်ဘက်ဖြစ်သွားသည်။ သူ့ရင်ထဲမှာ ပန်းပွင့်ဝေအတွက် ပူဆွေးနောက်ကျိနေသည်။

"သမီး မနက်ဖြန်ကျရင် ရုံးကို လိုက်ခဲ့နော်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မောင်မြင့်သူဇော်နဲ့ ဖေဖေတို့ ဆွေးနွေးကြရအောင်လေ"

ပန်းပွင့်ဝေက ဦးသာမြတ် သူ့ကို သဘောတူနိုင်ပြီထင်ပြီး မျက်နှာဝင်းဝင်းလေးနှင့် မေးသည်။

"ဖေဖေ ရုံးအသွား လိုက်ခဲ့ရမှာလား"

"ဟုတ်တယ်"

ပန်းပွင့်ဝေက ဆက်မမေးတော့ပါ။ မနက်ဖြန် ဝမ်းသာသည့် စကားတွေကိုသာ ကြားရလိမ့်မည်ဟု သူ မျှော်လင့်နေသည်။ ဦးသာမြတ်က ပြောဆိုပြီး ပြန်ထွက်သွားသည်။ ကျန်ခဲ့သော ဒေါ်မေရီကို ပန်းပွင့်ဝေက မေးသသည်။

"မေမေက နောက်ဆုံးတော့ ပန်းပွင့်နဲ့ ကိုသူ့ကို သဘောတူလိုက်ပြီထင်တယ်နော် မေမေ"

"မေမေက သမီးကို သိပ်ချစ်တာ၊ သမီးရဲ့ စိတ်ချမ်းသာမှုကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမှာပေါ့ကွယ်"

"မေမေ စုံစမ်းကြည့်တော့ ကိုသူက ကောင်းလို့ သဘောတူလိုက်တာနေမှာနော်"

နေ၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ကွယ်"

"ပန်းပွင့်က ကိုသူ့ကို လက်ထပ်ချင်တာ၊ ဖေဖေတို့ ကြည်ဖြူတော့ အရမ်းဝမ်းသာတာပဲ"

ဒေါ်မရီက သမီးကို ပြုံး၍ အေးကြည်သော မျက်နှာနှင့် ကြည့်နေသည်။ ပန်းပွင့်ဝေက တိမ့်ကြည့်ပြီး သူ့အခန်းကို ပြန်လာခဲ့သည်။

မြင့်သူ့ဇော်ထံမှ တယ်လီဖုန်းများ လာလေမလားလို့ မျှော်သော်လည်း မလာပါ။

"ကိုသူ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

မျှော်ရင်းနှင့် အိပ်ပျော်သွားသည်။ နောက်တစ်နေ့နံနက်ကိုယ်က စောစောပင် အိပ်ရာကနိုးနေသည်။ ဦးသာမြတ်က ရုံးသို့ ခေါ်သွားပြီး သူနှင့် မြင့်သူဇော်တို့ကို လက်ထပ်ပေးမည့် အစီအစဉ်တွေကို ပြောပြမည်ကိုတွေးပြီး ကြိုဝမ်းသာနေသည်။

ဦးသာမြတ်နှင့်အတူ ရုံးလိုက်ခဲ့သည်။ ဦးသာမြတ်က ပန်းပွင့်ဝေကို သူ့အခန်းထဲမှာ ထိုင်ခိုင်းထားသည်။ အခန်းထဲတွင် ဦးသိန်းကလွဲပြီး ကျန်အလုပ်သမားများ မရှိပါ။

"ဦးသိန်း မောင်မြင့်သူဇော်ကို သွားခေါ်ခဲ့ပါ၊ ပြီးတော့ ကျုပ်အခန်းကို ဘယ်သူမှ မဝင်ပါစေနဲ့"

"ဟုတ်ကဲ့ ဆရာ"

ဦးသိန်းက မြင့်သူဇော်ကို ခေါ်လာခဲ့သည်။ မြင့်သူဇော်က ပြုံးချိုသော မျက်နှာနှင့် ဝင်လာသည်။





"အန်ကယ် ကျွန်တော့်ကို ခေါ်တယ်ဆို၊ ဘာခိုင်းစရာရှိပါသလဲ"

"မရှိပါဘူး၊ အဲဒီမှာ ထိုင်ပါဦး"

မြင့်သူဇော်က ပန်းပွင့်ဝေကို ပြုံးချိုစွာ နှုတ်ဆက်လိုက်သည်။

"ပန်းပွင့် ပါလာတာကို ကိုသူ မသိဘူး"

"ဖေဖေက ကိုသူနဲ့ပါ ဆွေးနွေးစရာရှိတယ်ဆိုပြီး ခေါ်လာလို့"

"ဟုတ်လား"

"ဟုတ်တယ် မောင်မြင့်သူဇော်၊ ဒီနေ့ပဲ မင်းနဲ့ သမီးတို့ရဲ့ လက်ထပ်ရေးကိစ္စကို အန်ကယ် ဆုံးဖြတ်ပေးမယ်"

ဦးသာမြတ်က မျက်နှာတည်တည်နှင့် ထိုသို့ပြောပြီး ဦးသိန်းကို တစ်ဆက်တည်း ပြောလိုက်ပြန်သည်။

"ဦးသိန်း ဟိုဧည့်သည်ကို သွားခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

ဦးသိန်းက ထွက်သွားသည်။ ဘယ်ဧည့်သည်ကို သွားခေါ်ပါလိမ့်ဟု ပန်းပွင့်ဝေနှင့် မြင့်သူဇော်က စိတ်ဝင်စားနေသည်။ ဝင်ပေါက်ဝကို နှစ်ယောက်စလုံး ကျောခိုင်းအနေအထားနှင့် တစ်ချိန်လုံး လှည့်ကြည့်၍မဖြစ်ပါ။

ဦးသိန်း ပြန်ဝင်လာသံကြားသည်။ ဦးသာမြတ်က ကြိုဆိုလိုက်သည်။

"ကြွပါ ဒီမှာလာထိုင်ပါ"

မြင်သူ့ဇော်ရော ပန်းပွင့်ဝေပါ ဦးသိန်းနှင့် ဝင်လာသည့်သူကို လှည့်ကြည့်လိုက်သည်။ ပန်းပွင့်ဝေရဲ့ အမူအရာက ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိသော်လည်း မြင့်သူဇော်က ဝင်လာသူကိုတွေ့ပြီး ပါးစပ် အဟောင်းသားဖြစ်ကာ ဝင်လာသူမှာ တစ္ဆေသရဲတစ်ကောင်လို ရှုံ့သွားပုံရသည်။ သူ့ရဲ့ မျက်နှာက ဖြူဖွေးသွေးဆုတ်သွားပြီး ထိုင်နေသော ခုံကပင် အထိတ်တလန့် ရပ်မိလျက်သား ဖြစ်သွားသည်။

ဦးသာမြတ်က ဖြစ်ပျက်သွားသော မြင့်သူဇော်ရဲ့ အမူအရာကို ကြည့်ပြီး မြင့်သူဇော်ကို လေးသံထန်ထန်နှင့် မေးသည်။

"မြင့်သူဇော် သူ့ကို မင်း သိတယ်မဟုတ်လား"

ဝင်လာသော အမျိုးသမီးက မြင့်သူဇော်ရဲ့ ရှေ့တည့်တည့်တွင် လာရပ်ပြီး မြင့်သူဇော်ရဲ့ မျက်နှာကို ခပ်မဲ့မဲ့ ထေ့ထေ့အမူအရာနှင့် ပြောသည်။

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှ လက်ထပ်ခဲ့တဲ့ မိန်းမ တစ်ယောက်ကို မသိဘူးလို့ သူ မငြင်းရဲပါဘူး အန်ကယ်ရယ်"

"မထွေးထွေး သူဟာ မင်းနဲ့ လက်ထပ်ခဲ့တဲ့ မြင့်သူဆိုတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် အန်ကယ်၊ မဟုတ်ရင် သူ ငြင်းမှာပေါ့"

မြင့်သူဇော်က ဘာမှကို ပြန်လည်မဖြေရှင်းနိုင်ဘဲ ခေါင်းကြီး စိုက်စိုက်ချထားသည်။ ပန်းပွင့်ဝေက မြင်တွေ့ရသော မြင်ကွင်း ကြားလိုက်ရသော စကားတွေကို အိပ်မက်မက်နေသကဲ့သို့ ခံစားလိုက် ရပါသည်။

"ကဲ မထွေးထွေးရယ်၊ ဟော့ဒီက အန်ဒ်ယ်သမီးကို သူ့အကြောင်း တွေ ပြောပြလိုက်ပါဦး"





"ညီမရယ် မိန်းမသားချင်း ကိုယ်ချင်းစာလို့ မမ ပြောပြပါ့မယ်၊ ဒီကိုမြင့်သူဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က မန္တလေးမှာ မမနဲ့ အိမ်ထောင်ကျခဲ့ပါတယ်"

ထိုစကားစုသည် ပန်းပွင့်ဝေရဲ့ နားထဲသို့ သံပူရည်နှင့် လောင်းချခံလိုက်ရသလို ပူလောင်ခံပြင်းသွားသည်။

"အဲ့ဒီအချိန်တုန်းက မမက မိဘဆီက အမွေနည်းနည်းရထား တယ်လေ၊ လက်ထပ်ပြီး တစ်နှစ်တောင် မပြည့်သေးဘူး အဲ့ဒီငွေတွေ ယူပြီး ရန်ကုန်မှာ စီးပွားသွားရှာမယ်ဆိုလို့ မမ လွှတ်လိုက်ပါတယ် ကွယ်"

ပန်းပွင့်ဝေက မယုံကြည်နိုင်၊ လက်မခံနိုင်သော စကားတွေကို အသားဆတ်ဆတ်တုန်စွာနှင့် ကြားနေရသည်။

"ရန်ကုန်မှာလာပြီး သိုက်တူးနေတာကို မသိပါဘူး၊ ဒီက ဦးသိန်းကြီး ပြောပြမှ ညီမကို လိမ်ညာလက်ထပ်တော့မှာကို သိလိုက် ရပြီး အန်ကယ်နဲ့ တိုင်ပင်ပြီး ညီမရဲ့ဘဝ မပျက်စီးရအောင် ကာကွယ်လိုက်တာပါ"

"ကိုမြင့်သူဇော်"

ပန်းပွင့်ဝေက အလွန်ချောက်ချားသော အကြည့်နှင့် မြင့်သူဇော် ကို ခေါ်လိုက်သည်။

"ရှင် ဘာလို့ ပါးစပ်ပိတ်နေတာလဲ၊ သူတို့ပြောတာ မဟုတ် ဘူးလို့ ငြင်းလိုက်လေ၊ ငြင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေကို ခွန်းတုံ့မပြန်ဘဲ မြင့်သူဇော်က ခေါင်းပြန်ငုံ့သွားသည်။

"အမှန်တွေဆိုတော့ သူ ဘယ်ငြင်းမလဲ ညီမရယ်၊ ငြိမ်ပြီးဝန်ခံနေတာပေါ့"

"ကျွန်မ မယုံဘူး၊ လုံးဝမယုံဘူး၊ ရှင့်ပါးစပ်က ပြောတာကိုပဲယုံမယ်"

"ကဲ မြင့်သူဇော် မင်းအမှားကို မင်းသိရင် သမီးကျေနပ်အောင်ဝန်ချတောင်းပန်လိုက်ကွာ"

ဆားကျပ်နံ့ကျပ်ဖြစ်နေသော မြင့်သူဇော်က မဖြေမဖြစ်တော့၍ဖြေသည်။

"ထွေးထွေးကို လက်ထပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ကိုသူချစ်တာ ပန်းပွင့်ကိုဆိုတာတော့ ယုံပါ"

"ဘာပြောတယ်၊ ရှင့်ပါးစပ်က အဲ့ဒီစကား ထွက်ရဲသေးတယ်ဟုတ်လား၊ ဖေဖေ ပြောသလိုပဲ ရှင်ဟာ သိုက်တူးသမားပဲ၊ အင်မတန် ကောက်ကျစ်ယုတ်မာတဲ့သူ၊ ရှင့်ကို သိပ်ရွံတယ်၊ မုန်းတယ်သိလား"

ပန်းပွင့်ဝေက ဒေါသတကြီးနှင့် အံတွေ၊ အသားတွေ ဆတ်ဆတ်တုန်စွာနှင့် ရန်တွေ့သည်။

"ရှင့်လိုလူမျိုးကို ချစ်မိတာ ကျွန်မ သိပ်အထိနာတယ်၊ ယုတ်မာပက်စက်တဲ့ ရှင့်ကို သတ်ချင်တယ်သိလား"





ပန်းပွင့်ဝေက စားပွဲပေါ်ရှိနေသော ဖိုင်တွဲများ၊ စာရွက်ချုပ်စက်၊ ပ္လတ်ခက် တွေ့ကရာတွေနှင့် မြင့်သူဇော်ကို ပစ်ပေါက်သည်။

"သမီး အဲ့လိုမလုပ်နဲ့"

ဦးသာမြတ်က ခံစားမှု ပြင်းထန်စွာပေါက်ကွဲနေသော သမီးကို ဖမ်းချုပ်လိုက်သည်။ ပန်းပွင့်ဝေက သူ သိပ်ပြီး အထင်ကြီးစွာချစ်မြတ်နိုးခဲ့သော မြင့်သူဇော်ရဲ့အကြောင်းတွေကို ကြားပြီး မခံစားနိုင်လွန်း၍ မေ့မြောသွားသည်။

ဦးသာမြတ်က ပန်းပွင့်ဝေကို အိမ်ခေါ်လာပြီး ဆရာဝန်နှင့်ကုသသည်။ ပန်းပွင့်ဝေက သတိရခိုက်မှာ ကျူကျူပါအောင် ငိုကြွေးပါတော့သည်။

"သမီးရယ်၊ အဲ့ဒီလောက်ကြီး မခံစားပါနဲ့၊ ဒီလူယုတ်မာကသမီးရဲ့မျက်ရည်နဲ့ မတန်ပါဘူးကွယ်"

မိဘနှစ်ပါးက ဘယ်လိုပင် ဖျောင်းဖျကြပါစေ ပန်းပွင့်ဝေရဲ့ရင်ထဲမှာ ခံပြင်းစိတ်၊ ရှက်စိတ်များ ဆူပွက်နေသည်။ လူယုတ်မာကိုချစ်မိသည့်အတွက် သူ့ရင်ထဲမှာ တဆတ်ဆတ်နှင့် နာကျင်ကြေကွဲနေသည်။

ဦးသာမြတ်က ဒေါ်မေရီကို သမီးအနားပဲနေပြီး သမီးစိတ်ဖြေသိမ့်နိုင်အောင် ပြောဆိုဆုံးမခိုင်းသည်။

ဝန်းပွင့်ဝေကတော့ ထိုနေ့တစ်နေ့လုံး အခန်းအောင်းပြီးမစားမသောက် တငိုငိုနှင့် တစ်ရက်သောအချိန်ကို ကုန်ဆုံးစေလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ဒေါ်စိန်ကြီးက ချော့မော့ပြီး ပန်းပွင့်ဝေရဲ့ အခန်းထဲသို့ စားသောက်ဖွယ်ရာများ ပို့သော်လည်း မစားပါ။

"သမီး ပန်းပွင့်ရယ်၊ ဘာလို့ လူယုတ်မာတစ်ယောက်ကြောင့် ဒီလောက် ခံစားနေရတာလဲ၊ စိန်စိန် မြင်ရတာ စိတ်မချမ်းသာဘူး"

"အဲ့ဒီလူကိုမှ ပန်းပွင့်က သိပ်ချစ်မိသွားတာကိုး စိန်စိန်ရယ်"

"လက်မထပ်ခင် သမီး သူ့အကြောင်းသိရတာ သိပ်ကံကောင်းတယ်၊ အဲ့ဒါနဲ့ ဖြေလိုက်ပါ၊ ပြီးခဲ့တာတွေကို မေ့လိုက်ပါကွယ်"

"အလိမ်အညာခံရတာ ပန်းပွင့် ရှက်လို့ သေတော့မယ်"

"ရှက်ရမှာက လိမ်တဲ့လူ၊ ညာတဲ့လူပါကွယ်၊ ဒီလူအတွက်နဲ့ သေစကားမပြောပါနဲ့ မတန်ပါဘူး သမီးရယ်"

ဒေါ်စိန်ကြီးက အမျိုးမျိုးချော့၍ ပန်းပွင့်ဝေက အငိုတိတ်သွားသော်လည်း ဘာကိုမျှ မစားမသောက်ပါ။





နောက်တစ်နေ့နံနက် ဦးသာမြတ်နှင့် ဒေါ်မေရီတို့ နံနက်စာ စားသောက်နေစဉ် ပန်းပွင့်ဝေ ရောက်လာသည်။ သူ့ပုံစံက အပြင်သွားရန် ပြင်ဆင်ထားသည်။

"ဟော... သမီးလေး နိုးပြီကိုး လာ ဘာစားမလဲ"

ဒေါ်မေရီက ပန်းပွင့်ဝေကို ပြုံးရွှင်စွာ ဆီးကြိုသည်။ ပန်းပွင့်ဝေက ဖခင်နှင့် ရင်ဆိုင်ရသည်ကိုပင် အလွန်ရှက်နေသည်။

"သမီး ထိုင်လေ"

ပန်းပွင့်ဝေက ထမင်းပွဲမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဖခင်ကို ရဲရဲဝံ့ဝံ့ ကြည့်လိုက်သည်။

"ဟိုလူနဲ့ ကိစ္စပျက်သွားလို့ ဖေဖေ သိပ်ဝမ်းသာနေလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ သမီး ခံစားနေရတာကို ဖေဖေ ဘယ်လိုဝမ်းသာနိုင်မှာလဲ"

"အဲ့လိုလူနဲ့ ပြတ်သွားလို့ ဖေဖေ ပန်းပွင့်ကို ကိုကျော်ဇေယျနဲ့ လက်မထပ်ပေးနဲ့နော်၊ သူ့ကို ပန်းပွင့် လုံးဝမယူနိုင်ဘူး"

"မောင်ကျော်ဇေယျက ဘာအပြစ်ရှိလို့လဲကွယ်"

"မရှိဘူး၊ စင်းလုံးချောပဲ၊ ဒါပေမဲ့ ပန်းပွင့် သူ့ကို မယူနိုင်ဘူး၊ သူနဲ့သာ ပေးစားမယ်ဆိုရင် ပန်းပွင့် အိမ်က အပြီးထွက်သွားမယ်"

"အမှားကြီးမှားခဲ့တာကို သမီး နောင်တရသင့်ပြီကွယ်"

"ပန်းပွင့် နောင်တရတာပေါ့ ဖေဖေ၊ သိပ်ကိုရတာပေါ့၊ ဒါကြောင့် ဘယ်ယောကျ်ားကိုမှ လက်မထပ်ချင်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သိပ်ခံစားနေရသော သမီးကိုကြည့်ပြီး ဦးသာမြတ်နှင့် ဒေါ်မေရီက စိတ်ထိခိုက်နေပါသည်။ ပန်းပွင့်ဝေ စိတ်ချမ်းသာရေးကို ရှေ့ရှုပြီး သူ့ အဖြစ်ချင်ဆုံးဆန္ဒကို ဦးသာမြတ်က လက်လျှော့လိုက်သည်။

"ကောင်းပါပြီ သမီးရယ်၊ သမီး မဖြစ်ချင်တာကို ဖေဖေ မတိုက်တွန်းပါဘူး"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

ပန်းပွင့်ဝေက ပြောဆိုပြီး ကုလားထိုင်က ထလိုက်သည်။

"ဘယ်သွားမလို့လဲသမီး"

"သရဖီဆီကိုပါ"

"သမီးရယ် စိတ်ညစ်ပြီး လျှောက်မသွားနေပါနဲ့၊ မေမေတို့ စိတ်ပူတယ်"

"စိတ်ချပါ မေမေ၊ လူယုတ်မာကြောင့် ပန်းပွင့်ရဲ့ နှလုံးသားတွေ နာကျင်ခဲ့ပါပြီ၊ နောက်ထပ် သူ့ကြောင့် ပန်းပွင့်ရဲ့ ခန္ဓာကိုယ် မနာကျင်စေရပါဘူး"

"ဖေဖေ စိတ်ချနေမယ်နော် သမီး"

"စိတ်ချပါ ဖေဖေ၊ ပန်းပွင့်က ဖေဖေ့သမီးပဲ ထင်သလောက် မပျော့ညံ့ပါဘူး"

"ဟုတ်ပါပြီ သမီးရယ်"

"ပန်းပွင့် သွားမယ်"

မိဘနှစ်ပါးကို နှုတ်ဆက်ပြီး ပန်းပွင့်ဝေက ထွက်ခဲ့သည်။ ဒေါ်မေရီက မျက်ရည်လေး တစမ်းစမ်းနှင့် သမီးကို စိတ်ပူစွာပြောသည်။





"သမီးအတွက် စိုးရိမ်ထယ် အမေကြီးရယ်"

"မစိုးရိမ်ပါနဲ့ကွယ်၊ သမီးစိတ်ဓာတ်ကို သိတယ် သူ့ကိုယ်သူ ပြန်ထိန်းနိုင်မှာပါ"

ပန်းပွင့်ဝေက တစ်စစီ ကြေကွဲနေသော နှလုံးသားကို ပိုက်တွေးပြီး သရဖီထံ ရောက်လာသည်။

"ဟင်...ပန်းပွင့် ဆောဆောစီးစီး မျက်နှာလဲ မကောင်းပါလား"

"သရဖီရယ် ဒီနေ့ နင် ရုံးမသွားဘဲငါနဲ့ နေပေးပါလားဟယ်"

"ဟင်... မျက်ရည်စတွေနဲ့ နင် ဘာဖြစ်လာလဲ"

ပန်းပွင့်ဝေက သရဖီကိုတွေ့မှ သိမ်းထားသမျှကို လွှတ်ချလိုက်ပြီး ငိုသည်။

"လာ လာ ငါ့အခန်းထဲကိုသွားမယ်"

သရဖီက သူ့အခန်းဆီသို့ ပန်းပွင့်ဝေကို ခေါ်သွားသည်။ ခုတင်ပေါ်တွင် ထိုင်ခိုင်းပြီး ငိုက်ရှိုက်နေသော ပန်းပွင့်ဝေကို စိတ်မကောင်းစွာဖက်ရင်း မေးသည်။

"ဘာတွေဖြစ်လာလဲ၊ ပြောပါဦး ပန်းပွင့်ရယ်"

"ကိုမြင့်သူဇော်၊ တကယ်ယုတ်မာတယ် သရဖီရယ်"

"သူ ဘာလုပ်လို့လဲဟင်"

ပန်းပွင့်ဝေက ရင်နာစွာနှင့် မြင့်သူဇော်ရဲ့အကြောင်းတွေကို ပြောပြလိုက်သည်။

"တော်သေးတာပေါ့ ပန်းပွင့်ရယ်၊ လက်မထပ်ခင် သူ့အကြောင်းတွေ သိရလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သရဖီရယ်၊ ချောက်ကမ်းပါးထဲကျဖို့ သီသီလေး ငါ လွတ်ခဲ့တယ်"

"အန်ကယ်သာ မစုံစမ်းခဲ့ရင် ဒီအကြောင်းတွေ သိမှာမဟုတ်ဘူးနော်"

"ဟုတ်တယ်"

"ပြီးခဲ့တာတွေ ပြီးပြီပဲ ပန်းပွင့်ရယ်၊ နင် စိတ်ထိခိုက်မနေပါနဲ့၊ နင့်ရဲ့ ခံစားမှုနဲ့ ဒီလိုလူမျိုးက မတန်ပါဘူး"

"ငါ သိပ်ချစ်ခဲ့တဲ့ လူတစ်ယောက်က ခုလို စုတ်ပြတ်ညံ့ဖျင်းနေတာ ရင်နာလွန်းလို့ပါဟယ်"

"သူ့အတွက် နင် အသည်းမကွဲနဲ့၊ နင် သိပ်ပြီး ရှုံးသွားလိမ့်မယ်"

"သူ့ကို အတတ်နိုင်ဆုံး ငါ့ရင်ထဲက ထုတ်ပစ်မှာပါ၊ နာကြည်းမုန်းတီးစိတ်က အတော်ခံရခက်ပါလား သရဖီရယ်"

"စိတ်ကိုဖြေပါ ပန်းပွင့်ရယ်"

"ငါ ဒီကနေ တစ်နေရာရာကို သွားချင်တယ် သမီးရယ်"

"ဘယ်ကိုသွားမှာလဲ"

"မေမေ့အစ်မရှိတဲ့ ပုဂံကို ခဏသွားနေမလားလို့"

"နင့်ကြီးကြီးမှာ သားသမီး မရှိဘူးနော်"

"ဟုတ်တယ်၊ ဘဘနဲ့ ကြီးကြီးမှာ သားသမီး မရှိဘူး၊ တပည့်သားချင်းတွေနဲ့ပဲ နေကြတာ၊ သူတို့ဖွင့်ထားတဲ့ ဟိုတယ်က အဆင်ပြေတယ်"





"ခဏတစ်ဖြုတ် သွားနေချင်နေပေါ့"

"ပြီးတော့ငါ အလုပ်တစ်ခုခု လုပ်ချင်တယ်"

"ဘာအလုပ်လဲ"

"ရတဲ့အလုပ်ပေါ့"

"နင့်အဖေဆီမှာလုပ်လေ"

"ဟင့်အင်း ငါ့အရည်အချင်းနဲ့ ငါ့ဘာသာ ကြိုးစားချင်တာ"

"အလုပ်လုပ်တာ ကောင်းပါတယ်၊ ဒါမှ နင့်စိတ် မလေမှာ"

ထိုနေ့တစ်နေ့လုံး သရဖီနှင့်နေသည်။ ဒေါ်မေရီကို စိတ်မပူရန် ဖုန်းဆက်ပြီး ပြောသည်။

"နင်သာ ရန်ကုန်မှာမရှိရင် ငါတစ်ယောက်တည်း ပျင်းပြီး ကျန်ရစ်ခဲ့မှာ"

"ငါ စိတ်ပြေလက်ပျောက်ဖြစ်ပြီး ငါ့ရဲ့စိတ်တွေ အနည်ထိုင်သွားရင် ပြန်လာခဲ့မယ်"

"နင် ဘယ်တော့သွားမှာလဲ"

"မနက်ဖြန်မဟုတ်ရင် သန်ဘက်ခါ"

"လေယာဉ်နဲ့လား"

"အင်း"

"လေယာဉ်လက်မှတ် ရပြီလား"

"လက်မှတ်ရတာနဲ့သွားမှာ"

"မသွားခင် ငါ့ကို နှုတ်ဆက်ဦးနော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေ ထိုနေ့က ညနေစောင်းမှ သရဖီရဲ့အိမ်က ပြန်သည်။ ပန်းပွင့်ဝေသည် ဦးသာမြတ်နှင့် အပေးအယူလုပ်သည့်ပွဲမှာ အပြတ်အသတ် ကျဆုံးသွား၍ ဖခင်နှင့်ပင် သိပ်ပြီး မျက်နှာချင်းမဆိုင်လိုပါ။

သူ့မှာရှိနေသော အစီအစဉ်ကို မိဘများ ဖွင့်ပြောရမှာမို့ ညစာထမင်း စားသောက်ပြီးမှ ပန်းပွင့်ဝေက ပြောသည်။

“ဖေဖေနဲ့ မေမေကို ပန်းပွင့် အသိပေးစရာရှိလို့ပါ”

“ဘာများလဲ သရဖီရယ်”

“ပန်းပွင့် ပုဂံက ကြီးကြီးတို့ဆီ သွားချင်တယ်”

“အင်းလေ သွားလည်ပေါ့”

“လည်မှာမဟုတ်ဘူး၊ ဟိုမှာ နေချင်သလောက်နေမှာ၊ ပြီးတော့ ပန်းပွင့် အလုပ်တစ်ခုကို ရှာမလို့”

“အလုပ်က အထွေအထူး ရှာစရာလိုသလား သမီးရယ်၊ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်ရသားနဲ့”

“ဖေဖေ ပြောသလိုလေ၊ ပန်းပွင့်က အစွမ်းအစမရှိဘူး၊ မိဘနဲ့ နို့သက်ခံပြီးစို့တာဆိုတာလေ”

“သမီးရယ် အဲ့ဒီစကားကို သမီးက အငြိုးထားနေတာလား”

ဦးသာမြတ်က စိတ်မကောင်းစွာနှင့် သမီးကိုကြည့်ပြီး ပြောသည်။

“အငြိုးမထားပါဘူး ဖေဖေ၊ အသိတရားရလိုက်တာ၊ ကိုယ့်ဒူး ကိုယ်ချွန်ပြီး ပန်းပွင့်မှာ အစွမ်းအစတွေ ဘယ်လောက်ရှိလဲဆိုတာကို ထုတ်သုံးကြည့်မလို့”





“ဖေဖေ့လုပ်ငန်းကလဲ သမီး လုပ်ငန်းပေါ့၊ အဲ့ဒီမှာလဲ သမီးရဲ့ အစွမ်းအစကို ပြလို့ရပါတယ်”

“အဲ့ဒီမှာ ဖေဖေ့ရဲ့ အရိပ်အဝါတွေ၊ အားဖြည့်မှုတွေ ရှိနေဟယ်၊ ပန်းပွင့်ဘဝကို အောက်ခြေကနေစပြီး ပျိုးထောင်ချင်လို့ပါ”

“သမီးကို တစ်ယောက်တည်း လွှတ်ထားရမှာ စိတ်မချဘူး ကွယ်”

ဒေါ်မေရီက မျက်ရည်လေးဝဲဝဲနှင့် သမီးကို ပြောသည်။

“စိတ်ချပါ မေမေ၊ ပန်းပွင့် ခံမှန်တဲ့ စာသူငယ် ဖြစ်ခဲ့ပြီး ဘဝရဲ့ သင်ခန်းစာတွေ ရခဲ့ပြီမို့ နောက်ထပ် ပန်းပွင့် မမှားနိုင်တော့ ပါဘူး”

ဘူးဆို ဖရုံမသီးတတ်သော ပန်းပွင့်ဝေရဲ့ စိတ်ဓာတ်ကို သိနေသော ဦးသာမြတ်က ပန်းပွင့်ဘက်ကနေ ပြောသည်။

“သမီးက သူ့ကြီးကြီးဆီ သွားမှာပဲကွယ်၊ လွှတ်လိုက်ပါ”

“ပန်းပွင့်အတွက် စိတ်မပူပါနဲ့ မေမေ”

“သမီး ဘာနဲ့သွားမလဲ”

“လေယာဉ်နဲ့ပါ”

“ဒါဆို လေယာဉ်လက်မှတ်လုပ်ပေးမယ်၊ ဘယ်တော့သွားမှာလဲ”

“မနက်ဖြန် လက်မှတ်လုပ်ပေးပါ”

“ကောင်းပြီ၊ မောင်ကျော်ဇေယျကို ဖေဖေ လက်မှတ်လုပ်ခိုင်း လိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဖေဖေ"

ပန်းပွင့်ဝေက ထမင်းကို လက်စသတ်ပြီး ထမင်းစားပွဲဆီမှ ထခဲ့သည်။ သူ့ကို စိတ်မချသော မိခင်ကို သနားသော်လည်း ရန်ကုန်မှာ နေလိုစိတ်မရှိ၍ သူ ထွက်သွားချင်လှပါသည်။

* * *

နောက်တစ်နေ့မှာ ကျော်ဇေယျက လေယာဉ်လက်မှတ်သွားလုပ်ပေးပြီး ပန်းပွင့်ဝေကို လာပေးသည်။ သူ့မျက်နှာက ပန်းပွင့်ဝေအတွက် စိတ်ထိခိုက်လွန်း၍ ညှိုးငယ်နေသည်။

"ပန်းပွင့် ဟိုမှာ အကြာကြီးနေမှာလား"

"နေဖြစ်မယ် ကိုဇေယျ"

"အန်တီးက အတော်စိတ်မကောင်းဖြစ်နေတာ၊ အကြာကြီး ပစ်မထားပါနဲ့ကွာ"

"ပန်းပွင့် စိတ်တွေသိပ်ပြီး ရှုပ်ထွေးနေတယ်၊ ဟိုမှာ အေးအေးဆေးဆေး သွားနေချင်လို့ပါ"

"ပန်းပွင့် အခုလို ခံစားနေရတာ ကိုယ် မမြင်ရက်ဘူးကွာ"

"ပန်းပွင့်ကို စိတ်မနာဘူးလား"

"ဘာလို့ စိတ်နာရမှာလဲ၊ ပန်းပွင့်ကို အမြဲခွင့်လွှတ်နားလည်နေပါတယ်"

ကျော်ဇေယျကိုကြည့်ပြီး ပန်းပွင့်ဝေ အလွန်စိတ်ထိခိုက်နေပါသည်။





"ကိုဇေယျလို မြင့်မြင့်တဲ့ လူတစ်ယောက်ကို ပန်းပွင့် မချစ်နိုင်တာ သိပ်ကိုဆိုးဝါးတယ်"

"မေတ္တာဆိုတာ လုပ်ယူလို့မရဘူးဆိုတာ ကိုယ် လက်ခံနေပါပြီ ပန်းပွင့်ရယ်၊ ဒါပေမဲ့ ပန်းပွင့်ရဲ့ ခင်မှုနဲ့ပဲ အိမ်ထောင်တစ်ခုကို မျိုးထောင်ရဲပါတယ်"

"ဒီတစ်သက် ပန်းပွင့်ကို လက်လျှော့လိုက်ပါ ကိုဇေယျရယ်၊ ဘယ်တော့မှ ကိုဇေယျ လိုချင်တဲ့ပုံစံမျိုး ဖြစ်လာနိုင်မှာ မဟုတ်ဘူး"

"အခု ပန်းပွင့်ရဲ့စိတ်တွေ လှုပ်ရှားနေတယ်၊ ပန်းပွင့်ရဲ့စိတ်တွေ တည်ငြိမ်တဲ့အချိန်အထိ ကိုယ် စောင့်နိုင်ပါတယ်"

"ဘာထူးမှာလဲ ပန်းပွင့်ရဲ့ ခံစားချက်က ဒီအတိုင်းပဲလေ"

"ကိုယ် ရွဲ့ရှိပါတယ်"

"ကိုဇေယျ ပန်းပွင့်ကို တကယ်ချစ်လားဟင်"

"ဘယ့်နှယ်ပြောလိုက်တာလဲ သိပ်ချစ်တာပေါ့"

"သရဖီကလဲ ကိုဇေယျကို သိပ်ချစ်တာ"

"ဘယ်လိုဖြစ်ပြီး သရဖီက ပါလာရတာတုန်း"

"ပန်းပွင့်ကို တကယ်ချစ်တယ်ဆိုရင် ကိုဇေယျ သက်သေပြနိုင်မလား"

"ဘာလဲ ပြောလေ"

"သရဖီကို လက်ထပ်ယူလိုက်ပါ"

"ဟာ... ဘာဆိုင်လို့လဲ ပန်းပွင့်ရယ်"

ကျော်ဇေယျက ပျာပျာသလဲ ငြင်းဆန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေယျနဲ့ အလွန်လိုက်ဖက်တဲ့ မိန်းမကောင်းလေးမို့ သရဖီကို လက်ထပ်လိုက်ပါ ကိုဇေယျရယ်"

"အခိပ္ပာယ်မရှိလိုက်တာ"

"ပန်းပွင့်ကို တကယ်ချစ်ရင် ပန်းပွင့် အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးပါလားဟင်"

"ကိုယ့်အပေါ် ပန်းပွင့် သိပ်ပြီး မတရားဘူး"

"ဒါဆိုလဲ ကိုဇေယျ သဘောပါပဲ"

"ကိုယ် ပြန်တော့မယ်"

"ကိုဇေယျကို တစ်ခါတည်း နှုတ်ဆက်လိုက်မယ်နော်၊ ကိုဇေယျက ပန်းပွင့်ရဲ့ဘဝမှာ အခင်ရဆုံး မိတ်ဆွေပါပဲ"

ကျော်ဇေယျက ပန်းပွင့်ဝေကို စူးနစ်သောအကြည့်များနှင့် တစ်ချက်စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ ကျော်ဇေယျရဲ့ နောက်ကျောပြင်ကိုကြည့်ပြီး ပန်းပွင့်ဝေက ပင့်သက်ပြင်းပြင်းတစ်ခုကို ရှိုက်လိုက်သည်။

"အချစ်နဲ့ပတ်သက်ရင် ဒီလိုပဲ ပူပင်သောကတွေ ဖြစ်ရတာပဲ ထင်ပါရဲ့"

"ငါ သိရသလောက် အချစ်ဆိုတာ ပူလောင်ခြင်းပဲ"

ပန်းပွင့်ဝေက မြင့်သူဇော်ကို ချစ်မိသည့်အတွက် အလွန်ခါးသီးအောင် အချစ်ရဲ့ခံစားမှုကို ခံစားလိုက်ရသည်။

* * *





## အခန်း (၁၅)

ပန်းပွင့်ဝေက ခရီးထွက်ခါနီး မိဘနှစ်ပါးကို ထိုင်ပြီးကန်တော့ရာ သုံးဦးစလုံးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်စတွေ ဝေနေသည်။

အမြဲတမ်း ပျော်ရွှင်နေသော ပန်းပွင့်ဝေ သည်လိုခံစားသွားရခြင်းသည် မြင့်သူဇော်ကြောင့်ဆိုပြီး ဦးသာမြတ်က မြင့်သူဇော်ကို အလွန်မုန်းတီးနေသည်။ ပန်းပွင့်ဝေက လေဆိပ်သို့မဆင်းမီ ကြိုထွက်ပြီး သရဖီကို ဝင်နှုတ်ဆက်သည်။

"ပန်းပွင့်ရယ် ဒီလိုကြီး နင် ခံစားပြီး ထွက်သွားတာကိုမြင်ရတာ ငါ့ရင်မှာ မချိဘူး"

"တဖြည်းဖြည်းနဲ့ အဲ့ဒါတွေကို ငါ ကျော်လွှားသွားနိုင်မှာပါ"

"အကြာကြီးမနေပါနဲ့ဟာ မြန်မြန်ပြန်လာနော်"

"နိုင်ငံရပ်ခြားသွားတာမှ မဟုတ်ဘဲဟယ်"

"ဘာဖြစ်ဖြစ် နင် ပြန်လာခဲ့နော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်သည့်စိတ်ကို မနည်းကြီးထိန်းပြီး ရန်ကုန်မြေကနေ ပန်းပွင့်ဝေ ခွဲခဲ့ပါသည်။ ဒေါ်မေရီက ခဲအိုနှင့် အစ်မဖြစ်သော ဦးထွန်းနှင့် ဒေါ်မေကြည်ကို တယ်လီဖုန်းဆက်ပြီး ပန်းပွင့်ဝေကို အပ်လိုက်သည်။

"စိတ်ချစမ်းပါ မေရီရယ်၊ ကြီးတော်ဆီလာတာပဲဟာ၊ သူ ပျော်သလောက်နေပါစေ"

အစ်မဖြစ်သူကို အပ်လိုက်ရ၍ ပန်းပွင့်ဝေအတွက် အနည်းငယ်တော့ စိတ်အေးသွားသည်။ ပန်းပွင့်ဝေက လေယာဉ်ပေါ်မှာ တစ်ယောက်တည်း လျှောက်တွေးရင်း မြင့်သူဇော်ကို နာကြည်းစိတ်များနှင့် သူ့ရင်မှာ တဆစ်ဆစ်နာကျင်နေသည်။

* * *

ပန်းပွင့်ဝေ ပုဂံမြို့သို့ရောက်လာပြီ။ မြို့သစ်တွင် ဟိုတယ်ဖွင့်ထားသော ဘကြီးနှင့် ကြီးတော်က ပန်းပွင့်ဝေကို ဝမ်းသာအားရ ကြိုဆိုသည်။

"သမီးလေး ရောက်လာတာ ကြီးကြီးတို့ ဝမ်းသာလိုက်တာ၊ ဒီမှာ ပျော်သလောက်နေနော်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"သမီးက အပူမခံနိုင်လို့ သမီးအတွက် အဲယားကွန်းနဲ့ အခန်းကြီးတစ်ခန်း စီစဉ်ထားတယ်"

"ကြီးကြီးတို့ အလုပ်ရှုပ်သွားပြီပေါ့"





"တူမလေးအတွက် ကြီးကြီးတို့က အလုပ်ရှုပ်ချင်နေတာ၊ ဒီလိုအခွင့်အရေးရလို့ သိပ်ပျော်နေကြတာကွယ့်"

အပြင်မှာ ပူပြင်းနေသော်လည်း ပန်းပွင့်ဝေရဲ့ အခန်းလေးက အေးမြနေသည်။ အခန်းထဲကို ဝင်ကြည့်ခိုင်း၍ ကြည့်ပြီး ပန်ထွက်လာသည်။

"ပန်းပွင့် ဒီမှာနေတုန်း ကြီးကြီးတို့ကို ကူလုပ်မယ်၊ ဘဘ အလုပ်တွေသင်ပေးနော်"

"သမီးက တကယ်အလုပ်လုပ်ချင်လို့လား"

"လုပ်ချင်တာပေါ့ ဘဘရယ်၊ အလကားနေရတာ ပျင်းလာပြီ"

"ရန်ကုန်မှာ လည်စရာပတ်စရာတွေ ကုန်သွားပြီထင်တယ်"

ဒေါ်မေကြည်က ပြုံးရယ်ပြီးပြောသည်။

"လည်ရပတ်ရလွန်းတာ ကြာတော့ ရိုးလာတာပေါ့ ကြီးကြီးရယ်"

"ဟုတ်ပြီ၊ ဒါဆို ဘဘ အလုပ်တွေသင်ပေးမယ်"

"ပန်းပွင့်က ကွန်ပျူတာလဲ တတ်တယ်နော်"

"ဘဘတို့ဆီမှာ ကွန်ပျူတာတော့ မသုံးဘူး"

"ဒါဆို ဟိုတယ်လုပ်ငန်း သင်ပေးပေါ့"

"စိတ်ချ သင်ပေးမယ်"

"ကဲ သမီး နားပြီးမှ ထမင်းစားမလား"

"ဟင့်အင်း မနားတော့ဘူး၊ ကြီးကြီးကို ဘာကူလုပ်ပေးရမလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ကြီးကြီး ထမင်းပွဲပြင်နိုင်းလိုက်မယ်"

"ဘာလိုလို့နဲ့ ပန်းပွင့် ပုဂံကိုမရောက်တာ နှစ်နှစ်ရှိသွားပြီ"

"သမီးက ကြီးကြီးတို့ဆီကို လာမှမလည်ချင်တာ"

"ကြီးကြီးတို့ ရန်ကုန်လာတော့ တွေ့ရတာနဲ့ ပန်းပွင့် ဒီကို မလာဖြစ်တာပါ"

"အင်းလေ ထားလိုက်ပါတော့"

ဒေါ်မေကြည်က ပြုံးပြုံးကြီးလုပ်ပြီး ခေါင်းညိတ်လိုက်သည်။

"ကြီးကြီးတို့ဆီ ဧည့်သည်ကျရဲ့လား"

"မဆိုးပါဘူး"

ဒေါ်မေကြည် အထူးတလည် စီစဉ်ထားသော နံနက်စာကို ပန်းပွင့်ဝေက သူတို့နှင့်အတူ စားလိုက်သည်။ ပုဂံမြေ နှင်းမိစဉ်မှာပဲ သူ့ရင်ထဲက ဝေဒနာတွေ အနည်းငယ် လျော့ပါးသွားသည်လို့ ခံစားလိုက်ရသည်။

"ပုဂံဘုရားတွေ မဖူးရတာ နှစ်နှစ်တောင်ရှိသွားပြီ ကြီးကြီးရဲ့"

"မနက်တိုင်း ဘုရားထစ်ဆူပြီးတစ်ဆူသွားပြီး ဖူးပေါ့၊ နေပြင်းရင် မထွက်နဲ့"

"ဟုတ်ကဲ့ ကြီးကြီး"

"သမီးက ကားမောင်းတတ်တာပဲ ကားယူသွားပေါ့"

"ဟုတ်ကဲ့ ဘဘ"

ထမင်းစားသောက်ပြီး သစ်သီးအချိုပွဲကို လာချပေးသည်၊ ပန်းပွင့်ဝေက သင်္ဘောသီးစိတ်လေးများကို ခရင်းခွလေးနှင့်ထိုးပြီး စားလိုက်သည်။ အလွန်ချိုမြိန်နေသော အရသာကို ခံစားလိုက်ရသည်၊





"သင်္ဘောသီးက ချိုလိုက်တာ"

"ဟုတ်တယ် သမီးရဲ့၊ နိုင်ငံသခြားသားတွေက သင်္ဘောသီးကို သိပ်ကြိုက်ကြတာ"

ထမင်းစားသောက်ပြီး အေးအေးဆေးဆေး ထိုင်စကားပြော ကြသည်။ ညနေစောင်းမှာ ပန်းပွင့်ဝေက ကားနှင့် လောကနန္ဒာဘုရား ဆီသို့ ထွက်ခဲ့သည်။

အေးချမ်းသော ဘုရားရိပ်မှာ ဝတ်ပြုကာ နေဝင်ချိန်အထိ ထိုင်ပြီးမှ ပြန်လာခဲ့သည်။ စေတီဘုရားများနှင့် ပြည့်နှက်နေသော ပုဂံမြေသို့ရောက်မှ သူ့စိတ် တည်ငြိမ်မှုရလာသည်ဟု ထင်သည်။

ညက စကားတွေပြောစရာ မကုန်အောင်ဖြစ်နေ၍ မိုးချုပ်မှ အိပ်ဖြစ်သည်။

* * *

နောက်တစ်နေ့နံနက် ဟိုတယ်မှာ ပန်းပွင့်ဝေက ကူညီလုပ် ကိုင်ပေးသည်။ ဘကြီးထံမှ ဟိုတယ်ကို စီမံအုပ်ချုပ်သည့်ပညာကို သည်သည်။

တစ်ပတ်လောက်ကြာသောအခါ ဘုရားစုံလည်း အတော်ဖူးပြီး ပြီ။ ဟိုတယ်လုပ်ငန်းကိုလည်း အတော်လေး နားလည်လာသည်။

မိဘတွေက သူ့ကို နှစ်ရက်ခြားတစ်ခါလောက် ဖုန်းဆက်သည်။ ပန်းပွင့်ဝေက ပုဂံတွင် ပျော်သည်ဆို၍ မိဘတွေ စိတ်သက်သာရာ ရသွါးသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေတရွေ့ရွေ့ ကုန်ဆုံးပြီး ပန်းပွင့်ဆေ ပုဂံမှာနေသည်မှာ လေးငါးလပင် ရှိသွားသည်။ သူ့စိတ် အတော်လေး တည်ငြိမ်မှုရပြီ မြင့်သူဇော်ကိုလည်း အတော်အတန် မေ့ထားလိုက်နိုင်သည်။

သရဒီထံမှ တယ်လီဖုန်း တစ်ခါတစ်ရံ ရရှိပြီး ကျော်ဇေယျ သရဖီတို့ ပြေလည်သွားပြီဆိုတာကို သိရ၍ လွန်စွာဝမ်းသာနေသည်။

ဦးသာမြတ်ကတော့ သမက်အလွန်တော်ချင်သော ကျော်ဇေ ကို လက်လွှတ်ဆုံးရှုံးရသည့်အတွက် လွန်စွာစိတ်မကောင်း ဖြစ်ေ သည်။ ဒေါ်မေရီကို တဖွဖွနှင့် ထိုအကြောင်းကို ပြောနေသည်၊

"အမေကြီးရယ် သမီးက မိုက်လိုက်တာ၊ မောင်ကျော်ဇေယျ လုံးဝ လက်မခံဘူး"

"ဘယ်တတ်နိုင်မလဲ အဖေကြီးရယ်"

"အခုတော့ မောင်ကျော်ဇေယျက သူ့ကို စိတ်ပျက်ပြ သရဖီကို လက်ထပ်တော့မယ်"

"သမီးနဲ့ မဆုံစည်းပေမယ့် သရဖီလေးနဲ့ ဆုံစည်းတဲ့အတွ ဝမ်းသာရမှာပေါ့ရှင်"

"ကိုယ့်စိတ်ထဲမှာတော့ လုံးဝမကျေနပ်ဘူး၊ ကိုယ့်ရဲ့ကိုယ် တစ်ယောက်လို အားကိုးရတဲ့သူကို သူများအိတ်ထဲကို ဖိတ်လို ပြီလေ"

ဒေါ်မေရီက ဦးသာမြတ်ရဲ့ ခံစားမှုကို နားလည်ပြီး လွ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ပါ။





"ဟိုကောင် မြင့်သူဇော်လိုလူမျိုးနဲ့ သမီး နောက်ထပ် မတွေ့ပါစေနဲ့လို ဆုတောင်းရမှာပဲ"

"သူ အတော်လေး နားလည်သွားပါပြီ အဖေကြီးရယ်၊ နောက်ထပ်-အဲလိုအမှားမျိုးကို ကျူးလွန်မှာ မဟုတ်ပါဘူး"

"အဲလိုပဲဖြစ်ပါစေ"

"မမကြီးကတော့ ပြောတယ်၊ ဟိုမှာ အလုပ်ကိုလဲ စိတ်ဝင်တစား လုပ်တယ်တဲ့"

"ကောင်းပါတယ်၊ အခုမှပဲ အလုပ်ကိုစိတ်ဝင်စားလာတာ အမြတ်ပေါ့"

"ဟုတ်ပါတယ် အဖေကြီးရယ်၊ သမီးလေးက နွဲ့ဆိုးဆိုးတတ် တာကလွဲရင် လိမ္မာရေးခြားရှိပါတယ်"

"ကိုယ့်ရဲ့ ကုမ္ပဏီအလုပ်ကို စိတ်မဝင်စားတာကို ဘဝင်မကျ ဘူး"

"ဖြည်းဖြည်းပေါ့ရှင်၊ သူ နောက်တော့ စိတ်ဝင်စားလာမှာပါ"

"အေးလေ အဲ့ဒီလိုဆိုရင် အတိုင်းထက်အလွန်ပေါ့"

အိမ်မှာ မိသားစုကနည်းသည့်ကြားထဲ ပန်းပွင့်ဆေက သည်လို ထွက်သွားသဖြင့် အိမ်မှာ ပိုပြီး တိတ်ဆိတ်နေသည်။

ပန်းပွင့်ဆေကို သိပ်ချစ်ရှာသော ဒေါ်စိန်ကြီးမှာ အချစ်ကံ မကောင်းရှာဖြစ်ကာ အရှက်ကွဲခဲ့ရသော ပန်းပွင့်ဆေအတွက် တသသနှင့် စိတ်ထိခိုက်နေသည်။

တစ်ခါတစ်ရံ ပန်းပွင့်ဆေက ဖုန်းဆက်လျှင် ဒေါ်စိန်ကြီးက လွမ်း၍ ပြန်လာပါဟု မှာလိုက်ပါသေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော နေ့လယ် ဟိုတယ်ကောင်တာမှာ ပန်းပွင့်ဆေ တာဝန်ယူနေစဉ် ဧည့်သည်များ ရောက်လာသည်။ မြန်မာအမျိုးသား တစ်ဦးနှင့် နိုင်ငံခြားသား အမျိုးသားသုံးဦးတို့ ဖြစ်သည်။

"မင်္ဂလာပါရှင်၊ ဟိုတယ်ဖလော်ရယ်က ကြိုဆိုပါတယ်ရှင့်"

ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် ယောကျ်ားပီသ ကျစ်ကျစ်လျစ်လျစ် ရှိသည့် လူကုံထံရုပ်ပေါက်သော ဧည့်သည်ကို ပန်းပွင့်ဝေက ချိုသာစွာ နှုတ်ခွန်းဆက်လိုက်သည်။

"မနေ့က ရန်ကုန်ကနေလှမ်းပြီး ဘွတ်ကင်လုပ်ပြီးသားပါ၊ တစ်ယောက်ခန်း လေးခန်း လုပ်ထားပါတယ်"

"ခဏလေး သည်းခံပါနော်"

ပန်းပွင့်ဝေက ကြိုတင်ဘွတ်ကင် လုပ်ထားသော စာရင်းကို ကြည့်လိုက်သည်။

"ဦးရဲရင့်နဲ့ အဖွဲ့ပါလားရှင်"

"ဟုတ်ပါတယ်"

"အခန်းတွေ အသင့်ဖြစ်ပြီးသားပါရှင်"

ပန်းပွင့်ဝေက ဟိုတယ်အလုပ်သမားလေးအား ခေါ်လိုက်သည်။ ဧည့်သည်၏ မှတ်ပုံတင်နှင့် နိုင်ငံခြားသားတွေရဲ့ နိုင်ငံကူးလက်မှတ်ကို ယူထားလိုက်သည်။

"ဦးရဲရင့်တို့ အခန်းအသင့်ဖြစ်နေပြီမို့ နားလို့ရပါပြီရှင်"

"ကျေးဇူးပါပဲ"





ရဲရင့်ဆိုသော သူရဲ့မျက်ဝန်းတွေက စူးရဲတောက်ပလွန်းနေသည်ကို ပန်းပွင့်ဝေ တွေ့ရသည်။ သူနှင့် နှစ်လိုဖွယ်ရာ အပြုံးနှင့် ပြောပြီး သူ့ရှေ့က ထွက်သွားသည်။

"အဲ့ဒီ ဦးရဲရင့်က လူငယ်ပဲရှိသေးပေမယ့် အလုပ်ကြီးအကိုင်ကြီး လုပ်တဲ့ပုံစံပဲ"

ကိုရဲရင့်က သူ့အခန်းသို့သွားရင်းနှင့် သူ့မျက်ဝန်းထဲမှာ ပန်းပွင့်ဝေရဲ့ ပုံရိပ် စွဲထင်ပါလာသည်။

"ဒီအမျိုးသမီးလေးက ဟိုတယ် ပိုင်ရှင်လား"

"မြင်မြင်ချင်းပဲ ငါ့နှလုံးသားကို ဖမ်းစားနိုင်လွန်းတယ်"

"မပြန်ခင် သူနဲ့ရင်းနှီးအောင်လုပ်ရမယ်"

ရဲရင့်က သူ့အခန်းသို့ပြန်ပြီး ရေမိုးချိုး အဝတ်အစားလဲကာ ပြန်ထွက်လာသည်။ ပန်းပွင့်ဝေထံတွင် သူ သိချင်သည်များကို စုံစမ်းသည်။

"ကျွန်တော်နဲ့ ဧည့်သည်တွေ ဒီညစာ စားသောက်ရေးအတွက် စီစဉ်ပေးနိုင်မလား သိချင်လို့ပါ"

"ရပါတယ်၊ မီနူးကတ်ရှိတယ်၊ စားချင်တာကို ကြိုမှာထားလို့ ရပါတယ်"

"ဒီကညီမက ဟိုတယ်ပိုင်ရှင်ပေါ့နော်"

"မဟုတ်ပါဘူး၊ ဒါ ကျွန်မရဲ့ ဘကြီးနဲ့ ကြီးဒေါ် ပိုင်တာပါ"

"ဟုတ်လား၊ ဒါလဲ ပိုင်ရှင်ပဲပေါ့"

ရဲရင့်က ဖော်ဖော်ရွေရွေ ယဉ်ကျေးသိမ်မွေ့စွာ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမတို့က ရန်ကုန်ကပဲလား"

"ဟုတ်ပါတယ်၊ ကျွန်မက ဒီမှာ ခဏလာလည်ရင်း ကူလုပ်ပေး နေတာပါ"

"ကောင်းတာပေါ့၊ လုပ်ငန်းအတွေ့အကြုံတွေ ရတာပေါ့"

"ဒီနေ့ နေ့လယ် အပြင်ထွက်ကြဦးမှာလား"

"မထွက်တော့ပါဘူး၊ ညနေမှထွက်မယ်"

"နေ့လယ်စာ စီစဉ်ပေးရမလား"

"ဧည့်သည်တွေ နေပူးလွန်းလို့ ထွက်ချင်သေးတော့ ဒီမှာစီစဉ် ပေးရင် ပိုပြီးအဆင်ပြေပါတယ်"

"ကောင်းပြီ၊ ဘယ်အချိန်လောက် သုံးဆောင်ချင်ပါလဲ"

"နောက်တစ်နာရီလောက်ဆိုရင် ရမလား"

"ရပါတယ်"

"ညီမ နာမည်ကရော ဘယ်လိုခေါ်ပါသလဲ"

"ပန်းပွင့်ဝေပါ"

"လူနဲ့ နာမည်နဲ့ လိုက်တယ်"

ဝင်းစင်နုဖတ်နေသော ပန်းပွင့်ဝေကို ရွှန်းလဲ့သောအကြည့်နှင့် ကြည့်ပြီး ရဲရင့်က ပြောသည်။ ပန်းပွင့်ဝေက တုန်လှုပ်ခြင်းမရှိသော နှလုံးသားနှင့် ရဲရင့်ကို ပြန်ကြည့်သည်။

"ဧည့်သည်တွေက တိုးရစ်(စ)တွေလားဟင်"

"မဟုတ်ပါဘူး၊ ကျွန်တော့်ကုမ္ပဏီနဲ့ ဆက်သွယ်နေတဲ့ နိုင်ငံ ခြားက ဧည့်သည်တွေပါ"





"ဪ... ဦးရဲရင့်က ကုမ္ပဏီပိုင်ရှင်ကိုး"

ပန်းပွင့်ဝေက ဦးတပ်ခေါ်လိုက်၍ ရင်ထဲမှာ တစ်မျိုးဖြစ်သွား သည်။ ပန်းပွင့်ဝေက သူ့ကို အသက်ကြီးသည့် လူတစ်ယောက်အနေနဲ့ မြင်သွားမှာစိုးသည်။

"သူနဲ့ငါ အသက်ကွာလှမှ ခုနစ်နှစ် ရှစ်နှစ်ပေါ့၊ ဒီလို ဦးကြီးတပ်ခေါ်တော့ ရင်ထဲအောင့်သွားတာပဲ"

ကုမ္ပဏီပိုင်ရှင် အလုပ်ရှင်တစ်ဦးမို့ အမြဲတမ်း ဦးတပ်ပြီး ခေါ်ရခဲ့သည်မှာ ရိုးနေပါပြီ။ ပန်းပွင့်ဝေနှင့်တွေ့မှ သူ့စိတ်ထဲက ဦးတည့်ခေါ်ရခြင်းကို မနှစ်မြို့သလို ဖြစ်သွားသည်။

"ကျွန်တော့်ကို တလေးတစား ခေါ်စရာမလိုပါဘူး၊ ကိုရဲရင့်လို့ ခေါ်ရင်လဲ ရပါတယ်"

ပန်းပွင့်ဝေက ပြုံးပြုံးလေးနှင့် သူ့ကိုကြည့်နေသည်။ ရဲရင့်သည် တည်ကြည်သော သူတစ်ယောက်၊ ခင်မင်စရာကောင်းသော သူတစ် ယောက်ဆိုတာကို စကားပြောရင်းနှင့် သိနေသည်။

"ကျွန်တော့်ဧည့်သည်တွေဆီ သွားလိုက်ဦးမယ်"

"ဧည့်ခန်းဆောင်ထဲမှာ ထိုင်လို့ရပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ရဲရင့်က ပြန်ထွက်သွားသည်။ ရဲရင့်ရဲ့ လှုပ်ရှားပုံသည် သေသပ်ပြီး လူကြီးလူကောင်းဆန်သည်။

"ကိုဇေယျနဲ့ ကိုရဲရင့်က နေပုံထိုင်ပုံ အတော်တူတာ"

"ကိုရဲရင့်က အရပ်ပိုမြင့်ပြီး သူက ကိုဇေယျထက်ပိုပြီး ကြည့်ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေက ညွှံ့သည်တွေရဲ့ စားသောက်ရေးကို စီမံကွပ်ကဲပေးလိုက်သည်။ ရဲရင့်နှင့် ညွှံ့သည်များ စားသောက်နေသည့်နေရာသို့ ရောက်သွားပြီး တာဝန်ဝတ္တရားအရ မေးလိုက်သည်။

"ပြည့်စုံပါရဲ့လားရှင်"

"ပြည့်စုံပါတယ် မပန်းပွင့်ဝေရယ်၊ ညွှံ့သည်တွေကလဲ သဘောကျပါတယ်"

နိုင်ငံခြားသားများကိုလည်း ပန်းပွင့်ဝေက ပြုံး၍နှုတ်ဆက်လိုက်သည်။ ချောမောလှပသော ပန်းပွင့်ဝေကို သူတို့ကလည်း ချိုအီနေအောင်ပြုံး၍ နှုတ်ဆက်စကားပြောသည်။

* * *





## အခန်း (၁၆)

ညဘက် အလုပ်အားသည့်အချိန်မှာ ပန်းပွင့်ဝေက ဟိုတယ်ရှေ့ ပန်းခြံလေးတွင် ထွက်ထိုင်နေသည် မလှမ်းမကမ်းမှာ ညွှံ့သည်တွေနှင့် စကားပြောရင်းကနေ ပန်းပွင့်ဝေကိုတွေ့ပြီး ရဲရင့်က သူ့ထံလျှောက်လာသည်။

"မပန်းပဝင့်ဝေ၊ လေညင်းခံနေတာလား"

"ဟုတ်ပါတယ်"

"ဘယ်တော့ ရန်ကုန်ပြန်မှာလဲ မပန်းပွင့်ဝေ"

"ပန်းပွင့်လို့ ခေါ်ရင်ရပါတယ်၊ ရန်ကုန်ပြန်ဖို့က မပြောတတ်သေးဘူး၊ရန်ကုန်မှာ အလုပ်တစ်ခုရရင်တော့ ပြန်ချင်တယ်"

"ပန်းပွင့်က အလုပ်လုပ်ချင်လို့လား"

"ဟုတ်ကဲ့"

"ပန်းပွင့် ဘာအလုပ် လုပ်ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီတစ်ခုခုမှာပေါ့"

"တကယ်လုပ်ချင်လို့လား"

"လုပ်ချင်ပါတယ်"

"ပန်းပွင့် ကွန်ပျူတာတော တတ်လား"

"တတ်ပါတယ်"

"ဘယ်ဆိုးလို့လဲ၊ ပန်းပွင့် အလုပ်လုပ်ချင်တယ်ဆိုရင် ကျွန်တော့်ဆီမှာ အလုပ်ခန့်ပေးမယ်လေ"

"တကယ်လားဟင်"

"တကယ်ပါ ရန်ကုန်ရောက်ရင် ဒီလိပ်စာအတိုင်း ဆက်သွယ်လိုက်ပေါ့"

ရဲရင့်က သူ့ရဲ့ ဗစ်ဇစ်တင်းကတ်ကို ပန်းပွင့်ဝေအား ပေးလိုက်သည်။

"ကျွန်တော်တို့က မနက်ဖြန် လျှောက်လည်ပြီး သန်ဘက်ခါ ပြန်မှာလေ၊ သတိရတုန်း ကတ်ကို တစ်ခါတည်း ပေးထားလိုက်တာ"

"ကျေးဇူးတင်ပါတယ် ကိုရဲရင့်ရယ်၊ ပန်းပွင့်ကို အလုပ်ခန့်မှာ သေချာလား"

"သိပ်ကို သေချာပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ကိုရဲရင့် အလုပ်ခန့်မှာ သေချာရင် ရန်ကုန်ကို ပန်းပွင့် ဆက်ဆက်ပြန်လာခဲ့မယ်"

"သေချာပါတယ်၊ လခရော ဘယ်လောက်လဲ မမေးတော့ဘူးလား"





"ဪ... ဟုတ်ပါရဲ့"

ပန်းပွင့်ဝေက သဘောကျစွာ ရယ်လိုက်သည်။ သည်လို မရယ်ဖြစ်ခဲ့သည်မှာ ကြာပြီဆိုတာကို သူ့ကိုယ်သူပင် သတိမပြုမိပါ။ လွှတ်လွှတ်လပ်လပ် ပြုံးရယ်လိုက်သော ပန်းပွင့်ဝေရဲ့ မျက်နှာလေးက သိပ်ကို ချစ်စရာကောင်းသွား၍ ရဲရင့်က ငေးကြည့်မိသည်။

"စစချင်း လခ တစ်သောင်းပေးမယ်၊ ကျေနပ်လား"

"ကျေနပ်ပါတယ်"

"ပန်းပွင့်ရဲ့ လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး တစ်လနေရင် ထပ်တိုးပေးပါ့မယ်"

"ပန်းပွင့်က အလုပ်သိပ်လုပ်ချင်တာ၊ အခုလို အလုပ်ခန့်ပေးတဲ့ အတွက် ကျေးဇူးကမ္ဘာပါပဲ"

မြင်မြင်ချင်း ရင်မှာစွဲငြိ ချစ်ခင်တွယ်တာနေပြီဖြစ်သော မိန်းမလှလေးရဲ့ လိုအင်ဆန္ဒကို ရဲရင့်က ဖြည့်ဆည်းပေးချင်ပါတယ်။

"ပန်းပွင့်အတွက်ဆိုရင် ကျွန်တော် အပြည့်အဝ ကူညီပေးပါ့မယ်"

"ကျေးဇူးပါပဲ ကိုရဲရင့်"

ကိုယ့်ဒူးကိုယ်ချွန် အလုပ်လုပ်ချင်သော ပန်းပွင့်ဝေက သူ့ကို ချော့ရှော့ရှူရှူ အလုပ်ခန့်လိုက်သော ရဲရင့်ကို အလွန်ကျေးဇူးတင်နေသည်။

"ကျွန်တော့်ညီသည်တွေဆီကို သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က မလွှဲသာ၍ ညှိသည်တွေထံ ပြန်သွားရသော်လည်း သူ့စိတ်အစဉ်က ပန်းပွင့်ဝေအနားတွင် ကျန်ရစ်ခဲ့သည်။

ပန်းပွင့်ဝေက အနားတွင်နေပြီး စကားတွေပြောချင်သည်။ စကားပြောရင်းနှင့် ပန်းပွင့်ဝေရဲ့ အကြောင်းတွေကို သိပြီးရင်းသိအောင် ကြိုးစားချင်သည်။

ပန်းပွင့်ဝေသည် ချစ်သူမရှိသေးသော လွတ်လပ်သည့် အမျိုးသမီးတစ်ယောက် ဖြစ်ပါစေလို့ သူ မျှော်လင့်နေပါသည်။

"ပန်းပွင့်ကို ရင်းနှီးအောင်လုပ်ပြီး သူ့မေတ္တာကို ရချင်တယ်"

"ငါ့ဆီမှာ အလုပ်လုပ်မှာဆိုတော့ တစ်နေ့တစ်နေ့ တစ်ချိန်ချိန်မှာ ငါ့ရဲ့စေတနာကို ဖော်ထုတ်ဖို့ အခွင့်အရေးရနိုင်တယ်"

ပန်းပွင့်ဝေ သူ့ထံမှ အလုပ်လာလုပ်ဖြစ်ပါစေလို့သာ ရဲရင့်က အမျှော်လင့်ကြီး မျှော်လင့်နေသည်။ ပန်းပွင့်ဝေက နံနက်စောစောထ ရမှာမို့ သူ့အခန်းကို ပြန်သွားသည်။

* * *

ရဲရင့်တို့က နောက်တစ်နေ့မနက် ဟိုတယ်မှထွက်သွားပြီး မိုးချုပ်လောက်မှ ပြန်ရောက်လာသည်။ မနက်ပြန်ရတော့မှာဖြစ်ပြီး မပြန်ခင် ပန်းပွင့်ဝေနှင့် စကားပြောချင်သည်။ အေးအေးဆေးဆေး နှုတ်ဆက်ချင်သည်။

ကောင်တာမှာ ပန်းပွင့်ဝေက ထိုင်နေသည်။ ပန်းပွင့်ဝေ အလုပ်အားသည်ကို စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ တွေ့သည်။





"ကိုရဲရင့် မနက်ပြန်မှာနော်"

"ဟုတ်တယ်၊ မနက်ကျမှ ချက်အောက်လုပ်မယ်"

"ညှိသည်တွေက မြန်မာ့အနုပညာ ရှေးဟောင်းလက်ရာတွေကိုရော သာသနာရဲ့ အစဖြစ်ခဲ့တဲ့ အထွတ်အမြတ် ပုဂံမြို့ကိုပါ နှစ်သက်ရဲ့လား"

"သူတို့ သိပ်သဘောကျကြတယ်၊ ရှေးဟောင်း အနုပညာလက်ရာတွေကိုလဲ အရမ်းအံ့သြပြီး ချီးကျူး နေတာပဲ"

"ဟုတ်ပါတယ်၊ ပုဂံရဲ့ ကျက်သရေကတော့ အံ့မခန်းပါပဲ"

"ဒါနဲ့ ပန်းပွင့် ရန်ကုန်ကိုလာမှာ သေချာလား"

"သေချာပါတယ်၊ ကိုရဲရင့်လဲ ပန်းပွင့်ကို သေသေချာချာ အလုပ်ခန့်နော်"

"အခုကတည်းက ခန့်လိုက်ပါပြီ ပန်းပွင့်ရယ်"

ဘကြီးနှင့် ကြီးတော်တို့ မနှစ်သက်မှာစိုး၍ ရဲရင့်နှင့် ပန်းပွင့်ဝေက ကြာရှည်စွာ စကားမပြောပါ။

နောက်တစ်နေ့နံနက် ရဲရင့်တို့အဖွဲ့ ပြန်သွားကြသည်။ ဟိုတယ်မှာ နောက်ထပ် ညှိသည် ဆွယ်ယောက်တစ်ဖွဲ့ ထပ်ရောက်လာသည်။

ဟိုတယ်တစ်ခုလုံးပြည့်ပြီး အခန်းလွတ်တစ်ခန်းသာ ကျန်တော့သည်။ ပန်းပွင့်ဝေလည်း အလုပ်တွေ မအားလပ်အောင်ဖြစ်သွားသည်။

ရဲရင့်တို့ပြန်ပြီး ရန်ကုန်ကို ချက်ချင်းပြန်လိုက်သွားချင်သော်လည်း ဘကြီးကို ကူလုပ်နေရ၍ ပန်းပွင့်ဝေက မပြန်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့် ပြန်သွားသည်မှာ တစ်ပတ်ကျော်သွားသည်။ ပန်းပွင့်ဆေ ရောက်မလာ၍ ရဲရင့်က တမျှော်မျှော်နှင့်ပါ။

"သူ ရန်ကုန် မလာတော့ဘူးလား မသိဘူး"

"ငါ့ဆီမှာသာ အလုပ်မဝင်ရင် သူ့ကို ဘယ်လိုဆက်သွယ်ရမှန်း မသိဘူး"

ပန်းပွင့်ဆေ မရောက်လာသေးသဖြင့် မျှော်ရင်းနှင့် စိတ်ဓာတ်ကျ နေသည်။

ပန်းပွင့်ဝေက အလုပ်ပါးသည့်အချိန်မှာ ဦးထွန်းနှင့် ဒေါ်မေ ကြည်ကို သူ ရန်ကုန်ပြန်မည့်အကြောင်း ပြောသည်။

"ဘဘနဲ့ ကြီးကြီး ပန်းပွင့် သန်ဘက်ခါလောက် ရန်ကုန်ပြန် တော့မယ်"

"ဒီမှာနေရတာ ပျင်းသွားပြီလား"

"ဟုတ်ကဲ့"

"ဟုတ်မှာပေါ့၊ ဒီမှာ ဒီလောက်ကြာကြာနေတာကိုပဲ ကြီးကြီး တို့က အံ့သြဝမ်းသာနေတာ"

"ပန်းပွင့် ဒီမှာနေရတာ ပျော်ပါတယ်၊ ပန်းပွင့်ကို ဂရုစိုက်ပေးတဲ့ ကြီးကြီးတို့ကိုလဲ ကျေးဇူးတင်ပါတယ်"

"သမီး လာလည်တာကိုပဲ ကြီးကြီးတို့က ဝမ်းသာနေတာ ပါကွယ်"

"ညှော်သည်တွေပါးတဲ့အချိန် ကြီးကြီးတို့ ရန်ကုန်လာကြမယ် မဟုတ်လား"





"လာမှာပေါ့ကွယ်"

"ကြီးကြီးတို့ ရန်ကုန်လာရင် ပန်းပွင့် ကောင်းကောင်းဂရုစိုက် မယ်သိလား"

"တယ်ဟုတ်ပါလား၊ ချက်ကျွေးမယ်ပေါ့"

"စိန်စိန့်ကို ကောင်းကောင်းချက်ခိုင်းမှာလေ"

"ဖြစ်ရမယ်၊ ကြီးကြီးကဖြင့် ပန်းပွင့်ကိုယ်တိုင် ချက်ကျွေးမယ် ထင်ပြီး ဝမ်းသာသွားတာ"

"ပန်းပွင့်က စိန်စိန့်လောက် ချက်တာကောင်းမှာ မဟုတ်လို့ ပါ"

"အေးလေ ထားပါတော့"

ပန်းပွင့်ဝေကို ကလေးငယ်တစ်ယောက်လို ဘကြီးတို့ လင်မယားက နောက်ပြောင်ကျီစယ်နေသည်။ ပန်းပွင့်ဆေ ရန်ကုန်ပြန် သွားသည့်အခါ မျက်ရည်စတွေနှင့် ကျန်ရစ်ခဲ့သည်။

* * *

ပန်းပွင့်ဆေ ပြန်ရောက်လာသည်မို့ မိဘနှစ်ပါးရော၊ ဒေါ်စိန်ကြီး ပါ ပျော်ရွှင်နေကြသည်။ မိဘနှစ်ပါးက နွေးထွေးစွာ ကြိုဆိုသည်။

"သမီး ဟိုမှာ ဟိုတယ်လုပ်ငန်းကို အတော်တတ်ခဲ့တယ်ဆို"

ဖခင် ဦးသာမြတ်က ဝမ်းသာစွာမေးသည်။

"ဟုတ်ပါတယ် ဖေဖေ၊ ဘဘကို ကူညီရင်းနဲ့ တတ်လာတာ"

"သမီးက သိမ်အားကိုးရလို့ သူတို့ ဝမ်းသာနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျင်းတာနဲ့ ဘာဘရဲ့ အလုပ်တွေကို ကူလုပ်ပေးနေတာ၊ အဲ့ဒီကနေ အကျင့်ရပြီး ခု ပန်းပွင့် အလုပ်လုပ်တော့မလို့"

"ဒါဆို ဖေဖေ့ကုမ္ပဏီမှာ ဘယ်လက်ရုံး ထပ်ရဦးမှာပေါ့"

ဦးသာမြတ်က အားတက်သရော ပြောသည်။ ပန်းပွင့်ဝေက ဖခင်ကို စိတ်မကောင်းစွာ ကြည့်လိုက်သည်။

"ပန်းပွင့် ကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီးပါပြီ ဖေဖေ"

"ဟင်... ဘယ်ကုမ္ပဏီမှာလဲ"

"ဖေဖေ့ဆီမှာ ပန်းပွင့် မလုပ်တာ ပန်းပွင့်ရဲ့ အရည်အချင်းကို စစ်ချင်လို့ပါ ဖေဖေ၊ ပန်းပွင့် ဘယ်လောက်ထိ ကိုယ့်ဒူးကိုယ်ချွန် နိုင်တယ်ဆိုတာ သိချင်လို့ပါ"

"ဖေဖေ့ဆီမှာလုပ်လဲ ရတာပဲကွယ်၊ တစ်နေ့ ပန်းပွင့်ပဲ အဲ့ဒီ ကုမ္ပဏီကို ဦးစီးရမှာ မဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါကြောင့် အခြားလူတစ်ယောက်ဆီမှာ တပည့်ခံပြီး ပန်းပွင့်ရဲ့ အသွေးအမှန်ကို ဖော်ထုတ်မလို့ပါ၊ တစ်ချိန် ကျရင် ပန်းပွင့် ဖေဖေ့ဆီကို ပြန်လာမှာပါ"

"ဖေဖေ့စကားတွေကို အမှတ်ထား စိတ်ခုပြီး သမီး အခုလို သူများဆီသွားလုပ်တာ မဟုတ်လား"

"မဟုတ်ရပါဘူး ဖေဖေရယ်၊ တစ်နေ့ကျရင် ပန်းပွင့်ဆေ အရည်အချင်း ပြည့်ပြည့်ဝဝနဲ့ ဖေဖေ့ဆီကို ပြန်လာမှာပါ"

"အင်းလေ သမီးက ဆုံးဖြတ်ပြီးပြီဆိုရင် ဖေဖေက လိုက်လျော ရမှာပေါ့"





"ပန်းပွင့်ကို နားလည်ပေးပါ ဖေဖေရယ်"

"အင်းပါ သမီး စိတ်ချမ်းသာသလိုလုပ်ပါ"

ဖခင်ရဲ့ဆန္ဒကို တစ်နေ့တော့ သူ ဖြည့်ဆည်းပေးမည်ဟု စိတ်ထဲက ရည်ရွယ်လိုက်သည်။ ဒေါ်စိန်ကြီးက ပန်းပွင့်ဝေ အိမ်ပြန် ရောက်လာ၍ သူကြိုက်နှစ်သက်သော ဟင်းလျာများကို ချက်ကျွေး သည်။

နောက်တစ်နေ့မှာပဲ ပန်းပွင့်ဝေက ရဲရင့်ရဲ့ ကုမ္ပဏီကို ရောက်သွားသည်။ ပန်းပွင့်ဝေ ရောက်မလာဘူးဟုထင်ပြီး လက်မှိုင်ချ နေသော ရဲရင့်က ပန်းပွင့်ဝေကို ရုတ်တရက် တွေ့လိုက်ရ၍ ထခုန် မတတ် ဝမ်းသာသွားသည်။

"ဟာ... ပန်းပွင့် တကယ်ရောက်လာပြီကိုး"

"အလုပ် သိပ်လုပ်ချင်ရတော့ ရောက်လာတာပေါ့ ကိုရဲရင့်ရယ်"

"ပန်းပွင့် အလုပ်မလုပ်ဖြစ်တော့ဘူးလို့တောင် ထင်နေတာ"

ဝမ်းသာအားရ မျက်ဝန်းစိုလက်လက်နှင့် ရဲရင့်က ပြောသည်။

"ပန်းပွင့် ဘယ်တော့ အလုပ်စဆင်းမှာလဲ"

"မနက်ဖြန် ဆင်းလို့ရရင် ဆင်းချင်တယ်"

"ကောင်းပါပြီ၊ ပန်းပွင့်ရဲ့ သဘောပါ"

ရဲရင့်နှင့် ပြောဆိုပြီး ပန်းပွင့်ဝေက အိမ်ပြန်ခဲ့သည်။ ကိုယ်ပိုင် ကားနှင့် ပန်းပွင့်ဝေ လာသည်ကို ရဲရင့်က အံ့သြနေသည်။

"မာစီဒီးကားကိုစီးပြီး ငါ့ဆီမှာ အလုပ်လာလုပ်တာ သိပ်ကို အံ့သြဖို့ကောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေကို နားမလည်စွာတွေးရောပြီး ကျွန်ရစ်ခဲ့သည်။ ပန်းပွင့်ဝေက အပြန်မှာ သရဖီထံသို့ ဝင်သည်။

"ဟယ် ... ပန်းပွင့် နင် ပြန်လာပြီဟုတ်လား၊ ဝမ်းသာလိုက်တာ ဟယ်"

"နင်နဲ့ ကိုဇေယျ လက်ထပ်တော့မယ်ဆို"

"ဟုတ်တယ်"

"နင် သိပ်ပျော်နေတယ်မဟုတ်လား"

"ပျော်ပါတယ်၊ ဒါပေမဲ့ နင့်ဆီက ကိုဇေယျကို လုယူသလို ဖြစ်သနလို့ ငါ စိတ်မကောင်းဘူး"

"ဘာဆိုင်လို့လဲ၊ ကိုဇေယျကို လက်ထပ်ဖို့ဆန္ဒ ငါ့မှာ လုံးဝ မရှိတာ နင်သိသားနဲ့"

"အင်းဝါ နင်ရော နင့်စိတ်ကို ဖြေလို့ရပြီလား"

"တန်ဖိုးမရှိတဲ့ လူတစ်ယောက်အတွက် ငါ ဆွေးမြည့်ခံစား မနေပါဘူးဟာ"

"ကောင်းတယ်၊ အဲလိုပဲဖြစ်သင့်တယ်၊ နင့်ကိုကြည့်ရတာ သိပ်ပြီး တည်ငြိမ်နေတယ်"

"ဟုတ်တယ်၊ သူ့ကို တမ်းတလွမ်းဆွတ်မနေပေမဲ့ ငါ့နှလုံး သားထဲမှာတော့ အကြီးအကျယ် ဒဏ်ရာရလိုက်တာပဲ"

"လူတိုင်းကို မယုံဖို့ သင်ခန်းစာတစ်ခု သူ ပေးသွားတယ်လို့ ပဲ မှတ်လိုက်ပါ"





"ငါ့ရဲ့ မေတ္တာစေတနာက ဖြူဖြူစင်စင်ပါ၊ ငါ့ရဲ့ သန့်ရှင်းတဲ့ မေတ္တာနဲ့ ဒီလူယုတ်မာနဲ့ မထိုက်တန်ပါဘူး"

"ဟုတ်တယ်၊ နင် အဲဒီလို စိတ်ဖြေနိုင်တာ ငါ သိပ်ဝမ်းသာတယ် ပန်းပွင့်ရယ်"

ပန်းပွင့်ဝေက သရဖီနှင့် အတော်ကြာအောင် စကားပြောဆိုပြီး ပြန်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

နောက်တစ်နေ့နံနက်၊ ပန်းပွင့်ဝေ အလုပ်စဆင်းပါသည်။ အိမ်ကကားကို မယူဘဲ ရုံးကို လိုင်းကားနှင့် ထွက်ခဲ့သည်။

ရုံးသို့ရောက်ပါပြီ။ ရဲရင့်က သူ့ထက်အလျင် ကုမ္ပဏီရုံးခန်းသို့ စောစီးစွာ ရောက်နေသည်။

"ပန်းပွင့် ဘာနဲ့လာတာလဲ"

"လိုင်းကားနဲ့ပါ"

"မနေ့က ကားကရော"

"အဲ့ဒါ သူများကား ငှားစီးလာတာပါ"

"ဪ ဒါဆို ရုံးသွားရုံးပြန် ပန်းပွင့် ဒုက္ခရောက်တာပေါ့၊ ကျွန်တော် ကား စီစဉ်ပေးရမလား"

"ရပါတယ်၊ လိုင်းကားစီးနေကျမို့ ပြဿနာမရှိပါဘူး"

ရဲရင့်ကို သူ့အိမ်အား မသိစေချင်၍ ပန်းပွင့်ဝေက ပို့ကြိုမည်ဆိုသော စကားကို ငြင်းဆန်လိုက်သည်။





"လာပါ ပန်းပွင့် မန်နေဂျာနဲ့ ပန်းပွင့်ကို မိတ်ဆက်ပေးမလို့"

ရဲရင့်က သူ့မန်နေဂျာနှင့် ပန်းပွင့်ဝေကို မိတ်ဆက်ပေးသည်။ ပန်းပွင့်ဝေ လုပ်ကိုင်ရမည့် အလုပ်တွေကိုလည်း ပြပေးသည်။ ပန်းပွင့်ဝေအား သူထိုင်သည့် ရုံးခန်းမှာပဲ ထိုင်ခိုင်းသည်။

"ကျွန်တော့်ရဲ့ အတွင်းရေးမှူးက အိမ်ထောင်ကျလို့ အလုပ်ထွက်သွားတယ်၊ ဒီမန်နေဂျာကြီးကပဲ အကုန်လုပ်ပေးနေရတာ ပန်းပွင့်ကို အတွင်းရေးမှူးတာဝန် ခွဲပေးလိုက်မယ်"

"ပန်းပွင့်က လုပ်ငန်းကို မကျွမ်းကျင်သေးသော ဖြစ်ပါ့မလားဟင်"

"စိတ်မပူနဲ့ မပန်းပွင့်၊ ဦး အားလုံးသင်ပေးမယ်၊ မတတ်ခင် ဦးနဲ့ လက်တွဲလုပ်ပေါ့ကွယ်"

ဖေးမကူညီသော မန်နေဂျာကြီးကြောင့် ပန်းပွင့်ဝေက အားတက်ရပါသည်။ ပထမဦးဆုံးနေ့မှာ သင်ယူမှတ်သားရသည်တွေ များပြားလှသဖြင့် ရုံးဆင်းချိန်မှာ ပန်းပွင့်ဝေ အတော်လေး ခေါင်းနောက်နေသည်။

ပန်းပွင့်ဝေကို အရိပ်တကြည့်ကြည့်နှင့် ရှိနေသော ရဲရင့်က ပန်းပွင့်ဝေက စိတ်ပင်ပန်း နွမ်းနယ်နေသည်ကို သိလိုက်သည်။

"သိပ်ပြီး ပင်ပန်းသွားပြီလား ပန်းပွင့်"

"လုပ်ငန်းခွင်မှာ ပထမဦးဆုံးနေ့ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကို လန့်မသွားနဲ့ဦးနော်၊ ပန်းပွင့် သိပ်ပင်ပန်းအောင် ကျွန်တော် မခိုင်းပါဘူး"

"ပန်းပွင့် ခွဲရှိပါတယ်၊ အလုပ်ကို မကြောက်ပါဘူး၊ ကိုရဲရင့် ရယ်"

ပန်းပွင့်ဝေက အလွန်လန်းဆန်းသော အပြုံးနှင့် ရဲရင့်ကို ပြောလိုက်သည်။

"ကျွန်တော်လဲ ပြန်မှာ ပန်းပွင့်ကို လိုက်ပို့ပေးမယ်နော်"

"ရပါတယ်၊ ပန်းပွင့်ဘာသာ ပြန်ပါ့မယ်"

ပန်းပွင့်ဝေက အတင်းငြင်းဆန်မည့်ပုံမို့ ရဲရင့်က တိုးပြီးမပြော တော့ပါ။ ပန်းပွင့်ဝေ ကားဂိတ်ဆီသို့ တရွေ့ရွေ့လျှောက်သွားသည်။ ပြန်ရမည့်လမ်းချင်းက ဆန့်ကျင်ဘက်မို့ ရဲရင့်က သူ့လမ်းသူ ပြန်ခဲ့သည်။

ပန်းပွင့်ဝေက ကျပ်သိပ်နေသော လိုင်းကားကို တိုးဝှေ့စီးလိုက် သည်။ တစ်သက်လုံး လိုင်းကားမစီးခဲ့၍ သည်ဒုက္ခကို ကြီးလှပေစွဟု ထင်သည်။

ဒါပေမဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မည်ဆိုသော မာနက တင်းခံနေ၍ ထိုဒုက္ခကို ကောင်းကောင်းကြီး ကျော်လွှားနိုင် ခဲ့သည်။

"ငါ အပြင်ဘော်ဒါဆောင်မှာတောင် သွားပြီးနေပြလိုက်ချင် တာ၊ ဖေဖေတို့က အဲ့ဒီလောက်အထိ ခွင့်ပြုမှာမဟုတ်ဘူး"





ပန်းပွင့်ဝေက အောက်ခြေကစပြီး သူ့ဘဝကို ကြိုးစားပြလိုက် ချင်သည်။ မိဘတွေက သူတို့နှင့်ခွဲခွာပြီး ပေးနေမှာမဟုတ်တာကို သိ၍ ထိုဆန္ဒကို ထုတ်ဖော်မပြောဖြစ်ခဲ့ပါ။

ကားဂိတ်ကနေ အိမ်ဆီသို့ လေးလံစွာ လမ်းလျှောက်ရပါ တော့မည်။ ရွှေတောင်ကြားလမ်းမှာနေသော ပန်းပွင့်ဝေက ကားဂိတ် ကနေ အိမ်ဆီသို့ ခပ်မှန်မှန်လျှောက်လာခဲ့သည်။

အတွေးတွေနှင့် လျှောက်လာသဖြင့် ကားတစ်စီး သူ့နောက် ပါးက လိုက်လာပြီး သူ့ကိုမြင်၍ လမ်းဘေးသို့ ကပ်ရပ်လိုက်သည်။

"ပန်းပွင့် ဘယ်လိုဖြစ်ပြီး လမ်းလျှောက်နေတာလဲ ကားရော"

ကျော်ဇေယျရဲ့အသံကိုကြား၍ ပန်းပွင့်ဝေက လှည့်ကြည့်လိုက် သည်။

"ကိုကျော်ဇေယျ ပါလား"

"လာလေ ကားပေါ်တက်၊ ကိုယ် လိုက်ပို့ပေးမယ်"

"ကိုကျော်ဇေယျနဲ့ တွေ့ချင်တာ အတော်ပဲ"

ပန်းပွင့်ဝေက ဖွင့်ပေးလာသော ကားတံခါးပေါက်ကနေ ကားပေါ်သို့ တက်လိုက်သည်။

"ဘယ်ကပြန်လာတာလဲ"

"အလုပ်ကလေ"

"ဟုတ်သားပဲ၊ ပန်းပွင့် တခြားနေရာမှာ အလုပ်လုပ်နေတယ်လို့ အန်ကယ် ပြောတယ်"

"ဖေဖေက သတင်းဖြန့်တဲ့နေရာမှာ မြန်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ စိတ်မကောင်းဖြစ်နေတာ"

"တစ်နေ့ကျရင် ပန်းပွင့်ရဲ့ ရည်ရွယ်ချက်ကို မေမေ နားလည်မှာပါ"

"ပန်းပွင့်"

"ပြောပါ ကိုဇေယျ"

"ပန်းပွင့်ကို ကိုယ် သိပ်ချစ်လွန်းလို့ ပန်းပွင့်ရဲ့စကားကို ကိုယ် ပြည့်ပြည့်ဝဝ နားထောင်လိုက်နာလိုက်ပါပြီ"

"ကျေးဇူးတင်ပါတယ် ကိုဇေယျ၊ အဲ့လိုဆုံးဖြတ်တဲ့အတွက် ကိုဇေယျ ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး၊ သရဖီက သိပ်ချစ်တတ်ပြီး မိန်းမပီသတဲ့ အိမ်ရှင်မကောင်းတစ်ယောက်ပါ"

"ဒါပေမဲ့ သူ့ကို ကိုယ်ချစ်နိုင်ဖို့ ကြိုးစားရဦးမယ်"

"ရုပ်ရည်ကြည်လင်ပြီး ချစ်စရာကောင်းတဲ့ သရဖီမှာ ချစ်စရာကောင်းတဲ့ ကိုယ်ကျင့်တရား ရှိပါတယ်၊ အတူနေပြီးရင် ကိုဇေယျ သရဖီကို ချစ်သွားမှာပါ"

"ထားလိုက်ပါတော့ ပန်းပွင့်ရော ဘာလုပ်မလဲ၊ အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ဘူးလား"

"ခုလောလောဆယ်ဆယ် ပန်းပွင့်ရဲ့ ရင်ထဲမှာ ဗလာပဲ"

"မြင့်သူဇော်အတွက် ခံစားနေတုန်းလား"

"ပန်းပွင့်ရဲ့ မေတ္တာနဲ့ မတန်တဲ့လူကို အချိန်ကုန်ခံပြီး သတိရတမ်းတမနေဘူး"





"ပန်းပွင့်ရဲ့စိတ်တွေ တည်ငြိမ်နေတယ်ဆိုရင် ကိုယ် ဝမ်းသာပါတယ်"

စကားတပြောပြောနှင့် မောင်းလာရာခြံဝသို့ရောက်သည်။ ပန်းပွင့်ဝေက ကျော်ဇေယျကို ပြုံးရယ်ကြည့်ပြီး ပြောသည်။

"ခြံထဲလိုက်မပို့နဲ့တော့နော်"

"ဖြစ်လား"

"ဖြစ်ပါတယ်၊ ပန်းပွင့်ရဲ့ဘဝမှာ အထင်ကြီး အလေးစားရဆုံးနဲ့ အခင်မင်ရဆုံးသော ယောကျာ်းတစ်ယောက်ပဲရှိတယ်၊ အဲ့ဒါ ကိုဇေယျဆိုတာ မှတ်ထားလိုက်ပါနော်"

"ကောင်းပါပြီ၊ ပန်းပွင့် ကိုယ့်အပေါ်မှာ တုံ့ပြန်တဲ့ ဒီခံစားမှုကိုပဲ ကိုယ်ကျေကျေနပ်နပ် လက်ခံလိုက်ပါ့မယ်"

"ကျေးဇူးသိပ်တင်ပါတယ် ကိုဇေယျရယ်"

အလွန်ချစ်မြတ်နိုးပြီး မပေါင်းဖက်လိုက်ရသော မိန်းကလေးကို နောက်ဆုံးအကြိမ် စူးနစ်စွာကြည့်လိုက်သည်။

"ပန်းပွင့်အပေါ်မှာ ဖြစ်သွားမိတဲ့ ကိုယ့်အချစ်ကို တဖြည်းဖြည်း ကိုယ် ရုပ်သိမ်းလိုက်ပြီ၊ ပန်းပွင့်က ကိုယ့်ရဲ့ ညီမ ကိုယ့်ရဲ့ အခင်ရဆုံး မိတ်ဆွေပါပဲ"

ဝမ်းသာကြည်နူးလွန်း၍ မျက်ရည်တွေ စိုလတ်သော အကြည့်ဖြင့် ကျော်ဇေယျကိုကြည့်ပြီး ပန်းပွင့်ဝေက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ကျော်ဇေယျရဲ့ မျက်ဝန်းထဲမှာလည်း မျက်ရည်တွေနဲ့ ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားမယ်"

"ဟုတ်ကဲ့"

ကျော်ဇေယျက ကားမောင်းထွက်သွားသည်။ ပန်းပွင့်ဝေက ကားကို မျက်စိတစ်ဆုံးကြည့်ပြီး ဝင့်သက်ချလိုက်သည်။

* * *

ဒုတိယနေ့ ပန်းပွင့်ဝေ အလုပ်ဆင်းသည့်အခါ လုပ်ငန်းခွင်မှာ မနေ့ကထက် အဆင်ပြေလာသည်။ စေတနာနှင့် သင်ပြပေးသော မန်နေဂျာ ဦးတင်နှင့် ဖေးမကူညီသော ရဲရင့်ကို လွန်စွာ ကျေးဇူးတင်မိသည်။

ထိုနေ့ အိမ်ပြန်ရောက်ပြီး ရေမိုးချိုးကာ မိဘများနှင့် ထမင်းအတူစားစဉ် ဦးသာမြတ်က မေးသည်။

"သမီး အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

"ကားကို ဘာလို့မသုံးတာလဲ"

"ဘဝကို အောက်ခြေကစပြီး ရပ်တည်ကြည့်ချင်လို့ပါ"

"အလကား ဒုက္ခခံတယ် သမီးရယ်"

"ပန်းပွင့်ရဲ့ ခံနိုင်ရည်နဲ့ အရည်အချင်းကို စမ်းသပ်ကြည့်နေတာပါ ဖေဖေရယ်"

"သမီးက တစ်ယူသန်ကြီးကိုး"

"ပန်းပွင့် စိတ်ချမ်းသာသလိုလုပ်ပါရစေ ဖေဖေရယ်"





ဦးသာမြတ်က ဖွတ်တရွတ်နိုင်သော သမီးရဲ့စိတ်ဓာတ်ကို သိ၍ လက်လျှော့လိုက်သည်။

"ကဲ သမီး စိတ်ချမ်းသာသလိုပဲလုပ်တော့၊ ဖေဖေ မပြောတော့ဘူး"

ထိုနေ့ည ဒေါ်မေရီက ပန်းပွင့်ဝေရဲ့အခန်းကို ရောက်လာသည်။ အမေ ဝင်လာ၍ ပန်းပွင့်ဝေက လှဲနေရာကနေ ထလိုက်သည်။

"သမီး အိပ်တော့မလို့လား"

"မအိပ်သေးပါဘူး မေမေ"

"သမီးနဲ့ အေးအေးဆေးဆေး ကားမပြောရတာ ကြာပြီ"

"မေမေ ဘာပြောချင်လို့လဲဟင်"

"သမီး အလုပ်လုပ်တာကို မေမေ မကန့်ကွက်ပါဘူးကွယ်၊ ဒါပေမဲ့ ကားမသုံးဘဲ လိုင်းကားနဲ့ ဒုက္ခခံပြီးသွားနေတာ မေမေ စိတ်မကောင်းဘူး"

"ပန်းပွင့်လုပ်တာ စာရေးသာသာအလုပ် မေမေရဲ့၊ ကားကြီးနဲ့ ရုံးတက်ရင် သဘာဝမကျပါဘူး"

"ဘာဖြစ်ဖြစ်လေ မေမေတို့မှာ သမီးတစ်ယောက်တည်းရှိတာ ဒီလိုဒုက္ခခံနေတာကို မမြင်ရက်ဘူး၊ ကားတော့ ပြန်စီးပါကွယ်"

မိခင် စိတ်မချမ်းသာနေသည်ကိုကြည့်ပြီး ပန်းပွင့်ဝေက သူ့စိတ်ကို တစ်ထစ်လျှော့လိုက်သည်။

"ဒီလိုလုပ်မယ်လေ မေမေ ရုံးမသွားဘဲ တခြားနေရာတွေ သွားတဲ့အခါ ကားသုံးမယ်၊ မေမေ ကျေနပ်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ကျေနပ်ရမှာပေါ့"

ဒေါ်မေရီက အတန်ကြာအောင် ပန်းပွင့်ဝေနှင့် စကားပြောပြီးမှ ပြန်သွားသည်။ သူ့အတွက် မိခင်ကြီး စိတ်မကောင်းဖြစ်နေသည်ဆိုတာကို ပန်းပွင့်ဝေက သိနေပါသည်။

"ပန်းပွင့် မှားခဲ့တဲ့ အမှားအတွက် မေမေတို့ စိတ်ထိခိုက်ရတာတွေ့တိုင်း ပန်းပွင့် ရင်နာရပါတယ် မေမေရယ်"

သူ့ရဲ့ မိသားစု သုံးယောက်စလုံး စိတ်မချမ်းမသာ ဖြစ်ရခြင်းရဲ့ အဓိက တရားခံက မြင့်သူဇော်မို့ တွေးလိုက်ရင်း ခွင့်မလဝတ်နိုင်အောင် ဒေါသတွေဖြစ်နေသည်။

* * *

ပန်းပွင့်ဝေက အလုပ်ကို တစ်နေ့ထက်တစ်နေ့ ကျွမ်းကျင်လာသလို အလုပ်ထဲမှာလည်း ပျော်မွေ့လာသည်။ ရဲရင့်ရဲ့ ခင်မင်စရာကောင်းသော စိတ်ဓာတ်ကိုလည်း တွေ့ရှိလိုက်ရသည်။

တစ်နေ့ထက်တစ်နေ့ ရဲရင့်က ပန်းပွင့်ဝေကို ချစ်စိတ်တွေတိုးနေသလို ပန်းပွင့်ဝေကလည်း ရဲရင့်ကို ခင်မင်လာသည်။

တစ်နေ့မှာ ရဲရင့်က ပန်းပွင့်ဝေနှင့်အတူ ရုံးမှာ နံနက်စာစားရင်းနှင့်မေးသည်။

"ပန်းပွင့် ဘယ်မှာနေတာလဲဟင်၊ ကျွန်တော့်ကို ဘာဖြစ်လို့ ပန်းပွင့်ရဲ့အိမ်ကို အသိမပေးတာလဲ"

"ပန်းပွင့်ရဲ့ မိဘတွေက ပန်းပွင့် ဒီအလုပ်လုပ်တာ မကြိုက်ဘူး၊ ဒါကြောင့် ပန်းပွင့်က ကိုရဲရင့်ကို အိမ်မခေါ်တာပါ"





"သူတို့က ဘာလို့မကြိုက်တာလဲ"

"သူတို့က အစိုးရအလုပ်ကို ဝင်လုပ်စေချင်တာလေ"

"ပန်းပွင့်ကရော ဘာလို့ မလုပ်တာလဲ"

"ပန်းပွင့်က ကုမ္ပဏီအလုပ်ကို ပိုပြီးစိတ်ဝင်စားလို့ပါ"

"ပန်းပွင့်ရဲ့ မိဘတွေက မကြည်ဖြူဘူးဆိုရင် ကျွန်တော်အိမ်လိုက်မလည်ရတော့ဘူး"

"သူတို့နဲ့ အခုလောလောဆည်ဆည် မတွေ့သေးတာ ကောင်းပါတယ်"

"ပန်းပွင့်ကို တစ်ခုမှာထားဦးမယ်"

"ဘာလဲဟင်"

"အခုဆို ပန်းပွင့်က အလုပ်ကို တော်တော်ကျွမ်းကျင်ပါပြီနော်"

"ဟုတ်ကဲ့"

"အခုအချိန်မှာတော့ အလုပ်မထွက်လိုက်ပါနဲ့ ပန်းပွင့်ရယ်"

"စိတ်ချပါ ကိုရဲရင့်ရယ်"

ပန်းပွင့်ဝေ အလုပ်ထွက်သွားလျှင် ပန်းပွင့်ဝေနဲ့ မတွေ့ရဘဲဝေးကွာသွားမှာကိုရဲရင့်က စိုးရိမ်ပြီး ပြောလိုက်ခြင်းပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကျော်ဇေယျနှင့် သရဖီတို့ လက်ထပ်ဖြစ်သွားသည်။ သည်လို မြန်မြန်လက်ထပ်ဖို့ ပန်းပွင့်ဝေကပဲ လောလိုက်ခြင်းပါ။

ပန်းပွင့်ဝေ သံယောဇဉ်အရှိဆုံးသူနှစ်ယောက် ဆုံစည်းသွား၍ ပန်းပွင့်ဝေက လွန်စွာကျေနပ်နေသည်။ ဦးသာမြတ်ကတော့ တော်ချင် သည့်သမက်ကို တစ်သက်တာအတွက် စွန့်လွှတ်လိုက်ရပြီမို့ စိတ်မကောင်းပါ။

မင်္ဂလာပွဲပြီးသည့် ညနေမှာ ကျော်ဇေယျနှင့် ပန်းပွင့်ဝေတို့ နှစ်ယောက်တည်း ခေတ္တ စကားပြောခွင့်ရသည်။ ကျော်ဇေယျက ပန်းပွင့်ဝေကို ကတိတစ်ခုတောင်းသည်။

"ပန်းပွင့် စိတ်ချမ်းသာစေဖို့ ပန်းပွင့် ခိုင်းတဲ့အတိုင်း ကိုယ် လုပ်ခဲ့ပြီးပြီနော်"

"ဟုတ်ကဲ့ အဲဒီအတွက် ကျေးဇူးပဲနော်"

"ပန်းပွင့်လဲ ကိုယ့်ကို ကတိပေးရမယ်"





"ဘာလဲပြောလေ"

"ပန်းပွင့် ချစ်တဲ့သူတစ်ယောက်ယောက်ကို တွေ့ရင် ကိုယ့်ကို အရင်အသိပေးပါ၊ ကိုယ် သဘောတူမှ ပန်းပွင့် လက်ထပ်ရမယ်နော်"

"ဘာဖြစ်လို့လဲဟင်"

"အရင်တစ်ခါလို အမှားမျိုး မတွေ့စေချင်လို့"

"ကောင်းပါပြီ ပန်းပွင့် ဖြစ်စေချင်တာကို ကုဇေယျ ဘဝနဲ့ရင်းပြီး လိုက်နာပေးတဲ့အတွက် ပန်းပွင့်ကလဲ ကိုကျော်ဇေယျ စကားကို နားထောင်ရမှာပေါ့"

"ပန်းပွင့် ကတိတည်မယ်လို့ ကိုယ် ယုံကြည်တယ်"

"စိတ်ချပါ"

သူတို့အနားသို့ သရဖီ ရောက်လာသဖြင့် ပန်းပွင့်ဝေက သရဖီရဲ့ ပခုံးလေးကို ဖက်လိုက်သည်။

"ဒီနေ့ ဒီမင်္ဂလာဆောင်ကိုလာတဲ့ ပရိသတ်ထဲမှာ အပျော်ဆုံးက ငါပဲ သရဖီ"

သရဖီကလည်း ပန်းပွင့်ဝေကို ဝမ်းသာစွာ ပြန်ဖက်ထားသည်။

"နင်နဲ့ ကိုဇေယျတို့ အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် ပေါင်းရပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

ကျော်ဇေယျက သရဖီကို အပြီးအပိုင် လက်ထပ်ပြီးပြီမို့ သရဖီအပေါ်တွင် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားသွားမည်ဟု ဆုံးဖြတ်သည်။ ပန်းပွင့်ဝေကိုချစ်သည့် အချစ်များကိုတော့ သူ့ဘဝရဲ့ ကဏ္ဍတစ်ခုမှာ ထားရစ်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သရဖီက ကျော်ဇေယျအိမ်တွင် လိုက်နေမည်ဖြစ်သည်။ သတို့သမီး သတို့သားတို့ အိမ်ပြန်သည်အထိ ပန်းပွင့်ဝေက လိုက်ပါလာခဲ့သည်။ ကျော်ဇေယျက နောက်ဆုံး လူပျိုညအဖြစ် သူငယ်ချင်းတွေက ညှဉ်း၍ ပါသွားသည်။

* * *

တရွေ့ရွေ့နှင့် အချိန်တွေ ကုန်ခန်းပြီး သရဖီနှင့် ကျော်ဇေယျတို့ရဲ့ မင်္ဂလာသက်တမ်းပင် လေးလရှိသွားပါပြီ။ ချမ်းချမ်းမြေ့မြေ့ ပျော်ရွှင်နေသည့် သူတို့နှစ်ယောက်ကို တွေ့ရ၍ သူ့ရဲ့လုပ်ဆောင်ချက် မှန်ကန်သည်ဆိုတာကို ပန်းပွင့်ဝေသိပြီး ဝမ်းသာကျေနပ်နေသည်။

ပန်းပွင့်ဝေသည်လည်း ရဲရင့်ထံတွင် ပျော်ရွှင်စွာ အလုပ်လုပ်နေပါသည်။ လုပ်ငန်းကျွမ်းကျင်လာ၍ အတွင်းရေးမှူးနေရာကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်လာသည်။

ပန်းပွင့်ဝေအပေါ်တွင် တစ်နေ့တခြား ချစ်စိတ်တွေ ရဲရင့်ရင်ထဲမှာ တိုးပွားနေသည်။ ပန်းပွင့်ဝေ မသိအောင် သိုသိပ်ထားသော်လည်း တစ်ချက်တစ်ချက် သူ့ရဲ့ခံစားချက်က လှစ်ခနဲလှစ်ခနဲ လွတ်ထွက်သွားသည်။ ပန်းပွင့်ဝေကလည်း အတိအကျကြီး မဟုတ်ပေမယ့် ရဲရင့် သူ့အပေါ် စိတ်ဝင်စားနေပြီဆိုတာကို ရိပ်စားမိသည်။

တစ်နေ့ နိုင်ငံခြားက ကုမ္ပဏီဧည့်သည်များ ရဲရင့်ထံသို့ ရောက်လာသည်။ အရေးကြီးသော ဧည့်သည်များလို့ ရဲရင့်က ပြောသည်။





"ဧည့်သည်တွေကို ညကျရင် ဒင်နာကျွေးမလို့ ပန်းပွင့်ကိုယ်နဲ့ အဖော်လိုက်နိုင်မလား"

"လိုက်ဖို့လိုအပ်ရင် လိုက်ပါ့မယ်"

"စားသောက်ရင်း အလုပ်ကိစ္စတွေ ပြောကြမှာဆိုတော့ ပန်းပွင့် အနားမှာရှိနေမှတာ ပိုကောင်းတာပေါ့"

"ဒါဆို ပန်းပွင့် လိုက်ပါ့မယ်"

"ပန်းပွင့်ကို ညခုနစ်နာရီလောက် ကျွန်တော် လာခေါ်မယ်၊ ပန်းပွင့်ရဲ့ အိမ်လိပ်စာပေးလေ"

ရဲရင့်ကို အိမ်သို့ လုံးဝမလာစေချင်၍ လိမ်မှာပါးနပ်စွာ ပန်းပွင့်ဝေက ရှောင်ရှားလိုက်သည်။

"ရပါတယ်၊ ပန်းပွင့်ဘာသာ လာမယ်"

"ဘာနဲ့လာမှာလဲ ပန်းပွင့်"

"တက္ကစီနဲ့ပါ"

"မဟုတ်တာ ပန်းပွင့်ရယ်၊ ကျွန်တော် ဝင်ခေါ်ဖို့ အချိန်ရပါတယ်"

တက္ကစီနှင့်သွားလျှင် အပြန်ကျ ရဲရင့်က အတင်းလိုက်ပို့မှာသေချာသည်။ ထိုအခါ ပန်းပွင့်ဝေ ငြင်းစရာမှာ ခက်သည်ဆိုတာကို သဘောပေါက်သည်။ ဖြစ်လာနိုင်သည့် အဖြစ်အပျက်ကို ကြိုတင်ရှောင်ကွယ်သည့်နည်းက သူ့ကားနှင့်သူ သွားခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဒါဆိုပြီးရောပေါ့၊ ဆိုဒိုးနားကို ညခုနစ်နာရီ အရောက်လာနော်"

"ဟုတ်ကဲ့"

ပန်းပွင့်ဝေက ရုံးအပြန် အိမ်ကို မြန်မြန်ရောက်ချင်၍ အငှားကားဖြင့် ပြန်လာသည်။ အိမ်ပြန်ရောက် ခဏတစ်ဖြုတ်နား ရေမိုးချိုးပြီး လှလှပပ ကြော့ကြော့လေး ပြင်ဆင်လိုက်သည်။

မြင့်သူဇော်နှင့် ကွဲကွာပြီးတည်းက အလှအပကို သိပ်ပြီးမပြင်ခဲ့သော ပန်းပွင့်ဝေက သည်ည စိတ်ရှည်လက်ရှည် ပြင်လိုက်သည်။ အဝတ်အစားကိုလည်း ကောင်းပေ့ဆိုတာကို ဝတ်ဆင်လိုက်သည်။

ထိုနေ့ည ပန်းပွင့်ဝေကို မြင့်တွေ့လိုက်ရရော ရဲရင့် ရင်ထဲမှာ တအံ့တဩ ဖြစ်သွားသည်။ ပန်းပွင့်ဝေရဲ့အလှက သူ့အကြည့်ကို လွှဲဖယ်လို့မရအောင် ဖမ်းစားထားသည်။

"ပန်းပွင့် ဒီနေ့ည သိပ်ကိုလှနေတာပဲ"

ပန်းပွင့်ဝေက ပြုံးပြုံးလေးနှင့် ရဲရင့်ကို ပြန်ကြည့်လိုက်သည်။ ရဲရင့်က တောက်ပနေသော မျက်ဝန်းထဲမှာ သူ့ကို စိတ်ဝင်စားနေသည့် ခံစားမှုကို ရှာဖွေတွေ့ရှိလိုက်ပြန်သည်။

ပန်းပွင့်ဝေရဲ့ ဝတ်စားပြင်ဆင်မှုကိုကြည့်ပြီး ပန်းပွင့်ဝေသည် ချမ်းသာသော အသိုင်းအဝိုင်းကဆိုတာကို ရဲရင့် သိနေသည်။

"ပန်းပွင့်က ဘာဖြစ်လို့ ဆင်းရဲချင်ဆောင်ယောင်ပြီး ငါ့ဆီမှာ အလုပ်လုပ်နေတာလဲ"





သူ လုံးဝစုံးစမ်း၍မရသော ပန်းပွင့်ဝေရဲ့ အကြောင်းများကို သိချင်နေသည်။ အလုပ်တွေပိနေ၍ စုံစမ်းဖို့ အခွင့်အရေးက မပေးသေးပါ။

ပန်းပွင့်ဝေက ကားမောင်းထွက်သွားသဖြင့် နောက်က နောက်ယောင်ခံပြီး လိုက်ကြည့်သော်လည်း ညွှေသည်များကို ပို့ရမှာမို့ လိုက်မကြည့်ဖြစ်ပါ။

ရုံးအပြန်ကျလည်း ပန်းပွင့်ဝေက လိုင်းကားနှင့်ပြန်သဖြင့် နောက်ယောင်ခံရန် ခက်နေသည်။

"ငါ သိပ်ချစ်နေမှဲ့ မိန်းကလေးက ဘာလို့ လျှို့ဝှက်ဆန်းကြယ်နေရတာလဲ"

မကြာခင် ရက်ပိုင်းအတွင်းမှာ ပန်းပွင့်ဝေရဲ့ နေအိမ်ကို ရအောင်စုံစမ်းမည်ဟု ဆုံးဖြတ်သည်။ သူ မစွမ်းဆောင်နိုင်လျှင်တောင် ဦးတင့်ကို စည်းရုံးပြီး သူ့ကိုယ်စား စုံစမ်းခိုင်းမည်ဟု စိတ်ကူးသည်။

ထိုနေ့ည ရဲရင့်သည် ဘဝင်မကျစွာဖြင့်ပဲ အိမ်ကိုပြန်လာခဲ့သည်။

* * *

နောက်တစ်နေ့ ပန်းပွင့်ဝေက ရဲရင့်ခိုင်းသောအလုပ်ကို ကွန်ပျူတာနှင့် ရိုက်နှိပ်နေသည်။ ရဲရင့်က အပြင်သို့ ထွက်သွားသည်။

ထိုအချိန်မှာ ရဲရင့်ထံသို့ ဦးသာမြတ်ရဲ့ ရုံးခန်းက ဝန်ထမ်းတစ်ယောက် ရောက်လာသည်။ သူနှင့် ရဲရင့်က ရင်းနှီးသည်မို့ အပြင်ခန်းမှာပဲရပ်ပြီး စကားပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက စကားပြောနေရင်းက ရဲရင့်ရဲ့ရုံးခန်းကို အကြည့်က ရောက်သွားသည်။ ကာရံထားသော မှန်ချပ်ကနေ အတွင်းမှာ အလုပ်လုပ်နေသော ပန်းပွင့်ဝေကို တွေ့လိုက်သည်။

"ဟင်... ဟိုမှာ ပန်းပွင့်ဝေပါလား"

အောင်မြင့်က ပန်းပွင့်ဝေကိုတွေ့ပြီး တအံ့တဩ ဖြစ်သွားသည်။

"ပန်းပွင့်ဝေက ခင်ဗျားရုံးခန်းမှာ ဘာလာလုပ်နေတာလဲ"

"အဲ့ဒါ ကျွန်တော်ရဲ့ အတွင်းရေးမှူးလေ"

ရဲရင့် ရင်ထဲတွင် အရမ်းကို ဝမ်းသာသွားသည်။ အောင်မြင့်သည် ပန်းပွင့်ဝေကို ရင်းနှီးစွာ သိနေပုံရသည်။

"ခင်ဗျား သူ့ကိုသိလား"

"သိတာပေါ့၊ သူက ကျွန်တော့်အလုပ်ရှင် ဦးသာမြတ်ရဲ့ တစ်ဦးတည်းသော သမီးပဲ"

"ဦးသာမြတ်က ဘာလုပ်တာလဲ"

"ကုမ္ပဏီကြီး သုံးခုလောက်ပိုင်တဲ့ သူဌေးကြီးပေါ့"

"ဟင်... ဟုတ်လား"

ရဲရင့်က မယုံနိုင်လောက်အောင် ခံစားလိုက်ရသည်။ အောင်မြင့်ကို အပြင်ခန်းသို့ ပန်းပွင့်ဝေ မမြင်မီ ခေါ်ထုတ်သွားသည်။

"ခင်ဗျားပြောတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့ ဦးသာမြတ်ဆီမှာ ကျွန်တော် အလုပ်ဝင်ခဲ့တာ နှစ်ပေါင်းမနည်းဘူး"

"ဟုတ်လား"





"ကျွန်တော် စဉ်းစားလို့မရဘူး၊ ဘာလို့ သူ ခင်ဗျားဆီမှာ အလုပ်ဝင်နေတာလဲ"

"ဟုတ်တယ် သူဟာ ချမ်းသာတဲ့ မိန်းကလေးဆိုတာ ခင်ဗျား မေတဲ့ မေးခွန်းမျိုး ကျွန်တော့်မှာလဲ ရှိနေတယ်"

"သူ ဒီမှာ အလုပ်လုပ်တာ သူ့မိဘတွေ မသိဘဲနေမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ မိဘတွေက ဘာလို့ခွင့်ပြုတာလဲ သိချင်လိုက်တာ"

"ပန်းပွင့်ဝေက သူ့အဖေအလုပ်ဆိုရင် လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး၊ အခု ခင်ဗျားဆီမှာလုပ်နေတာ အံ့ဖွယ်တစ်ပါးပါပဲ"

အောင်မြင့်က ပန်းပွင့်ဝေနှင့် မြင့်သူဇော်တို့အကြောင်းကို တမင်မပြောဘဲ ထားလိုက်သည်။ ကျေးဇူးရှင်ရဲ့သမီး သိက္ခာကျမည့် စကားမျိုးကို သူ မပြောလိုပါ။

အလုပ်ရှိသေးသည်ဆိုပြီး အမေးတွေ တန်းစီနေသော ရဲရင့်ထံမှ ပြန်လာခဲ့သည်။

ရဲရင့်ရဲ့ စိတ်ထဲမှာ ပန်းပွင့်ဝေသည် ပဟေဋ္ဌိဆန်နေသည်။ ပန်းပွင့်ဝေကို နားမလည်သလို ပန်းပွင့်ဝေရဲ့ သမိုင်းကို တိတိကျကျ သိချင်နေသည်၊

သည်နေ့ ထမင်းစားချိန်၌ ပန်းပွင့်ဝေနှင့် နှစ်ယောက်တည်း ရှိနေသည့်အခါ ထိုအကြောင်းတွေကို မေးရန်စိတ်ကူးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေက ဘာမျှမသိရှာဘဲ သူ့အလုပ်ကိုသူ လုပ်နေသည်။ ရဲရင့်က အခန်းထဲ ပြန်ဝင်လာပြီး အလုပ်လုပ်ရင်းက ပန်းပွင့်ဝေကို တစေ့တစောင်း လှေလာအကဲခတ်နေသည်။

စိမ့်စိမ့်ကြည့်လေ ပန်းပွင့်ဝေရဲ့အလှက စွဲမက်စရာကောင်းလေ ဖြစ်နေသည်။ ပန်းပွင့်ဝေအား နှုတ်မရသော မေတ္တာတွေနှင့် သူ သက်ဝင်ချစ်ခင်နေပါပြီ။

"ပန်းပွင့်ရယ် မင်းဟာ ဘယ်လိုအကြောင်းတွေရှိလို့ မင်းဘဝကို ဒီမှာလာပြီး မြှုပ်နှံနေတာလဲ"

သူက စူးစိုက်ကြည့်နေစဉ် ပန်းပွင့်ဝေက ရုတ်တရက် မော့အကြည့် ရဲရင့်ရဲ့ စူးရှသောအကြည့်ကိုမြင်မြီး မျက်နှာသေလေးနှင့် ပြန်ကြည့်သည်။ ရဲရင့်က ကဗျာကယာပင် သူ့အကြည့်ကို ပြန်လွှဲလိုက်သည်။

နံနက်စာ အတူစားသောက်ပြီးသည့်အထိ ရဲရင့်က စောင့်နေသည်။ ပန်းပွင့်ဝေက ထမင်းချိုင့်ကို ဆင့်လိုက်သည့်အခါမှ စကားကို စလိုက်သည်။

"သူဌေးကြီး ဦးသာမြတ်ရဲ့သမီးက ဘာကြောင့် ကိုယ့်ဆီမှာ အလုပ်လုပ်တာလဲ ပန်းပွင့်"

သူ့ကိုယ်သူ ရင်းနှီးသွေး နာမ်စားကိုသုံးပြီး ပန်းပွင့်ဝေကို တည်ကြည်သော မျက်နှာထားနှင့် မေးလိုက်သည်။ ပန်းပွင့်ဝေက တအံ့တသြ ထိတ်လန့်သွားပြီး ဆင့်သောချိုင့်ပင် လက်ထဲက လွတ်ကျသွားသည်။





ရဲရင့်ကို တအံ့တသြ ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ ရဲရင့်ရဲ့ မျက်ဝန်းထဲမှာ လိမ်ညာခံရခြင်းအတွက် ဒေါသရှိမနေသဖြင့် ပန်းပွင့်ဝေရဲ့ ရင်ထဲမှာ စိတ်သက်သာမှု နည်းနည်းရသွားသည်။

"ကိုရဲရင့် ဘယ်လိုလုပ် သိသွားတာလဲဟင်"

"မိတ်ဆွေတစ်ယောက်ကပြောလို့ သူက ပန်းပွင့်ကိုလဲ ရင်းရင်းနှီးနှီး သိတယ်လေ"

"ဟုတ်ပါတယ် ကိုရဲရင့်၊ ပန်းပွင့်က ကုမ္ပဏီ သုံးခုလောက်ကို ပိုင်ဆိုင်တဲ့ ဦးသာမြတ်ရဲ့ သမီးပါ"

"သူဌေးသမီးတစ်ယောက်က ဘာဖြစ်လို့ ကိုယ့်ဆီမှာ ဒုက္ခခံပြီး လာအလုပ်လုပ်တာလဲ"

"ကိုရဲရင့်ဆီမှာ အလုပ်လုပ်ရတာ ဒုက္ခမဟုတ်ပါဘူး၊ ပန်းပွင့်အတွက် ပညာဗဟုသုတတွေတိုးတာပါ"

"ဟုတ်ပါပြီ ပန်းပွင့်ရယ်၊ ဘာလို့ ဒီလိုလုပ်ရတယ်ဆိုတာကို ပြောပါဦး၊ ပြီးတော့ ပန်းပွင့်ရဲ့ မိဘတွေကရော ဘာလို့ ပန်းပွင့်ကို အခုလို ခွင့်ပြုရတာလဲ"

"ပန်းပွင့် ပြောပြပါမယ် ကိုရဲရင့်ရယ်၊ ပြောပြပြီးရင် ပန်းပွင့်ကို အလုပ်ထုတ်မပစ်ပါနဲ့နော်"

"အပြစ်မရှိတဲ့ ပန်းပွင့်ကို ကိုယ်က ဘာဖြစ်လို့ အလုပ်ထုတ်ပစ်မှာလဲကွယ်"

"ပန်းပွင့်လေ ကိုယ့်ဘဝကို ကိုယ့်ဘာသာ ရပ်တည်ချင်လို့၊ ပြီးတော့ ပန်းပွင့်မှာ ဘယ်လို ကိုယ်ပိုင်အရည်အချင်းတွေ ရှိတယ် ဆိုတာကို မိဘတွေကို ပြချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ပန်းပွင့်က အတော်သတ္တိရှိတာပဲ"

"ပန်းပွင့် သတ္တိမရှိပါဘူး၊ ဒါပေမဲ့ မိဘရဲ့ အရှိန်အဝါကြောင့် ပန်းပွင့်က ကြီးပွားသွားတယ်၊ သူ့မှာ ဘာအရည်အချင်းမှ မရှိဘူး ဆိုတာကို မဖြစ်ချင်လို့ပါ"

"ဟုတ်ပါပြီ ဆက်ပြောပါဦး"

"ဖေဖေက သူ့ဆီမှာပဲ ပန်းပွင့်ကို အလုပ်ဝင်စေချင်တယ်၊ အဲ့လို ပန်းပွင့် ဝင်လိုက်ရင် ခင်ပျင်းပျင်းစိတ်တွေ ဝင်လာမယ်၊ အားလုံးက ဖေဖေ့မျက်နှာကြောင့် ပန်းပွင့်ကို မျက်နှာသာပေးမယ်၊ ပင်ပင်ပန်းပန်း ခိုင်းမှာမဟုတ်ဘူး"

"ကိုယ်ကရော ပင်ပင်ပန်းပန်း ခိုင်းမိလား ပန်းပွင့်ရယ်"

ရဲရင့်က စိတ်မကောင်းစွာနှင့် မေးသည်။ ပန်းပွင့်ဝေက ပျာပျာသလဲ ဖြေရှင်းသည်။

"အဲဒီသဘော မဟုတ်ပါဘူး ကိုရဲရင့်ရယ်၊ ပန်းပွင့်က ရေသာမခိုချင်လို့ ဖေဖေ့ဆီမှာ အလုပ်မဝင်တာပါ"

"ဟုတ်ပါပြီ၊ ကိုယ် သဘောပေါက်ပါတယ်"

'ပန်းပွင့် လိမ်ညာပြောလို့ စိတ်ဆိုးလားဟင်"

"မဆိုးပါဘူး၊ ပန်းပွင့်ရဲ့ ရည်ရွယ်ချက်ကို ကိုယ် နားလည်ပါတယ်"

"ဖေဖေတို့က ပထမ ပန်းပွင့်ရဲ့ လုပ်ရပ်ကို ကန့်ကွက်ပါတယ်၊ ဒါပေမဲ့ ပန်းပွင့်က ခွတ်လုပ်တတ်တော့ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်လွှတ်လိုက်ပါတယ်"





"ခွင့်သာပြုတယ်၊ ရင်ထဲကတော့ ဘယ်ချမ်းသာပါ့မလဲ"

"တစ်ချိန်ကျရင် ဖေဖေ့ရဲ့လုပ်ငန်းတွေ ဖိဖိစီးစီး ဦးစီးနိုင်အောင် သူတစ်ပါးဆီမှာ ပန်းပွင့်ရဲ့ အရည်အသွေးကို မြှင့်တင်နေတာပါ"

"ဒါဆို တစ်ချိန်ကျရင် ပန်းပွင့် ကိုယ့်ဆီက ထွက်သွားမှာပေါ့ နော်"

"အဲဒီအချိန်ဆိုတာ အဝေးကြီးကျန်ပါသေးတယ် ကိုရဲရင့်ရယ်"

"ကိုယ်ကတော့ အခုတည်းက ကြိုပြီး စိတ်မကောင်းဖြစ်နေပြီ"

"ပန်းပွင့်ကြောင့် ကိုရဲရင့် ထိခိုက်နစ်နာသွားရင် ခွင့်လွှတ်ပါ နော်"

"ပန်းပွင့်လိုလူမျိုး အလုပ်ထွက်သွားရင် ကိုယ့်အတွက် မဟာ ဆုံးရှုံးမှုပါပဲ"

ရှုံးနစ်သော အကြည့်တွေနှင့် ရဲရင့်ကကြည့်ပြီး ပြောသည်။ ပန်းပွင့်ဝေရဲ့ ရင်ထဲမှာ သိမ်မွေ့သော လှုပ်ခတ်မှုတစ်ခု ဖြစ်သွားသည်။

ထိုစဉ်မှာ ရဲရင့်အတွက် တယ်လီဖုန်းလာ၍ စကားပြောခြင်းက ပြတ်တောက်သွားသည်။ ပန်းပွင့်ဝေကလည်း သူ့စားပွဲသူ ပြန်ထိုင်ပြီး အလုပ်ကို ဆက်လုပ်သည်။

ရဲရင့်က ရင်ထဲက ပြောချင်သည့်စကားတွေ မပြောလိုက်ရ ခင်မှာပဲ စကားပြတ်သွား၍ မချဉ့်မရဲပါ။ အပြင်ကိုထွက်ရမည့်ကိစ္စ ပေါ်လာ၍ ထွက်ရပြန်သည်။

များမကြာမီကာလမှာ ပန်းပွင့်ဝေကို သူ ချစ်ခွင့်ပန်ပါမည်။ သူဌေးသမီးမို့ ချဉ်းကပ်သည်ဆိုသော အမြင်ကို ပန်းပွင့်ဝေ မခံစား



www.burmeseclassic.com

www.burmeseclassic.com



မိအောင် သူ့ အတော်ကြီး သတိထားပြီး ပြောဆိုရမည်ဆိုတာကို သဘောပေါက်သည်။

"ပန်းပွင့်လေးရယ် မင်းကို မြင်မြင်ချင်းကတည်းက ရူးမတတ် ချစ်ခဲ့တာပါဆိုတာကို ကိုယ့်နှလုံးသားက စကားပြောတတ်ရင် ပြောခိုင်းလိုက်ချင်ပါတယ်"

* * *





# အခန်း (၁၉)

ပန်းပွင့်ဝေကို ချစ်ရေးဆိုရန် အကြိမ်ကြိမ်ကြိုးစားပြီး မပြောဝံ့သည်နှင့် ရဲရင့်က မပြောဖြစ်ပါ။ ပန်းပွင့်ဝေသည် သူ့ကို အထင်လွဲ အထင်သေးပြီး အလုပ်က ထွက်သွားမည်ကို မလိုလားပါ။

သိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိတာဆိုမျိုး မဖြစ်လိုပါ။ ယခုလို အခြေအနေနှင့် ပန်းပွင့်ဝေရဲ့ မျက်နှာလေးကို နေ့တိုင်းမြင်နေရသည်။ ဖွင့်ပြောလိုက်ခါမှ အလုပ်ထွက်သွားလျှင် သူ ထပ်၍ ရှုံးပါတော့မည်။

သည်လိုနှင့် ရက်သတ္တတစ်ပတ်ဆိုသောအချိန်က ကုန်ဆုံးသွားပြန်သည်။ မိဘအပေါ်တွင်တောင် ပြတ်သားသော ပန်းပွင့်ဝေသည် သူ့အား စိတ်ဆိုးလျှင် ပို၍မလွယ်ဟု ထင်နေသည်။

တစ်နေ့ ပန်းပွင့်ဝေက ပြန်ရန် ရုံးခန်းထဲမှ ထွက်လာသည်။ လမ်းမှာ ဖြစ်လျှောက်သွားသော မြင့်သူဇော်ကတွေ့ပြီး ပန်းပွင့်ဝေဆီသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်"

ရှေ့တည့်တည့် ပိတ်ရပ်လိုက်ပြီး သူ့ကို ခေါ်လိုက်သူကို ပန်းပွင့်ဝေက တအံ့တဩ ကြည့်နေသည်။

"ပန်းပွင့် ဒီမှာ အလုပ်လုပ်နေတာလား"

"ကျွန်မ ဘယ်မှာလုပ်လုပ် ရှင်နဲ့မဆိုင်ဘူး"

ပန်းပွင့်ဝေက ပိတ်ရက်နေသော မြင့်သူဇော်ကို ရှောင်ပြီးထွက်ခွာရန် ကြိုးစားသည်။

"နေပါဦး ပန်းပွင့်ရယ် ခဏလောက် စကားပြောပါရစေ"

"ရှေ့ကဖယ်နော်၊ ရှင့်လို လူယုတ်မာနဲ့ စကားပြောဖို့နေနေသာသာ မျက်နှာတောင် မကြည့်ချင်ဘူး"

"နေပါဦး ပန်းပွင့်ရယ် ကိုယ်ပြောတာ နားထောင်ပါဦး၊ ထွေးထွေ ကို ကိုယ် ကွာရှင်းလိုက်ပါပြီ"

"အဲ့ဒါ ကျွန်မက ဘာလုပ်ရမှာလဲ ဖယ်ပါ"

"နေပါဦး ပန်းပွင့်ရယ်"

ပန်းပွင့်ဝေရဲ့လက်ကို လှမ်းဆွဲလိုက်သဖြင့် ပန်းပွင့်ဝေက ဆောင့်ရုန်းလိုက်သည်။

"ကျွန်မအသားကို ထိဖို့မကြိုးစားနဲ့ ဖယ်"

ထိုမြင်ကွင်းကို ရုံးခန်းကထွက်လာသော ရဲရင့်တွေ့ပြီး ပန်းပွင့်ဝေအနားဆီသို့ ပြေးလာသည်။

"ပန်းပွင့် ဘာဖြစ်နေတာလဲ"

"ဒီမှာ အလကား လိုက်နှောင့်ယှက်နေတယ်"





"ခင်ဗျား ဘယ်လိုလူလဲ၊ မိန်းကလေးတစ်ယောက်ကို မနှောင့်ယှက်သင့်ပါဘူး"

"ခင်ဗျား အသာနေစမ်းပါ၊ ကျုပ်က ပန်းပွင့်ဝေရဲ့ ရည်းစား"

ရဲရင့်က ပန်းပွင့်ဝေကို လှမ်းကြည့်လိုက်သည်။ ပန်းပွင့်ဝေရဲ့ မျက်နှာလေး ဖြူဖွေးသွေးဆုတ်နေသည်ကို တွေ့ရသည်။

"သူပြောတာ ဟုတ်လား ပန်းပွင့်"

"မဟုတ်ဘူး ကိုရဲရင့်၊ သူက လူယုတ်မာ"

"ပန်းပွင့် ကိုယ် ရှင်းပြပါရစေ"

"ဒီမှာ ကိုမြင့်သူဇော်၊ ရှင်ဆက်ပြီး နှောင့်ယှက်နေရင် ကောင်းကောင်းကြီး ဒုက္ခပေးရလိမ့်မယ်၊ ရှင့်လို လူယုတ်မာ ကျွန်မရဲ့ ဘဝမှာ ဘယ်နေရာမှာမှ ရှိမနေဘူး၊ နောက်ကို ရှင်နဲ့ လမ်းသွားရင်တောင် အမှတ်တမဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး"

"ပန်းပွင့်ရယ် ကိုယ့်ကို မရက်စက်ပါနဲ့၊ ပန်းပွင့်ကို ကိုယ် သိပ်ချစ်တယ်"

"ရှင် ပြောလေကဲလေပါလား၊ ကျွန်မ အိမ်ထောင်ပြုတော့မယ်၊ ရှင် ဆက်ပြီးနှောင့်ယှက်ရင် သည်းမခံဘူးနော်"

မြင့်သူဇော်က, ရဲရင့်ကို လှမ်းကြည့်ပြီး ပန်းပွင့်ဝေ ရဲရင့်ကို လက်ထပ်တော့မှာပါလားဟု တွေးနေစဉ် ပန်းပွင့်ဝေက ပြောသည်။

"ကိုရဲရင့် ပန်းပွင့်တို့ ပြန်မယ်လာ"

ရဲရင့်ရဲ့ လက်ကိုဆွဲပြီး ရဲရင့်ရဲ့ကားဆီသို့ ခေါ်သည်။ သွက်သွက်လျှောက်နေသော ပန်းပွင့်ဝေနှင့်အမီ လိုက်ပြီး ကားပေါ်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဘီးစလိမ့်ပြီး ထွက်ခဲ့သည်။ မြင့်သူဇော်က မှင်တက်စွာကြည့်ပြီး ကျန်ရစ်ခဲ့သည်။ ပန်းပွင့်ဝေက ရှက်ဒေါသစိတ်တွေပေါက်ကွဲပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုကြွေးလိုက်သည်။

"ပန်းပွင့်ရယ်၊ အဲ့လိုမငိုပါနဲ့၊ ကိုယ် မကြည့်ရက်ဘူး"

ရဲရင့်ရဲ့စကားကို ပန်းပွင့်ဝေ မကြားပါ။ ခံစားချက် ပြင်းထန်စွာ ပေါက်ကွဲနေသည်။ ရဲရင့်က အေးအေးဆေးဆေး စကားပြော၍ရအောင် ကားကို ကန်တောင်ကြီးစောင်းသို့ မောင်းပြီး ရပ်လိုက်သည်။

"ပန်းပွင့်ရယ် တိတ်ပါတော့ကွယ်"

တစ်ရှူးပုံးထဲက တစ်ရှူးစကိုယူပြီး ပန်းပွင့်ဝေရဲ့ မျက်ရည်စတွေကို သုတ်ပေးလိုက်သည်။ မျက်ရည်များကြားက ပန်းပွင့်ဝေက သူ့ကို မော့ကြည့်လိုက်သည်။

"ဒုက္ခပေးတဲ့ ပန်းပွင့်ကို ခွင့်လွှတ်ပါနော်"

"ပန်းပွင့်က ဒုက္ခမပေးပါဘူးကွာ၊ ဒါပေမဲ့ စောစောကလူ ဘယ်သူဆိုတာ ကိုယ် သိချင်တယ်"

"သူက အင်မတန် ကောက်ကျစ်ယုတ်မာတဲ့လူ"

"ပန်းပွင့်ရဲ့ ချစ်သူဆိုတာ ဟုတ်လား"

"အဲ့ဒီအကြောင်းတွေကို ကိုရဲရင့်ကို ပန်းပွင့် ပြောပြပါ့မယ်"

"ပန်းပွင့်အတွက် ရင်နာစရာ ပြန်ဖြစ်မယ်ဆိုရင် မပြောချင်လဲ ရပါတယ်"

"ရပါတယ် ပန်းပွင့် ပြောပြပါ့မယ်"





ပန်းပွင့်ဝေက မျက်ရည်တွေကို သုတ်လိုက်သည်။ စောစောက လွင့်သွားသောစိတ်ကို ပြန်တင်းလိုက်သည်။ ရဲရင့်ကို သူ့ရဲ့အဖြစ်အပျက်များကို ပြောပြသည်။

"ပန်းပွင့်က ဖေဖေ ဦးသာမြတ်နဲ့ မေမေ ဒေါ်မေရီတို့ရဲ့ တစ်ဦးတည်းသော သမီးပါ၊ အရင်တုန်းက ပန်းပွင့်က ဆိုးတယ်၊ ဘွဲ့ရပြီးတာတောင် အလုပ်မလုပ်ဘူး၊ ဖေဖေ့ရှာစာကို သုံးလိုက်ဖြုန်းလိုက်နဲ့ အချိန်တွေကို ကုန်စေခဲ့တယ်...

"ဖေဖေတို့ သဘောတူတဲ့ ကိုကျော်ဇေယျကို လက်မခံဘဲ ပန်းပွင့်က မိုက်ခဲ့တယ်၊ အဲ့ဒီ မြင့်သူဇော်က ဖေဖေ့ရုံးခန်းကို ရောက်လာပြီး ပန်းပွင့်နဲ့တွေ့ခဲ့၊ သူ့ရဲ့ အပြောကောင်း လိမ်ညာမှုတွေမှာ ပန်းပွင့် နစ်မြုပ်သွားခဲ့တယ်၊ သူ့ကို ချစ်သူအဖြစ် လက်ခံခဲ့တယ်"

"ဟင်... ဒါဆို ပန်းပွင့်တို့က အခု စိတ်ဆိုးနေကြတာလား"

"မဟုတ်ဘူး ကိုရဲရင့်ရယ်၊ သူ့ကို ပန်းပွင့် အပြီးတိုင် လမ်းခွဲခဲ့တာပါ"

"ဘာဖြစ်လို့လဲဟင်"

"ဖေဖေက သူနဲ့ ပန်းပွင့်ကို လုံးဝသဘောမတူဘူး၊ ဘယ်လိုက ဘယ်လို စုံစမ်းလို့ရလဲ မသိဘူး၊ တစ်နေ့ ရုံးခန်းမှာ သူ့မိန်းမ ထွေးထွေးကို ထုတ်ပြနိုင်ခဲ့တယ်"

ပန်းပွင့်ဝေက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ရဲရင့်အား အလုံးစုံ ပြောပြလိုက်သည်။

"တောက် တော်တော်ယုတ်မာတဲ့လူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကိုရဲရင့်ရယ်၊ ဖေဖေ့ရဲ့ စေတနာကျေးဇူးကြောင့် လူယုတ်မာနဲ့ သိသိလေး လွဲခဲ့တာပါ"

"စောစောက အဲ့လိုမှန်းသိရင် ကိုယ် ဆွဲထိုးလိုက်မယ်"

"ဒီလို တန်ဖိုးမရှိတဲ့လူအတွက် သိက္ခာအကျမခံပါနဲ့ ကိုရဲရင့်ရယ်"

"သူနဲ့ ပြဿနာဖြစ်ပြီး ပန်းပွင့် အရှက်အတော်ရလိုက်ပါတယ် ကိုရဲရင့်ရယ်၊ ပန်းပွင့် သိပ်မှားသွားတယ်"

"လူယုတ်မာဆိုတာ ချိုပါတာမှမဟုတ်တာ၊ ပန်းပွင့်က ဘယ်လိုသိနိုင်မှာလဲ"

ပန်းပွင့်ကို မိုက်လုံးကြီးတယ်လို့ ပြောတဲ့လူတွေထဲမှာ ကိုရဲရင့်မပါပါလား။

"လူဆိုတာ တစ်ကြိမ်မှားလိုက်တဲ့ အမှားက ကြောက်ခမန်းလိလိပါပဲ ကိုရဲရင့်ရယ်၊ ကံကောင်းလို့ ဘဝမပျက်တာ"

"ပန်းပွင့်က တကယ်ရိုးသား ပွင့်လင်းတယ်နော်"

"ရှင်"

ပန်းပွင့်ဝေရဲ့ မျက်နှာလေးကို တစ်ချက်မက်မက်ကြည့်ပြီး ရဲရင့်က ပြောသည်။

"တချို့ မိန်းကလေးတွေဆိုရင် သူတို့မှားခဲ့တဲ့အမှားကို အတတ်နိုင်ဆုံး ဖုံးဖိကြမှာပဲ၊ ပန်းပွင့်က ရိုးရိုးသားသား ဝန်ခံတယ်"

ရဲရင့်ရဲ့ ချီးကျူးစကားကို ပန်းပွင့်ဝေက မပီပြင်သောအပြုံးဖြင့် နားထောင်နေသည်။

"အဲ့ဒီလူကြောင့် ပန်းပွင့် သိပ်ခံစားခဲ့ရလားဟင်"





"နာကြည်းစိတ်၊ မုန်းစိတ်တွေနဲ့ ခံစားခဲ့ရတယ်၊ ခုတော့ အားလုံး ပြီးဆုံးသွားပါပြီ"

"ပန်းပွင့် သူ့ကို သိပ်ချစ်ခဲ့တာပဲလား"

"ဟိုတုန်းက အဲ့လိုထင်ခဲ့တယ်၊ ခု ပြန်စဉ်းစားကြည့်လိုက်တော့ အဲလို မဟုတ်တော့ဘူး"

"အခု ဘယ်လိုဖြစ်နေလို့လဲဟင်"

ရဲရင့်က အလိုတကြီး သိလိုစိတ်နှင့် မေးသည်။

"အဲ့ဒီအချိန်တုန်းက ပန်းပွင့် စိတ်လှုပ်ရှားခဲ့တာ မှန်တယ်၊ ဒါပေမဲ့ အချစ်စစ်နဲ့ ချစ်ခဲ့တာ မဟုတ်ဘူးဆိုတာ သူနဲ့ကွဲကွာသွားမှ သိတယ်"

"ဒါဆို အချစ်စစ်နဲ့ တစ်ယောက်ယောက်ကို ပန်းပွင့် ချစ်နိုင်သေးတာပေါ့နော်"

"မပြောတတ်ဘူးလေ"

"ပန်းပွင့် အချစ်စစ်နဲ့ ချစ်တဲ့သူက ကိုယ်ဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ရှင်..."

ပန်းပွင့်ဝေက မျက်လုံးလေး အဝိုင်းသားနှင့် ရဲရင့်ကိုကြည့်လိုက်သည်။ ရွှန်းလဲ့စိုအိနေသော ရဲရင့်ရဲ့ အချစ်မျက်ဝန်းတွေကို တွေ့ရသည်။

"ဟုတ်တယ် ပန်းပွင့်ရယ်၊ မြင်မြင်ချင်းကတည်းက ပန်းပွင့်ကို ကိုယ် သိပ်ချစ်ခဲ့ရတာပါ"

"ပန်းပွင့်မှာ အပြစ်အနာအဆာတွေနဲ့လေ၊ ပြစ်မျိုးမှုမထင်ဆိုတဲ့ အစားထဲမှာ မပါတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ပန်းပွင့်ရယ် မဲ့ဆိုတာ တန်ဖိုးသာရှိရင် တန်ဖိုးရှိပါတယ်၊ ဥပမာ လူလှမှ မဲ့ခတယ်ဆိုတာလေ"

"အဟင်း... ဟင် ကိုရဲရင့်က အတော်အပြောကောင်းတယ်နော်"

"အပြောကောင်းတာ မဟုတ်ဘူး၊ ပန်းပွင့်ကို ချစ်တာ"

"ပန်းပွင့်ရဲ့ အပြစ်တွေကို ခွင့်လွှတ်နိုင်လို့လား"

"ဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲ၊ ကိုယ့်ဘဝအတွက် အဲ့ဒါတွေက စမောမက်တာပဲ"

ပန်းပွင့်ဝေက သဘောကျစွာ ရယ်လိုက်သည်။ ရဲရင့်ရဲ့ ချစ်စကားတွေကြားရတော့ သူ့ရင်မှာ အဖြေအတိအကျ မရှိသေးသော်လည်း ကြည်နူးမိသည်။

"ကဲ ဖြေဦးလေ ပန်းပွင့်ကရော ကိုယ့်ကိုချစ်လား"

"စဉ်းစားဦးမယ်လေ"

"စဉ်းစားပါ ပန်းပွင့်ရယ်၊ ကြိုက်သလောက်စဉ်းစား၊ ကိုယ် စိတ်ရှည်လက်ရှည် စောင့်နေမယ်"

"မနစောင့်ခင် ပန်းပွင့်ကို အိမ်လိုက်ပို့ပေးဦးလေ နောက်ကျနေပြီ"

"ပန်းပွင့်ရဲ့အိမ်ကို သိခွင့်ရပြီလား"

"သိခွင့်လဲရတယ်၊ လာလည်လို့လဲရတယ်"

"ဟာ... ပျော်စရာကြီးပါလား"

စကားတပြောပြောနှင့် မောင်းလာသည်။ ခါတိုင်းထက် ရဲရင့်နှင့် ရင်းနှီးခင်မင်မှု ဖြစ်သွားသည်ကို ပန်းပွင့်ဝေ ခံစားလိုက်ရသည်။ ပန်းပွင့်ဝေက သူ့အိမ်ကို လမ်းညွှန်ပေးသည်။





"အိမ်ထဲဝင်ပါဦးလား ကိုရဲရင့်"

"မဝင်တော့ဘူး ပန်းပွင့်ရယ်၊ နောက်တစ်ခေါက်မှပဲ လာလည်မယ်နော်"

"ဟုတ်ကဲ့"

ရဲရင့်ရဲ့ကားနှင့် ဦးသာမြတ်ရဲ့ကား အဝင်ဂိတ်ဝမှာဆုံသည်။ ခြံထဲက ထွက်သွားသော ပါဂျဲရိုးကားပေါ်ကသူကို ဦးသာမြတ်က စူးစူးစိုက်စိုက်ကြီးကို လိုက်ကြည့်သည်။

အိမ်ထဲရောက်ရောက်ချင်း ပန်းပွင့်ဝေကိုမေးသည်။

"စောစောက ထွက်သွားတာ ဘယ်သူလဲ သမီး"

"ပန်းပွင့်ရဲ့ အလုပ်ရှင် ကိုရဲရင့်ပါ"

"လူငယ်ပဲ ရှိသေးတာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုဖေ့ယျထက်တော့ကြီးတယ်"

"ထူးထူးဆန်းဆန်း သမီးကို အိမ်လိုက်ပို့လို့ပါလား"

လေ့လာသုံးသပ်သော အကြည့်များနှင့် ဦးသာမြတ်က ပန်းပွင့်ဝေကို ကြည့်နေသည်။

"ဒီနေ့ လမ်းကြုံနေလို့ပါ ဖေဖေ"

"သူ့ဇနီးနဲ့ရော သမီး ခင်လား"

ဖခင်ရဲ့အမေးကို ပန်းပွင့်ဝေ ရယ်ခယင်သွားသည်။ ဦးသာမြတ်သည် ရဲရင့် အိမ်ထောင်ရှိမရှိကို သွယ်ဝိုက်သောနည်းနှင့် မေးလိုက်သည်ပဲ။

"မိန်းမ မရှိပါဘူး၊ လူပျိုကြီးပါ ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အဖြေသည်လည်း ဦးသာမြတ်အတွက် စဉ်းစားစရာတွေ ဖြစ်သွားမည်ဆိုတာကို ပန်းပွင့်ဝေက သိသည်။ နောက်ထပ် အမေးအမြန်းတွေ မတွေ့မီ ဖခင်အနားမှ ထွက်လာလိုက်သည်။

အခန်းပြန်ပြီး ရေမိုးချိုး၊ သနပ်ခါးရေကျဲလိမ်းလိုက်သည်။ ဦးသာမြတ်က အခန်းထဲရောက်ပြီး ရေမချိုးနိုင်သေးဘဲ ဒေါ်မေရီကို မေးမြန်းမေသည်။

"အမေကြီး သမီး ဘယ်မှာ အလုပ်လုပ်နေလဲ သိလား"

"ကုမ္ပဏီမှာလေ အဖေကြီးလဲ သိသားနဲ့"

"သိတယ်၊ အဲ့ဒီကုမ္ပဏီပိုင်ရှင်က လူပျိုဆို"

"အင်း ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"အဲ့ဒီသူငယ်နဲ့ သမီး ဘယ်လိုပတ်သက်လဲ"

"ရိုးရိုးသားသားပါပဲ"

"မင်း သေချာရဲ့လား"

"သေချာပါတယ်"

"ဒီနေ့ အဲ့ဒီလူ အလုပ်ရှင် သမီးကို အိမ်ပြန်လိုက်ပို့ပေးတယ်"

"အဲ့ဒါ ဘာဖြစ်လို့ ပြူးပြူးပျာပျာ ဖြစ်နေရတာလဲ အဖေကြီး ရယ်"

"စိုးရိမ်လို့ပေါ့ကွာ"

"သမီးက နားလည်သွားပါပြီ၊ နောက်ထပ် အမှားမဖြစ်နိုင်တော့ပါဘူး"

"အေးလေ လူတွေအကြောင်း သမီး သိတတ်ပါးနပ်ရင် စိတ်ချရတာပေါ့"

* * *





# အခန်း (၂၀)

ထိုနေ့က ပန်းပွင့်ဝေက ခုတင်ပေါ်လှဲရင်း တော်တော်နှင့် အိပ်မပျော်သေးဘဲ ရဲရင့်အကြောင်းကို တွေးသည်။ ရဲရင့်က ချစ်ခွင့်ပန်ပြီးပြီမို့ လက်မခံသင့် ခံသင့်ကို စဉ်းစားသည်။

ရဲရင့်ကို ငြင်းဆန်လိုက်လျှင် ကောင်းမလားဟု တွေးကြည့်သည်။ တွေးလိုက်ရုံနဲ့ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည်။

"ကိုရဲရင့်ကို ငါ သံယောဇဉ်ဖြစ်နေပြီလား"

တွေးရင်းတွေးရင်းနှင့် ဘယ်တုန်းက တိတ်တဆိတ်ခိုးဝင်ပြီး ရစ်ပတ်နေပြီဖြစ်သော သံယောဇဉ်ကြိုးမျှင်စကို တွေ့ရှိလိုက်သည်။

"ဟယ်… ကြည့်စမ်းပါဦး ကိုရဲရင့်ကို ငါ သံယောဇဉ်တွယ်နေပြီပဲ"

"ကိုရဲရင့်က ကိုကျော်ဇေယျထက်တောင်သာတဲ့ အရည်အချင်းတွေရှိတယ်၊ ပြီးတော့ လူပျိုလူလွတ် သူနဲ့ဆိုရင် မေမေတို့ သဘောတူနိုင်မယ် ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်တည်းက သူ့ကို ခင်တွယ်စိတ်တွေ ငါ့ရင်ထဲကို ရောက်လာတာလဲ"

"ဒီတစ်ခါတော့ မိဘတွေ စိတ်ဆင်းရဲအောင် ငါ မလုပ်ဘူး၊ ဘယ်လောက်ကြီး သံယောဇဉ်ဖြစ်ဖြစ် မိဘတွေ သဘောတူမှ လက်ခံမယ်"

"ကိုရဲရင့်ကို ငါ နောက်ထပ် လှေ့လာဦးမယ်၊ ကျေနပ်တော့မှ ဖေဖေတို့နဲ့ ပေးတွေ့မယ်"

ညနေက မြင့်သူဇော်ကို တွေ့ခဲ့သော်လည်း ပန်းပွင့်ဝေရဲ့ ရင်တဲတွင် မြင့်သူဇော်နှင့် ပတ်သက်သော အတွေးလေး တစ်မျှင်တောင် မရှိပါ။ ပန်းပွင့်ဝေရဲ့ စိတ်အာရုံကို ဖမ်းစားလိုက်သည်က ရဲရင့်ပါ။

* * *

နောက်နေ့ ရုံးတက်သည့်အခါမှာ ရဲရင့်က ပန်းပွင့်ဝေထံမှ ချစ်တုံ့ပြန်စကားကို မပေးသော်လည်း ယခင်ကထက်ပိုပြီး ဂရုစိုက် အလေးထားဆက်ဆံသည်။

သူ ချစ်နေပြီလို့ ပန်းပွင့်ဝေကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြီးပြီမို့ သူ့ခံစားချက်ကို ပေါ်ပေါ်ထင်ထင် ပြနိုင်တော့သည်။

ပန်းပွင့်ဝေကလည်း ရဲရင့်၏ ကြင်နာရိပ်များမှာ ကြည်နူးသာယာနေသည်။ ရဲရင့်ကို တိတိလင်းလင်း အဖြေမပေးသော်လည်း ရဲရင့်အပေါ် ချစ်စိတ်တွေ ဝင်နေပါပြီ။





ရဲရင့်ကို မတုံ့ပြန်မီ ပန်းပွင့်ဝေက ကျော်ဇေယျကို အသိပေးချင်ပါသည်။ ဒါကြောင့် ရုံးပိတ်ရက်မှာ သရဖိနှင့် ကျော်ဇေယျအိမ်ကို သွားသည်။ သရဖိက မြင်သည်နှင့် အပြစ်တင်စကားပြောသည်။

"ပျောက်ချက်သားကောင်းလှချည်လား ပန်းပွင့်"

"ခုတလော အလုပ်များလို့ မရောက်တာပါဟယ်"

"ကိုကျော်နဲ့ ငါ ဒီနေ့ညနေ နင့်ဆီတောင် လာမလို့"

"ငါက ဦးသွားတာပေါ့နော်"

တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာနှင့် ပြေလည်နေသော ကျော်ဇေယျနှင့် သရဖိကို မြင်တွေ့ရ၍ ပန်းပွင့်ဝေက စိတ်ချမ်းသာနေသည်။

"ကိုဇေယျနဲ့ တိုင်ပင်စရာရှိလို့ ပန်းပွင့် လာခဲ့တာ"

"ဘာလဲ ပြောလေ ပန်းပွင့်"

"ပန်းပွင့် အိမ်ထောင်ပြုမလားလို့ စိတ်ကူးတယ်"

"ဟင်... ဟုတ်လား၊ ပန်းပွင့်မှာ ချစ်ရမယ့်သူ ရှိနေပြီလား"

"အင်း ရှိနေပြီ"

"ဘယ်သူလဲ"

"ပန်းပွင့်ရဲ့ အလုပ်ရှင် ကိုရဲရင့်ပါ"

"ပန်းပွင့် သူ့ကို လက်ထပ်မယ်လို့ ကတိပေးပြီးပြီလား"

"ချစ်တယ်လို့တောင် အကြောင်းမပြန်ရသေးဘူး၊ ကိုဇေယျကို အရင်တိုင်ပင်တာ၊ သူက ပန်းပွင့်နဲ့ သင့်မသင့် စုံစမ်းပေးဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"စုံစမ်းစရာ မလိုပါဘူး ပန်းပွင့်ရယ်၊ ကိုရဲရင့်က လူတော် လူကောင်းတစ်ယောက်ပါ၊ ပန်းပွင့်တို့လောက် မချမ်းသာပေမယ့် လူချမ်းသာစာရင်းတော့ ဝင်ပါတယ်"

"အဲ့ဒီချမ်းသာတာ၊ ဆင်းရဲတာကို ပန်းပွင့် ဂရုမစိုက်ဘူး၊ သူ့ရဲ့စိတ်ဓာတ်ကိုပါ"

"ပန်းပွင့် သူ့ဆီမှာ အလုပ်ဝင်ကတည်းက သူ့အကြောင်းကို ကိုယ် စုံစမ်းကြည့်ပြီးပြီ နာမည်ပျက်မရှိဘူး"

"ဒါဆို သူ့ကို ပန်းပွင့် လက်ခံလိုက်ရမလား"

"သူ့ကို မေတ္တာရှိရင် ပန်းပွင့် လက်ခံလိုက်ပါ၊ ကိုယ် သဘောတူပါတယ်"

"ပန်းပွင့် ကိုဖေယျကို ပေးတားတဲ့ကတိ တည်ပါတယ်နော်"

"တည်ပါတယ်၊ ပန်းပွင့်က ထင်တာထက် လိမ္မာတယ်"

"ပန်းပွင့်ရယ်၊ နင် ဒီလို လူကောင်းတစ်ယောက်နဲ့ ဆုံဆည်းတာ ငါ သိပ်ဝမ်းသာတယ်"

သရဖီက ပန်းပွင့်ဝေကို ဝမ်းသာလှိုက်လှဲစွာပြောသည်။

ကျော်ဖေယျတို့အိမ်မှာ အချိန်ကြာမြင့်စွာနေပြီးမှ ပန်းပွင့်ဝေ ပြန်လာခဲ့သည်။ ကျော်ဖေယျက မီးစိမ်းပြလိုက်ပြီ။ မိဘတွေရဲ့ သဘောတူညီမှုကိုလည်း ပန်းပွင့်ဝေ လိုချင်ပါသည်။

သူ့အတွက် မိဘများ နောက်ထပ် စိတ်မဆင်းရဲစေချင်၍ သူ့စန္ဒကို ရှေ့တန်းမတင်တော့ပါ။ ရဲရင့်အပေါ် စိတ်ယိုင်မိသော်လည်း မိဘတွေ မကြည်ဖြူလျှင် ရဲရင့်နှင့် လက်မတွဲပါ။

* * *





မိဘနှစ်ပါး အေးအေးဆေးဆေး စိတ်ကြည်လင်သည့်အချိန်မှာ ပန်းပွင့်ဝေက ရဲရင့်အကြောင်းကို ထုတ်ဖော်ပြောသည်။

"ဖေဖေတို့ကို ပန်းပွင့် တိုင်ပင်စရာရှိလို့ပါ"

"ဘာလဲသမီး ပြောလေ"

"ပန်းပွင့်ကို ကိုရဲရင့်က လက်ထပ်ခွင့်တောင်းနေတယ်"

"ဟုတ်လား၊ သမီးရဲ့ အလုပ်ရှင်လား"

"ဟုတ်ပါတယ်"

"သမီးရဲ့ သဘောကရော"

"ဖေဖေတို့ သဘောတူမှ ပန်းပွင့် သူ့ကို လက်ခံမှာပါ"

ပန်းပွင့်ဝေရဲ့ လိမ္မာမှုကို ဦးသာမြတ်နှင့် ဒေါ်မေရီက ကျေနပ်သွားသည်။

"သမီးက သူ့ကို သဘောကျနေပြီလား"

ဒေါ်မေရီက မေးသည်။ ပန်းပွင့်ဝေက ရှက်မျက်နှာလေးကို ငုံ့လိုက်သည်။

"ဟုတ်ကဲ့ ဒါပေမဲ့ မေမေတို့ ခွင့်မပြုရင် ပန်းပွင့် သူ့ကို လက်မခံပါဘူး"

"သူက သမီးအတွက် တကယ်သင့်တော်တဲ့သူဆိုရင် ဖေဖေ တို့က ခွင့်ပြုမှာပေါ့ကွယ်"

ဦးသာမြတ်က ရဲရင့်သာ သူတို့လိုချင်သည့် အရည်အချင်းနှင့် ပြည့်စုံလျှင် ပန်းပွင့်ဝေကို သဘောတူပေးမည်ဖြစ်သည်။ မြင်သူခေါ်လို



www.burmeseclassic.com

www.burmeseclassic.com



လူစားမျိုးနှင့် ပန်းပွင့်ဝေ နောက်တစ်ကြိမ် ထပ်ပြီးဆုံမှာကို အလွန် စိုးရိမ်နေကြသည်။

"ဖေဖေ သူ့အကြောင်း စုံစမ်းကြည့်ပါဦးမယ်ကွယ်"

"စုံစမ်းကြည့်ပါ ဖေဖေ၊ ဖေဖေတို့ဆီက ခွင့်ပြုချက်မရခင် ပန်းပွင့် သူ့ကို ဘာကတိမှ မပေးပါဘူး"

"ကောင်းပါပြီ သမီးရယ်၊ အခုလို ဖေဖေတို့ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်တဲ့အတွက် ဝမ်းသာပါတယ်ကွယ်"

မိဘများကို ဖွင့်ပြောလိုက်ရ၍ ပန်းပွင့်ဝေရဲ့ စိတ်ထဲတွင် ပေါ့သွားသည်။ ရဲရင့်သည် လူတော်လူကောင်းမို့ ဦးသာမြတ် သဘောတူမှာကို ပန်းပွင့်က ကြိုတင်ပြီးသားပါ။

* * *

ပန်းပွင့်ဝေ ရုံးမှပြန်လျှင် တစ်ခါတရံ ရဲရင့်က လိုက်ပို့ပေးသည်။ ဦးသာမြတ်တို့နှင့်လည်း မကြာခဏ ဆုံတွေ့ဖြစ်သည်။

ဦးသာမြတ်က သူ့ရဲ့ လူယုံကြီး ဦးသိန်းကို ရဲရင့်အကြောင်း စုံစမ်းခိုင်းသည်။ ရဲရင့်ကို ဦးသိန်းက အမှတ်ပြည့်ပေးသည်။

ကျော်ဇေယျကလည်း ရဲရင့် တော်ကြောင်း၊ ကိုယ့်ကျင့်တရား ကောင်းကြောင်းကို ဦးသာမြတ်အား ပြောပြသည်။

ဦးသာမြတ်ကို ပန်းပွင့်ဝေ ဖွင့်ပြီး တိုင်ပင်ပြီး ကာလတစ်ပတ်ခန့် ကြာတော့ ဦးသာမြတ်က ပန်းပွင့်ဝေအား ပြောသည်။

"သမီးကို ဖေဖေတို့ မောင်ရဲရင့်နဲ့ သဘောတူလိုက်ပြီ"





"ပန်းပွင့် ဝမ်းသာလိုက်တာ ဖေဖေရယ်"

"မောင်ရဲရင့်ကို သမီး ရွေး ချယ်လိုက်တာ သိပ်ကိုမှန်ပါတယ် ကွယ်"

"သူ့ကို ဖေဖေတို့ သဘောတူတယ်လို့ ပြောလိုက်တော့မယ် နော်"

"အင်းပါ သမီးရယ်"

ပန်းပွင့်ဝေက ပျော်ရွှင်စွာနှင့် ကုမ္ပဏီကို ရောက်ခဲ့သည်။ ရဲရင့်က ဧည့်သည်တွေနှင့် မအားသေး၍ ပြောခယင်သောစကားကို ချက်ချင်းမပြောဖြစ်ပါ။

ဧည့်သည်တွေ ပြန်သွားတော့ အချိန်က မွန်းပင်လွဲနေသည်။ ထိုအချိန်မှ ပန်းပွင့်ရော ရဲရင့်ပါ အားပြီး ထမင်းစားရန် သတိရတော့ သည်။

"ပန်းပွင့်လေး ဗိုက်သိပ်ဆာနေပြီလား"

"စောစောက အလုပ်တွေနဲ့ ဆာရမှန်းမသိဘူး၊ ခုမှ ဆာလာ တယ်"

"ဒါဆို စားကြစို့"

ပန်းပွင့်ဝေက ပြောမည့်စကားကို မပြောသေးဘဲ နှစ်ယောက် သား ထမင်းအတူစားလိုက်ကြသည်။ စားသောက်ပြီးမှ ပန်းပွင့်ဝေက စကားစလိုက်သည်။

"ကိုရဲရင့် တောင်းတဲ့အဖြေကို ပန်းပွင့် ဘယ်တော့ပေးရမှာ လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်ရယ် ကိုယ်က ပန်းပွင့်ကို သိပ်ချစ်နေတာ၊ အမြန်ဆုံး သိချင်တာပေါ့"

"ခု သိရမယ်ဆိုရင်ကော"

မျက်နှာလေး ပြုံးပြုံးနှင့် ပန်းပွင့်ဝေက မေးသည်။ ရဲရင့်က ပန်းပွင့်ဝေကို စူးရှသောအကြည့်နှင့် စိုက်ကြည့်သည်။

"အတိုင်းထက်အလွန်ပေါ့ ပန်းပွင့်ရယ်၊ ကိုယ့်ကို ချစ်တယ်၊ လက်ခံတယ်ဆိုတဲ့ အဖြေကိုပဲ မျှော်လင့်တာနော်"

"ကိုရဲရင့်ရဲ့ဆန္ဒ ပြည့်ပါပြီ"

"ဟင်... ပန်းပွင့် ကိုယ့်ကို ပြန်ချစ်တယ်ပေါ့"

"ဟုတ်ကဲ့"

"ဝမ်းသာလိုက်တာ ပန်းပွင့်ရယ်"

ရဲရင့်က အသံတွေ လှိုက်ခါအောင်ပင် ဝမ်းသာနေသည်။ စားပွဲပေါ်မှာရှိနေသော ပန်းပွင့်ဝေရဲ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ပန်းပွင့်ရယ်၊ ပန်းပွင့်လေးကို သိပ်ကျေးဇူးတင်တယ်၊ ချစ်လဲ အရမ်းချစ်တယ်"

ရဲရင့် ပျော်ရွှင်နေတာကိုမြင်ပြီး ပန်းပွင့်ဝေကပါ ပျော်ရွှင်နေသည်။ ရင်ထဲမှာလည်း နှလုံးခုန်သံတွေ မြန်နေသည်။ ရဲရင့်ကို သိမ်မွေ့နူးညံ့သော အချစ်များနှင့် သူ ချစ်နေပြီဆိုတာကို ပို၍သိလိုက်ရသည်။





"ညနေ အိမ်ကိုလိုက်ခဲ့နော်၊ မေမေ့ကို ပြောထားတာ၊ ပန်းပွင့် လက်ခံပြီဆိုတာ မေမေသိရင် သိပ်ဝမ်းသာမှာ"

"ဟင်... အမေကို အဲဒါတွေ ပြောထားတယ် ဟုတ်လား"

"ကြိုပြောထားတာပေါ့၊ ပန်းပွင့် လက်ခံတာနဲ့ မေမေက ပန်းပွင့်ရဲ့ မိဘတွေဆီက လိုက်တောင်းပေးမှာ"

"စီမံကိန်းကတော့ အပြည့်ပါပဲလား"

"ကျန်သေးတယ်၊ မကြာခင်မှာ ပန်းပွင့်ကို လက်ထပ်ဖို့ပါ စီစဉ်ထားတယ်"

"ကိုရဲရင့်ကို ပန်းပွင့် လက်ခံမယ်လို့ ကျိန်းသေတွက်ထားတယ်ပေါ့"

"ပန်းပွင့်ရဲ့အချစ်ကို မရမက ရယူမယ်လို့ ဆုံးဖြတ်ထားသော ကျိန်းသေတာပေါ့"

"ကြည့်စမ်း အဲဒီလောက်လည်တာ ခုမှသိရတယ်"

"ဒီနေ့ ကိုယ် အရမ်းပျော်တာ၊ ပန်းပွင့်လေးနဲ့ပဲ အချိန်တွေကို ကုန်ချင်တာ အရေးကြီးတဲ့အလုပ်က ရှိနေသေးတယ်"

"အဲဒီအလုပ်ကို ဦးစားပေးရမယ် ကိုရဲရင့်၊ အဲဒီအလုပ်က ပန်းပွင့်တို့ ရှေ့ရေးအတွက် သိပ်ကို အလားအလာကောင်းတာ"

"ဟုတ်တယ်နော်"

"ကဲ အလုပ်တွေကို စလိုက်ကြရအောင်နော် ကို"

"ဟင်... ပန်းပွင့် ဘယ်လိုခေါ်လိုက်လဲ"

"ကို လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြည်နူး ဆွတ်ပျံ့သောအကြည့်နှင့် ရဲရင့်က ပန်းပွင့်ဝေကို ကြည့်လိုက်သည်။ ထိုအကြည့်က ပန်းပွင့်ဝေကို သိမ်းကျုံးဖက်လိုက်သလို ခံစားလိုက်ရသည်။

"ရုံးခန်းထဲမှာမို့ပေါ့ကွာ၊ နှစ်ယောက်တည်းသာဆိုရင် ပန်းပွင့်လေးကို စိတ်ရှိလက်ရှိ ဖက်လိုက်ပြီ"

"ဟိုးဆရာ ဟိုး၊ ဟိုမှာ လူတွေနဲ့ အလုပ်ကိုပဲ ဆက်လုပ်ကြရအောင်နော်"

"ဟုတ်ကဲ့ပါခင်ဗျာ"

နှလုံးသားရေးရာကို ခဏဘေးဖယ်ထားပြီး နှစ်ယောက်သားအလုပ်တွေကို တွန်းလုပ်လိုက်ကြသည်။ ညနေ အလုပ်က စောစောဆင်းကြသည်။

"ပန်းပွင့်လေး အိမ်ကို နောက်ကျမယ်လို့ ဖုန်းဆက်လိုက်ဦးလေ"

ရုံးခန်းကမထွက်မီ ရဲရင့်က သတိပေးသည်။

"ဟုတ်ကဲ့ ဆက်လိုက်ပါ့မယ်"

ပန်းပွင့်ဝေက ဒေါ်မေရီထံသို့ တယ်လီဖုန်းဆက်ပြီး ရဲရင့်ရဲ့အိမ်ကို လိုက်သွါး၍ နောက်ကျမည့်အကြောင်းကို ပြောလိုက်သည်။

ရဲရင့်ကလည်း သူ့မိခင် ဒေါ်မြသွေးကို ပန်းပွင့်ဝေ ပါလာမည့်အကြောင်းကို ပြော၍ ဒေါ်မြသွေးက ထမင်းပွဲအသင့်နှင့် စောင့်နေသည်။

* * *





# အခန်း (၂၁)

ဒေါ်မြသွေးက အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားထိုးဆိုက်သည်နှင့် ထွက်ကြိုသည်။ ရဲရင့်နှင့် ပန်းပွင့်ဝေက တံခါးစီသို့ယှဉ်တွဲတက်လာသည်။

"သမီးလေးက သား ပြောတာထက်တောင် လှနေသေးတယ်ကွယ်"

ပန်းပွင့်ဝေရဲ့ လက်ကလေးကို လှမ်း၍ဆုပ်ကိုင်ပြီး ဒေါ်မြသွေးကပြောသည်။ ဝဝပြည့်ပြည့်နှင့် အလွန်ကြည်လင်သော မျက်နှာရှိသောဒေါ်မြသွေးကို မြင်မြင်ချင်း ပန်းပွင့်က ခင်သွားသည်။

"ဟယ်... ကိုကိုကြီးခေါ်လာတဲ့ မမက အရမ်းချောတာပဲ"

ဒေါ်မြသွေးနောက်ကနေ ပေါ်ထွက်လာသော ကောင်လေးနှင့်ကောင်မလေးကို ပန်းပွင့် တွေ့လိုက်သည်။ ရဲရင့် ပြောပြထား၍သူ့ညီနှင့် ညီမဆိုတာကို သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုချိုနဲ့ တိုဘိုကလဲ ချစ်စရာလေးတွေပါကွယ်"

"ကိုကိုကြီးက ပြောပြလို့ ချိုတို့ကို မမက သိနေပြီပေါ့"

"ဟုတ်ပါတယ်"

"ကဲ အိမ်ထဲဝင်ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့ကွယ်"

ဧည့်ခန်းထဲမှာ ထိုင်ကြသည်။ ချိုချိုက ပန်းပွင့်ဝေရဲ့ဘေးမှ ကာလပ်ထိုင်သည်။

"မမပန်းပွင့်ကို ကြိုပြောထားရဦးမယ်၊ မမတို့ မင်္ဂလာဆောင်ရင် ချိုက သတို့သမီးအရန် လုပ်မှာနော်"

သူ့ထက် တစ်နှစ်လောက်ငယ်သော ချိုချိုက ကလေးဆန်စွာ ဘူပြောချင်တာကို စွပ်ပြောသဖြင့် အားလုံး ရယ်မိကြသည်။

"မီချိုရယ် ခဏနေပါဦး ဒီမှာ ကိုကိုကြီးတို့ဖြင့် မင်္ဂလာဆောင်အကြောင်း မဆွေးနွေးရသေးဘူး"

"သူများဦးသွားမှာစိုးလို့ ကြိုပြောထားတာ ကိုကိုကြီးရဲ့"

တစ်ဦးတည်းသော သမီးဖြစ်ခဲ့၍ မောင်နှမသားချင်း မရှိခဲ့သော ပန်းပွင့်ဝေက ချိုချိုနဲ့ ဘိုဘိုကို မြင်မြင်ချင်း ခင်တွယ်သွားသည်။

အားလုံး ပျော်ပျော်ပါးပါး စားသောက်ကြပြီး ခေါ်မြသွေးက ပန်းပွင့်ဝေရဲ့ မိဘများထံမတွင် လာရောက်တောင်းရမ်း စေ့စပ်မည့်နေ့ကို သတ်မှတ်လိုက်သည်။

ပန်းပွင့်ဝေ အိမ်ပြန်သည့်အခါ ရဲရင့်က လိုက်ပို့ပေးရင်း ပန်းပွင့်ဝေရဲ့ မိဘများနှင့် တွေ့သည်။





"အန်ကယ်နဲ့ အန်တီတို့ဆီ မေမေက လာပြီးကြောင်းလမ်းချင်လို့ နေ့သတ်မှတ်လိုက်ပါပြီ"

"ဘယ်နေ့လဲကွယ်"

ရဲရင့်က ပြောပြတော့ နေ့ကောင်းရက်သာမို့ ဦးသာမြတ်တို့ကလည်း သဘောတူလိုက်သည်။

* * *

ရုံးအပြန်ကို အမြဲလိုလို ရဲရင့်က ပြန်လိုက်ပို့ပေးသည်။ တစ်ခါတစ်ရံ နှစ်ယောက်သား တစ်နေရာဝင်ပြီး အေးအေးဆေးဆေးမှ ပြန်သည်။

ပန်းပွင့်ဝေနှင့် ရဲရင့်တို့ကို နှစ်ဖက်မိဘက စေ့စပ်ကြောင်းလမ်းပွဲကို စည်ကားစွာ ကျင်းပပေးသည်။ မင်္ဂလာရက်ကို စေ့စပ်ပွဲနှင့် သုံးလခွာ၍ စီစဉ်လိုက်သည်။

"ပန်းပွင့်လေးရေ၊ ဒီသုံးလဆိုတာ ခဏလေးကုန်မှာ၊ အဝတ်အစားတွေဘာတွေ ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မှာနော်"

"ဟုတ်တယ် ကို၊ ပန်းပွင့် ဘာအရောင် ဝယ်ရမှာလဲလင်"

"ပန်းပွင့် ကြိုက်တာရွေးပါ"

"ကို ကြိုက်တာလဲ ပြောလေ"

"ပန်းပွင့်ကိုရဖို့က အဓိကလေ ကျန်တာ ကိုအတွက် အရေးမကြီးပါ၊ ပန်းပွင့်ရွေးတာ ကို ကြိုက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုက ပန်းပွင့်ကို သိပ်အလိုလိုက်တပဲနော်၊ တစ်သက်လုံး အဲ့လို အလိုလိုက်မှာလား"

"အပြောနဲ့မဟုတ်ဘူး၊ လက်တွေ့ပြမှာ၊ စောင့်ကြည့်လေ"

"ကိုက သိပ်သဘောကောင်းတယ်နော်"

"ပန်းပွင့်ကို သိပ်ချစ်တာလို့ပြောရင် ပိုမှန်မယ်၊ ပန်းပွင့်ကရော"

"ချစ်ပါတယ် ကိုရယ်"

"ပန်းပွင့်လေး အလုပ်ကနားချင် နားတော့လေ"

"ဟင့်အင်း ကို့အနားမှာနေချင်လို့ မနားသေးပါဘူး"

"သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေး"

ပန်းပွင့်ဝေရဲ့ပါးကို မနာအောင်ဆွဲလိမ်ပြီး မချဉ်မရဲနှင့် ရဲရင့်က ပြောသည်။

* * *

ပန်းပွင့်ဝေတို့ စေ့စပ်လိုက်သည့်သတင်းကို ကြားပြီး မြင့်သူဇော်က အတော်လေး နေမထိခိုင်မထိ ဖြစ်သွားသည်။ လွန်စွာ မက်စရာကောင်းသော ပန်းပွင့်ဝေကို အပြီးတိုင် ဆုံးရှုံးရတော့မှာကိုသိပြီး အလွန်ခံရခက်နေသည်။

သူကိုယ်တိုင် စားလျှင်စားရ မစားရလျှင် အခြားသူပါးစပ်ထဲ သဲတရှပ်ရှပ်နှင့်ဖြစ်အောင် လုပ်ပစ်ချင်သည့် စေတနာဆိုးတွေ သူ့မှာ ဆူဝေလာသည်။

ပန်းပွင့်ဝေ ရုံးပြန်ကို သွား၍စောင့်ကြည့်သည်။





အမြဲလိုလို ပန်းပွင့်ဝေက ရဲရင့်နှင့်အတူ ပြန်သည်ကိုတွေ့ရ၍ သူ အကြံခက်နေသည်။ တစ်နေ့ သူငယ်ချင်းထံမှ ကားကိုငှားပြီး ပန်းပွင့်ဝေ ရုံးအဆင်းကို သွားစောင့်သည်မှာ အခွင့်အရေးသာသွားသည်။

ပန်းပွင့်ဝေက ထိုနေ့ ရဲရင့် ညှော့သည်များနှင့် ထွက်သွားသည်မို့ တစ်ယောက်တည်းပြန်သည်။ လမ်းမှာ အကြံနှင့်စောင့်နေသော မြင့်သူဇော်ကို သတိမပြုမိပါ။

"ပန်းပွင့် တစ်ယောက်တည်းလား"

ကားတစ်စီး သူ့ရဲ့ဘေးနားကပ်ရပ်ပြီး လှမ်း၍ခေါ်သံကြားမှ မြင့်သူဇော် သူ့အနောက် လိုက်လာသည်ဆိုတာ သိသည်။

"ရှင် မမြင်ဘူးလား"

"မြင်တာပေါ့ ပန်းပွင့်ရယ်၊ ဒါကြောင့် လိုက်ပို့ပေးမလို့"

"မလိုဘူး၊ ကျွန်မဘာသာ ကားငှားပြန်မလို့"

"လာပါ ပန်းပွင့်ရယ်၊ ကိုယ် လိုက်ပို့ပေးပါရစေ၊ ကိုယ့်ကို မိတ်ဆွေတစ်ယောက်လိုတောင် သဘောမထားနိုင်ဘူးလား"

"မထားနိုင်ဘူး၊ ရှင့်ကိုသိပ်ရွံ့သိပ်မုန်းတာ"

ပန်းပွင့်ဝေကို ပြောနေသော နေရာသည် လူပြတ်ပြီး မှောင်ရိပ်တောဝကျနေသည်။ အငှားကားကလည်း မလာပါ။ အကြံသမား မြင့်သူဇော်က ကားပေါ်ကဆင်းပြီး လူရိပ်လူခြေကိုကြည့်သည်။

လူပြတ်သည့်အချိန်မှာ အိပ်ထဲက မေ့ဆေးရည်စွတ်ထားသော လက်ကိုင်ပဝါကိုထုတ်ပြီး ပန်းပွင့်ဝေကို လျှင်မြန်စွာ ချဉ်း[illegible]ချုပ်ကိုင်ပြီး နှာခေါင်းကို အဝတ်စနှင့် ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေခမျာ ရှန်းကန်ချိန် မရလိုက်ဗဲ ပျော့ခွေသတိလစ်သွားသည်။ ပန်းပွင့်ဝေရဲ့ ကိုယ်ကို ပွေ့ချီပြီး ကားထဲထည့်ကာ ခပ်မြန်မြန် မောင်းထွက်လာသည်။

ပန်းပွင့်ဝေအား သူနေသော တိုက်ခန်းဆီသို့ ခေါ်သွားသည်။ မေ့မြော သတိလစ်နေသော ပန်းပွင့်ဝေကို ခုတင်ပေါ်တွင်တင်ထားလိုက်ပြီး ပန်းပွင့်ဝေ သတိရချိန်ကို စိတ်ရှည်လက်ရှည် စောင့်နေသည်။

ပန်းပွင့်ဝေရဲ့ ပိုက်ဆံအိတ်ကိုဖွင့်ပြီး မွှေနှောက်ရှာဖွေသည်။ ရဲရင့်ရဲ့ ဆယ်လူလာဖုန်းနံပါတ်ကို တွေ့ရှိလိုက်သည်။

"ဒီဖုန်းနံပါတ်ရတာ သိပ်ဟန်ကျတာပေါ့"

ဆယ်လူလာဖုန်းနံပါတ်ကို မှတ်ထားလိုက်သည်။ နာရီဝက်လောက်အကြာမှာ ပန်းပွင့်ဝေ သတိရလာသည်။ လူးလွန့်နိုးလာပြီး ပတ်ဝန်းကျင်ကို ရီဝေမှိုင်းပူးသော အကြည့်နှင့် ဝေ့ဝဲကြည့်လိုက်သည်။

သူ့မျက်ဝန်းထဲမှာ မြင့်သူဇော်ရဲ့ ပုံရိပ်က ထင်ဟပ်လာသည်။ အံ့ယာန့်တကြား ပန်းပွင့်ဝေက ကျုံးရုန်းထလိုက်သည်။

"ပန်းပွင့်လေး သတိရလာပြီလား"

မြင့်သူဇော်က အမြင်ကတ်စရာကောင်းလွန်းသော အပြုံးတွေနှင့် ပန်းပွင့်ဝေကို မေးပါသည်။

"လူယုတ်မာ၊ နင် ဒီကို ဘာလာလုပ်နေတာလဲ"

"အဲ့ဒါ ကိုယ်မေးရမယ့်စကားပါ ပန်းပွင့်ရယ်၊ ဒါ ကိုယ့်အိမ်လေ"

"ဟင်... နင့်အိမ် ဟုတ်လား"





"ဟုတ်တယ်၊ ပန်းပွင့်ကိုမေ့ဆေးပေးပြီး ကိုယ် ခိုးလာတာ"

"ဟင် ယုတ်မာပက်စက်တဲ့ကောင်"

ပန်းပွင့်ဝေက အားယူကျုံးထပြီး မြင့်သူဇော်ကို ရင်ဆိုင်လိုက်သည်။ မြင့်သူဇော်က သူ့ကို အတင်းဖမ်း၍ ချုပ်ကိုင်လိုက်သည်။

"မင်းကို ပိုင်ဆိုင်ဖို့ သတိရတဲ့အထိ မနည်းကြီး စိတ်ကိုရှည်ပြီး စောင့်နေရတာ"

"နင့်လို ကောက်ကျစ်ပက်စက်တဲ့လူဆီမှာ ငါ့ဘဝကို အဆုံးမခံဘူး သိလား"

"ဒါဆို စမ်းကြည့်လိုက်လေ"

မြင့်သူဇော်က သရဲသဘက်စီးနေသလို ပန်းပွင့်ဝေကို ပိုင်ဆိုင်ဖို့ အတင်းကြိုးစားသည်။ ရုန်းရင်းကန်ရင်းနှင့် ပန်းပွင့်ဝေ သတိရသွားသည်။

တစ်ချိန်က အပျော်သက်သက်ဖြင့် ဂျူဒိုသင်တန်းကို တစ်လလောက် တက်ဖူးခဲ့သည်။

"ဟုတ်တယ်၊ အဲ့ဒီပညာကို ငါ အခု အသုံးချရမယ်"

ပန်းပွင့်ဝေက တိုက်ကွက်များကို စိတ်ကူးထဲမှာ မှန်မှန်စဉ်းစားပြီး လက်တွေ့အကောင်အထည်ဖော်လိုက်သည်။ မြင့်သူဇော်ကို တစ်ချက်ကိုင်ပေါက်လိုက်ပြီး လဲသွားစဉ်အခိုက်ကို ခပ်ပြင်းပြင်း ခြေထောက်နှင့် သုံးလေးချက် ဆင့်ကန်လိုက်သည်။

ကိုယ်ခန္ဓာ ခပ်ပျော့ပျော့သမား မြင့်သူဇော် ခွေလဲသွားပြီး မြင့်သူဇော် မထနိုင်ခင်မှာပဲ တိုက်ခန်းကနေ ပန်းပွင့်ဝေ ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က ညှိသည်တွေနှင့် တွေ့ဆုံပြီးသည်နှင့် ပန်းပွင့်ဝေထံသို့ ဖုန်းဆက်သည်။ ပန်းပွင့်ဝေရဲ့ ဆဲလ်လူလာဖုန်းက ခေါ်၍မရပါ။

ဦးသာမြတ်တို့ထံ ဆက်ပြီးမေးတော့ အားလုံးအတွက် စိတ်ပူစရာဖြစ်နေသည်။

"သမီး ပန်းပွင့် မင်းနဲ့သွားတာ မဟုတ်လား"

"မဟုတ်ဘူး အန်ကယ်၊ ညနေကတည်းက လမ်းခွဲခဲ့ကြတာပါ၊ သူ အိမ်ကိုပြန်သွားပါပြီ"

"အိမ်ကို ပြန်မရောက်သေးဘူး၊ သမီး တစ်ခုခုများ ဖြစ်နေပြီလား"

သရဖီထံများ ဝင်နေပြီလားဆိုပြီး ဖုန်းဆက်ကြည့်သော်လည်း သရဖီထံသို့ မရောက်လာသည်ကိုသိပြီး ပို၍ စိတ်ပူကုန်ကြသည်။

လမ်းမှာ တစ်စုံတစ်ခု ထိခိုက်မှုတွေများ ဖြစ်လားစိုပြီး ရဲစခန်း၊ ဆေးရုံတို့တွင် စုံစမ်းသော်လည်း မတွေ့ပါ။

"ဒုက္ခပါပဲ ပန်းပွင့် ဘာတွေဖြစ်နေပြီလဲ"

ရုတ်တရက် ရဲရင့် အတွေးထဲသို့ မြင့်သူဇော်ရဲ့ပုံရိပ်က ဝင်လာသည်။

"ဟာ... ဟိုလူယုတ်မာများ ပန်းပွင့်ကို ဒုက္ခပေးနေပြီလား"

ရဲရင့်ရဲ့ တစ်ကိုယ်လုံး ပူပင်သောစိတ်များနှင့် လောင်မြိုက်သွားပါတော့သည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ လမ်းလယ်မှာ ကားကြီးရပ်ပြီး တွေးနေသည်။

* * *



BURMESE CLASSIC .com



ပန်းပွင့်ဝေက လမ်းပေါ်ရောက်တော့ အဆက်မပြတ်ပြေးရင်း အငှားကားကိုရှာသည်။ အလျှဉ်သင့်စွာ အငှားကားတစ်စီးကိုတွေ့၍ ငှားလိုက်သည်။

သည်လို မောပန်းစုတ်ပြတ်နေသော ပုံစံနှင့် အိမ်သို့ မပြန်ချင်၍ ရုံးခန်းသို့ ပြန်သွားသည်။ ရုံးစောင့်ထံမှ ပိုက်ဆံတောင်းပြီး ကားခရှင်းလိုက်သည်။

ပြီးတော့ ရုံးကဖုန်းနှင့် ရဲရင့်ရဲ့ ဆဲလ်လူလာဖုန်းကို ဆက်လိုက်သည်။

"ပန်းပွင့် အခု ဘယ်မှာလဲဟင်၊ ကိုရော မိဘတွေပါ အရမ်းစိတ်ပူနေတယ်"

"ပန်းပွင့် ရုံးခန်းမှာပါ၊ ကိုတစ်ယောက်တည်း လာခဲ့ပေါ်နော်"

"ဘာဖြစ်လို့လဲ"

"ရောက်မှ ပန်းပွင့် ရှင်းပြမယ်း ကို တစ်ယောက်တည်း လာခဲ့ပါ"

"ကောင်းပါပြီ ပန်းပွင့်ရယ်၊ ကို အရမ်းစိတ်ပူနေတယ်"

"စိတ်အေးအေးထားပြီး ကားမောင်းခဲ့ပါ ကို"

"ကောင်းပါပြီး ပန်းပွင့်ရယ်"

ပန်းပွင့်ဝေက မိဘများထံသို့ တယ်လီဖုန်းဆက်လိုက်သည်။ မိဘတွေ စိတ်မပူရန် လိမ်ပြောလိုက်ရပြန်သည်။

"သမီးရယ် ဘယ်တွေလျှောက်သွားနေတာလဲ၊ ဖေဖေရော မောင်ရဲပါ အားလုံး စိတ်ပူနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကွဲကွာနေတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောလို့ ကြာသွားလို့ပါ၊ ခု ပန်းမွှင့် ကိုရဲရင့် ရုံးခန်းမှာပါ၊ အေးအေးဆေးဆေးမှ ပြန်လာမယ်နော်"

"မိုးညိုပ်မချုပ်နဲ့ဦးနော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ပန်းမွှင့်ဝေ ရဲရင့်ရောက်အလာကို စိတ်စောစွာနှင့် စောင့်စားနေသည်။ ကားသံကြားပြီး မရှေးမနှောင်းမှာပင် ရဲရင့် ရုံးခန်းထဲ ဝင်လာသည်။

"ကိုရယ်"

ရဲရင့်ကို မြင်သည်နှင့် ဝမ်းနည်းစွာ ရဲရင့်ရဲ့ ရင်ခွင်ထဲသို့ ပြေးဝင်ပြီး ရှိုက်ကြီးတငင် ငိုလိုက်သည်။ ရဲရင့်က အလွန်ပင် ထိတ်လန့်သွားသည်။ ပန်းမွှင့်ဝေရဲ့ ကိုယ်လေးကို တင်းတင်းပြန်ဖက်ပြီး မေးသည်။

"ရင်ထိတ်လိုက်တာ ပန်းမွှင့်ရယ်၊ ဘာတွေဖြစ်နေလို့လဲ ကိုကို ပြောပါဦး"

"ပန်းမွှင့် ဝမ်းနည်းလို့ပါ ကိုရယ်"

"ဘာဖြစ်လို့လဲဟင်"

"ဟိုလူယုတ်မာ အရမ်းယုတ်မာတယ်"

"ကိုမြင့်သူဇော်လား"

"ဟုတ်တယ်"

"ပြောပါဦး ပန်းမွှင့်၊ သူ ပန်းမွှင့်ကို ဘယ်လိုဒုက္ခပေးပြန်ပြီလဲ"





ပန်းမွှင့်ဝေက ဝမ်းနည်းနေသော သူ့စိတ်ကိုထိန်းပြီး ရှိုက်ငင်မှုကို ကြိုးစားရပ်လိုက်သည်။

"ညနေ ရုံးအပြန် အပြင်မှာစောင့်နေပြီး ပန်းမွှင့်ကို မေ့ဆေးပေးပြီး တိုက်ခန်းကို ခေါ်သွားတယ်"

ပန်းမွှင့်ဝေက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ ရဲရင့်က ခံပြင်းလွန်းစွာနှင့် အံတကြိတ်ကြိတ်နှင့် ဖြစ်နေသည်။

"တောက်... အစုလော ပန်းမွှင့် ဒီကောင်ကို နောက်ထပ် မယုတ်မာရဲအောင် ကောင်းကောင်းကြီး သွားပြီးဆုံးမမယ်"

ရှူးရှူးရှားရှားနှင့် ဒေါသဖြစ်နေသော သူ့ကို ပန်းမွှင့်ဝေ တားရသည်။

"ကိုရယ် သူ့ကို သွားလုပ်ခါမှ ပန်းမွှင့် ပိုပြီး အရှက်တကွဲ အကျိုးနည်းဖြစ်နေပါ့မယ်"

ရှူးရှူးရှားရှား ဒေါသဖြစ်နေသော ရဲရင့်ကို ပန်းမွှင့်ဝေ ပြန်ပြီး ထိန်းလိုက်ရသည်။

"ဒီကောင် နောက်ထပ် မနှောင့်ယှက်ရဲအောင်တော့ ဆုံးမရမယ်"

ရဲရင့်က မကျေနိုင် မချမ်းနိုင်အောင်ပင် ဖြစ်နေသည်။ ပန်းမွှင့်ဝေက ရဲရင့်ကို စေ့စေ့ကြည့်ပြီး မြင့်သူဇော်နှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။

"ဟိုတုန်းက မြင့်သူဇော်အပေါ် ငါ စိတ်လှုပ်ရှားခဲ့တာ သာယာခဲ့တာပါ၊ ငါ တကယ် နှစ်နှစ်ကာကာချစ်တာ ကိုပဲ ခုမှ ငါ ပိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ကူးနှင့်အတူ ရဲရင့် ရင်ခွင်ထဲတိုးဝင်ပြီး ဖက်ကာ လေးလေးနက်နက် ပြောလိုက်သည်။

"ကိုရယ် ကို့ကို ပန်းပွင့် သိပ်ချစ်တာပဲ"

"ပန်းပွင့်လေးရယ်၊ ကိုလဲသိပ်ချစ်တာပေါ့၊ ပန်းပွင့် ဒီလို ပျောက်နေတာသိတော့ ရူးမတတ် ကိုယ် ခံစားရတယ်"

"ပန်းပွင့်လဲလေ သတိရတော့ သူ့တိုက်ခန်းမှာဆိုတာ သိလိုက်ရတော့ သေမတတ် ကြောက်လန့်သွားတာ၊ ဒါပေမဲ့ လွတ်မြောက်အောင် ကြိုးစားဖို့စိတ်ကို မနည်းကြီး တင်းထားရတယ်"

"ကို"

"ဘာလဲဟင်"

"ပန်းပွင့်ကို ဘာဖြစ်ခဲ့လဲ မမေးတော့ဘူးလား"

"အခုပဲ ပန်းပွင့် ပြောပြီးပြီလေ"

"မဟုတ်ဘူးလေ ကိုရဲ့ ဟိုလူယုတ်မာ ပန်းပွင့်ကို ကိုယ်ထိလက်ရောက် ကျူးလွန်မိလား ဆိုတာလေ"

"အဲ့ဒါတွေ ကို ဂရုမစိုက်ဘူး၊ ပန်းပွင့် ကို့ဆီရောက်လာပြီပဲ"

"တကယ်လို့ ပန်းပွင့် တစ်ခုခုဖြစ်လာရင် ကို ပန်းပွင့်ကို လက်ထပ်ရဲပါ့မလား"

"ပန်းပွင့်ရယ် ကိုယ့်မေတ္တာကို အထင်သေးလှချည်လား၊ ပန်းပွင့် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကို ကြည်ဖြူမယ် စိတ်သန့်မယ်ဆိုတာ ယုံသင့်တယ်"

ရဲရင့် ထိုသို့ပြောလိုက်၍ ပန်းပွင့်ဝေ ရင်ထဲမှာ ဖော်မပြနိုင်အောင် ကြည်နူးသွားသည်။





"ပန်းပွင့် ဘာမှမဖြစ်ခဲ့ပါဘူး ကိုရယ်၊ ကိုယ်ခံကျူဒို ပညာလေး နည်းနည်းတတ်ထားတော့ အသုံးဝင်သွားတယ်"

"ဟုတ်လား၊ သူ့ကို ပန်းပွင့် ချခဲ့တာပေါ့"

"ကောင်းကောင်းကို တီးပစ်ခဲ့တာ၊ အဲ့ဒီအချိန်မှာ အနားမှာ သေစေလောက်တဲ့ လက်နက်ရှိရင် သူ့ကို သတ်မိမှာပဲ"

"တော်ပါသေးရဲ့ ပန်းပွင့်လေး ဘာမှမဖြစ်လို့၊ သူ့ကိုသတ်မိရင်ပြဿနာ မလွယ်ဘူး"

"ဟုတ်တယ် ကိုရယ်"

ပန်းပွင့်ဝေတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး ကြင်နာယုယစွာ ဖက်တွယ်လိုက်သည်။

"ကို့ကို တစ်ခုပြောရဦးမယ်"

"ပြောလေ"

"ပန်းပွင့်လေ တစ်ချိန်တုန်းက စိတ်လှုပ်ရှားပြီး သာယာခဲ့မိတာကို အချစ်စစ်လို့ ထင်ခဲ့တယ်သိလား"

"ခုရော"

"ခု ကို့ကိုချစ်တဲ့ အချစ်နဲ့ နှိုင်းယှဉ်ကြည့်လိုက်တော့မှ ကို့ကိုချစ်တဲ့အချစ်က နက်ရှိုင်းတယ်၊ ခိုင်မြဲတယ်၊ လေးနက်တယ် ဆိုတာ သိလိုက်ရပြီ"

"ဟုတ်ပြီ ဆက်ပြော"

ပြုံးလဲ့ကြည်လင်နေသော မျက်နှာနှင့် ရဲရင့်က ပန်းပွင့်ဝေရဲ့ မျက်နှာဖူးဖူးလေးကို ငုံ့ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့်လေ ကိုကိုသိပ်ချစ်တာ၊ အဲ့ဒီအချက်က တစ်နေ့ထက် တစ်နေ့ တိုးလာပြီ"

"ဟော့ဒီရင်ထဲမှာ မဆုံဘဲ ဖိတ်ကျလာပါဦးမယ်"

"ဟုတ်တယ်၊ ဖိတ်ကျပြီး ပင်လယ်ကြီးလိုဖြစ်သွားမှာ၊ အဲ့ဒီ မေတ္တာရေထဲမှာ ကိုက လက်ပစ်ကူးပေါ့"

"ကူးမှာ မမောတမ်း မပန်းတမ်း ကူးနေမှာ"

"ဒါကြောင့်လေ ပန်းပွင့်က ကိုကို ဘွဲ့လေးတစ်ခု ထပ်ပေးမလို့"

"ဘာဘွဲ့လဲ"

"ပန်းသခင်လေ ပန်းပွင့်ရဲ့ အသည်းအသက်နဲ့ ဘဝတစ်ခုလုံးကို ပိုင်ဆိုင်မယ့် ပန်းသခင်ပေါ့"

"ဟာ... ကောင်းလိုက်တဲ့ ဘွဲ့လေး၊ ဒီဘွဲ့လေးကို ထာဝရ ကျေနပ်စွာနဲ့ ကိုရင်ထဲမှာ သိမ်းထားလိုက်ပါမယ်ကွယ်"

"ပန်းသခင်ရယ် ပန်းပွင့် အရမ်းကို ချစ်လိုက်မိပါပြီရှင်"

ထာဝရ လေးစားချစ်ခင်လျက်
မိုးစာလျှန်းဆေ



BURMESE CLASSIC .com
www.burmeseclassic.com